

ဝင်းငြိမ်း
စာပေလူကြမ်းမင်းသားအောင်သင်းနှင့် တွေ့ဆုံခြင်း
mmcybermedia .com

mmcybermedia .com

ဝင်းငြိမ်း

# စာပေလူကြမ်းမင်းသားအောင်သင်းနှင့် တွေ့ဆုံခြင်း



Typing - Shougon & Junepankant

*Proof & PDF* - Shougon

**ဝင်းငြိမ်း**

**စာပေလူကြမ်းမင်းသားအအောင်သင်းနှင့်**

**တွေ့ဆုံမေးခြင်း**


**တန်ဖိုး**

(၆၅) ကျပ်

**စာမူခွင့်ပြုအမှတ်**

၄၆၂/၉၅ (၈)

**မျက်နှာဖုံးခွင့်ပြုအမှတ်**

၆၂၅/၉၅ (၁၀)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

**စာအုပ်ရေ**

၁၀၀၀ အုပ်

**ထုတ်ဝေသည့်ကာလ**

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးမြင့်ဦး (၀၃၃၈၄)

မြသဇင် ရောင်စုံပုံနှိပ်တိုက်

(၁၉၉)၊ (၅၁) လမ်း၊ ရန်ကုန်မြို့

**အတွင်းပုံနှိပ်သူ**

ဒေါ်မမ (အောင်ဥက္ကလာ ပုံနှိပ်တိုက်) (၀၂၁၄၃)

(၁၄၁) အခန်း (၄)၊ (၃၇) လမ်း၊ ရန်ကုန်။

**ထုတ်ဝေသူ**

မောင်ဟန် (၀၈၇၆)၊ ကမ္ဘာလုံးစာပေ

(၂၅၉)၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံ၊ ရန်ကုန်

**ကွန်ပျူတာ**

မြသဇင် ကွန်ပျူတာ


mmcybermedia.com

## အောင်သင်း၏အမှာစာ

မန္တလေး စာအုပ်တိုက်က ဤတွေ့ဆုံခန်းကို ထုတ်ဝေချင်ပါသည် ဆိုတော့ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလိုက်ပါသည်။ ဝမ်းမြောက်ဝမ်းသာ ဆိုသည်ကို သာမန် ဝတ်ကျေတမ်းကျေ ပြောလိုက်ခြင်း မဟုတ်ပါ။ တကယ့်ကို ဝမ်းမြောက်မိခြင်း ဖြစ်ပါသည်။ အကြောင်းက ကျွန်တော်ကိုယ်တိုင်က ပြန်ပြီးထုတ်ချင်သောကြောင့် ဖြစ်သည်။ ကိုဝင်းငြိမ်းကိုပင် တစ်ခါက နှုတ်ဖြင့် ခွင့်ပြုချက် တောင်းခဲ့ဖူးပါသေးသည်။ သို့သော် တကယ်အားထုတ် ဆောင်ရွက်ခြင်း မပြုနိုင်ခဲ့။ ယခု မန္တလေးစာအုပ်တိုက်က လုပ်ဆောင်သောကြောင့် အကောင်အထည်ပေါ်လာသည့်အတွက် ကျေးဇူးတင် ပါသည်။

ဤတွေ့ဆုံခန်းကို ပြန်ပြီးဖတ်လိုက်ရတော့ ရှေးဟောင်း နှောင်းဖြစ်တွေကိုလည်း ပြန်ပြီး သတိရမိပြန်သည်။ ဝင်းငြိမ်းကလည်း တွေ့ဆုံခန်း တံခွန်စိုက်ခဲ့သူပီပီ ကျွန်တော့်အား နယ်စုံအောင် မေးခဲ့သည်။ ပရိသတ်သိထိုက်သည် ထင်သမျှကိုလည်း နှိုက်ထုတ်ပေါ်လွင်စေခဲ့သည်။ အခြေခံအယူအဆ အတွေးအခေါ်များကိုလည်း ဆွဲထုတ်ခဲ့သည်။ ထိုစဉ်ကာလ ဂယက်ရိုက်နေမှုများနှင့် ပတ်သက်၍ ကျွန်တော့် အယူအဆကိုလည်း ပွင့်ထွက်လာအောင် လုပ်ခဲ့သည်။ ဤသို့နှင့်ပင် ၅ လလောက် ဆက်တိုက် ထည့်ခဲ့ရသည်။ အရှည်ကြာဆုံးတွေ့ဆုံခြင်း ဖြစ်သွားသည်ဟု ထင်သည်။ ကျွန်တော်လည်း “**စာပေလူကြမ်းမင်းသား**” ဟူသော အမည်တွင်သွားခဲ့ ပါလေတော့ သည်။

“စာပေလူကြမ်းမင်းသား” ဟူသော စကားစပ်မိလာသောကြောင့် သတိရမိတာကလေးတွေ ရှိသေးသည်။ စာပေလောကအတွင်းက မဟုတ်ဘဲ ကျွန်တော့်ကို ချစ်ကြသော စာသင်တပည့်တချို့က “လူကြမ်းမင်းသား” ဟူသော စကားလုံးကို မကျေမနပ်ဖြစ်ခဲ့ကြသည်ကို သတိရမိသေးသည်။ သူတို့က ကလေးတွေဆိုတော့ ဝင်းငြိမ်း၏ ဆိုလိုချက်ကို မနည်းပြန်ပြီး ရှင်းပြရသည်ကိုလည်း သတိရနေမိသေးသည်။ နောက်တော့ သူတို့ကိုယ်တိုင်ကပင်လျှင် တစ်ခါတစ်ရံ “စာပေလူကြမ်းမင်းသားကြီး” ဟု ကျွန်တော့် ကို ချစ်ခင်စွာ ခေါ် လာ တတ်ကြသည်။

ကျွန်တော်အထက်တွင် ဆိုခဲ့သည့်အတိုင်း ဝင်းငြိမ်းက သူသိလိုသမျှ (ပရိသတ်သိသင့်သည်ထင်သမျှ) ကို နယ်စုံအောင် မေးခဲ့သည်။ ကျွန်တော်ကလည်း တတ်နိုင်သမျှ ကြိုးစားပြီး ဖြေခဲ့ပါသည်။ ကျွန်တော့်အဖြေများ သင့်သည် မသင့်သည် ကိုတော့ဖြင့် စာဖတ်သူများကိုယ်တိုင် ချင့်ချိန်ပြင်ဆင် ဖြည့် စွက်ကြရမည်သာ ဖြစ်ပါ သည်။

နိဂုံးချုပ်အားဖြင့် စာအုပ်ဖြစ်မြောက်အောင် ထုတ်လုပ်ပေးသည့် မန္တလေးစာအုပ်တိုက်ကို ကျေးဇူးတင်ပါသည်။ ထို့ပြင် ရရှိသည့် စာမူခကို တစ်ဝက်ခွဲပြီး ကျွန်တော့်အား ပေးရှာသေးသည့် ဝင်းငြိမ်းကို ကျေးဇူးတင်ပါသည်။ ဤနေရာမျိုးတွင် ငွေကြေးအရာထက် အသိအမှတ်ပြုခြင်းကို ပိုမိုခံစား ကျေးဇူးတင်ခြင်းသာဖြစ်ကြောင်း အထူးပြောနေစရာ မလိုတော့ပြီ။

**အောင်သင်း**

mmcybermedia.com

## စာပေလူကြမ်းမင်းသားနှင့်တွေ့ဆုံပေးခြင်း

စာပေမှာ သူ့ကို မလိုသူတွေက

**"လူကြမ်း"** တစ်ယောက်လို မြင်ကြတယ်။

သူ့ထိုးနက်ချက်တွေကလည်း ပြင်းတယ်။

တိုက်ရိုက်အထိုးခံရတဲ့သူများက

သူ့ကိုမြင်ရင် သွားဖြဲပြကြပေမယ့်

ရင်ထဲမှာတော့ ဆဲနေမှာ အမှန်ပဲ။

ဒါပေမယ့် တကယ်အကျိုးရှိတဲ့

စာဖတ်ပရိသတ်အတွက်ကတော့ သူဟာ **"မင်းသား"** ပါ။

စာဖတ်ပရိသတ်အတွက်

အကျိုးရှိရာရှိကြောင်း

စာပေတွေကို ညွှန်ပြတယ်။

လမ်းခင်းပေးတယ်။

လက်သင်ကလောင်သစ်တွေဆိုရင်

သူ့စာပေတွေဟာ စာပေလောကထဲ

ချောချောမွေ့မွေ့ ဝင်နိုင်အောင်

လမ်းခင်းပေးတဲ့ ကျောက်ခဲတွေလို

အသုံးဝင်လှပါတယ်။

ဒါကြောင့် ကျွန်တော်က သူ့ကို

လူကြမ်းမင်းသားလို့

ဆိုလိုက်တာပါပဲ။

သူက... ဝေဖန်ရေးဆရာလို့

စာဖတ်ပရိတ်သတ်များ သိထားကြတဲ့

**ဆရာအောင်သင်းပါ။**

**********************************************************

mmcybermedia.com

ဆရာအောင်သင်းနဲ့ တွေ့ရမယ်ဆိုတော့ နယ်ပယ်ကျယ်ကျယ်ဝန်းဝန်း ဆွေးနွေးခွင့်ရမယ်ဆိုတဲ့ အသိကြောင့် စာတည်းအဖွဲ့ကို အချိန်ကန့်သတ် ပိုင်းခြားမပေးပါနဲ့လို့ ကြိုတင် မေတ္တာရပ်ခံထားခဲ့ပါတယ်။ ဆရာနဲ့ပြောစရာ ကိစ္စက များတယ်လေ။ စာဖတ်ပရိသတ် တော်တော်များများက မေးဖူးတယ်၊ ဆရာအောင်သင်းနဲ့ ဘာကြောင့် တွေ့မပေးသေးတာလဲတဲ့၊ ဆရာနဲ့တွေ့ဖို့သင့်တာ ကြာပြီလို့ ဆိုကြတယ်၊ ဟုတ်ပါတယ်၊ ဆရာနဲ့တွေ့သင့်ပြီလို့ ကျွန်တော်တို့က ယူဆပေမယ့် ဆရာကိုယ်တိုင်က စောပါသေးတယ်ဗျာ၊ တခြားသူတွေနဲ့ တွေ့ပါဦးလို့ ခဏခဏ ဆိုဖူးခဲ့တာကြောင့် မတွေ့ဖြစ်ခဲ့သေးတာပါ။

ဝတ္ထုရေးဆရာ၊ ကဗျာဆရာတွေဘက်ကနေ ဝေဖန်ရေးဆရာဘက် ဦးမလှည့်နိုင်တာ ကြာပြီမို့ ဒီလတော့ ဆရာ့အလှည့်ပဲလို့ ကျွန်တော်တို့ ဝိုင်းပြော ကြတော့ ဆရာခေါင်းညိတ်လိုက်တယ်၊ အယ်ဒီတာအဖွဲ့က ဓာတ်ပုံရိုက်ပြီးပြီ။ ကျွန်တော်က မေးဖို့အဆင်သင့် မဖြစ်သေးဘူး၊ ပေဖူးလွှာမှာ တွေ့ဆုံမေးခြင်း ဆိုတာက စာရေးဆရာတစ်ယောက်အတွက် တစ်ကြိမ်ပဲကြုံနိုင်တဲ့ အခွင့်အရေးဖြစ်သလို ကျွန်တော့်အနေနဲ့လည်း တစ်ခါပဲ မေးခွင့်ရနိုင်တာကြောင့် ပြည့် ပြည့်စုံစုံ ဖြစ်ချင်တယ်။ ဒါကြောင့် အချိန်ယူနေတာပါ။ ဆရာနဲ့ ဆုံဖြစ်ကြတော့ စက် တင်ဘာလလယ် ရောက်နေပြီ။

ဘာက စမေးရမလဲ။

စာပေနယ်ထဲ ဝင်ရောက်လာပုံမျိုးက စ,မမေးချင်ဘူး။

လောလောဆယ် ဂယက်ထနေတဲ့ ကိစ္စမျိုးတွေကို အရင်မေးချင်တယ်။ ဒါကြောင့်.....

*************************************************************

mmcybermedia.com

**"ဆရာကြီးတစ်ယောက်က ပြောဖူးတယ်။ 'စကားပြောကောင်းလို့ စာရေးဆရာဖြစ်လာတဲ့ အောင်သင်း' တဲ့၊ ဟုတ်သလားဆရာ၊ စကားပြောကောင်းရင် စာရေးဆရာဖြစ်နိုင်သလား၊ စာရေးဆရာတိုင်းကောစကားပြောကောင်းကြပါသလား။ ဒါ... ကျွန်တော် ပထမဆုံးသိချင်ပါတယ်"**

"အဲဒါကဒီလို ကိုဝင်းငြိမ်းရ၊ စကားပြောကောင်းတာကို တကယ်ခွဲမယ် ဆိုရင် သုံးလေးမျိုးလောက် ရှိလိမ့်မယ်၊ ဥပမာ...ခင်ဗျားနဲ့ကျွန်တော် ခုလိုနှစ်ယောက်ချင်း စကားပြောတယ်၊ ဒါကထိုင်ပြောပေ့ါ၊ လက်ဖက်ရည်ဝိုင်းတွေ ဘာတွေမှာ စကားပြောတယ်၊ အဲဒါမျိုးက တစ်မျိုး၊ နောက်တစ်မျိုးက ပရိသတ်ရှေ့ စင်မြင့်ပေါ်မှာ စကားပြောကောင်းတယ်၊ အဲဒါကတစ်မျိုး၊ အခုပြောတာက ကျွန်တော့်ကို စင်မြင့်ပေါ်မှာ စကားပြောကောင်းတာနဲ့ ပတ်သက်ပြီး ပြောတာလို့ ယူဆတယ်၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ပြောတာမျိုးနဲ့ မပတ်သက်ဘူးထင်တယ်၊ အဲဒီတော့ စင်မြင့်ပေါ်မှာ စကားပြောကောင်းတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နယ်သတ်မှတ်ပြီး ပြောကြရအောင်...

စင်မြင့်ပေါ်မှာ စကားပြောကောင်းတယ် ဆိုတာကလည်း နှစ်မျိုးသုံးမျိုး ရှိတယ်၊ တစ်မျိုးက အာဝဇ္ဇန်း ကောင်းတာ၊ နောက်တစ်မျိုးက လှုံ့ဆော်တာ၊ ပရိသတ်ကို တက်ကြွလာအောင် တစ်ခုခုပေါက်ကွဲသွားအောင် ပြောတာမျိုး၊ ဒါမျိုးကျတော့ အကျိုးအကြောင်းတွေ ပါပါ မပါပါ၊ အလင်္ကာတွေ စကားတန်ဆာတွေနဲ့ ဆင်ပြီးတော့ အော်တာဟစ်တာမျိုး၊ အဲဒါမျိုးမှာလည်း အပြောကောင်းတဲ့သူတွေ ရှိတယ်၊ နောက်တစ်မျိုးကတော့ အဲဒါမျိုး မဟုတ်ဘဲ အကျိုးသင့် အကြောင်းသင့် ပြဿနာတစ်ရပ်ကို အဆိုတစ်ခုကို တင်ပြတယ်၊ အဲဒါမျိုးမှာ အ ပြောကောင်းတဲ့သူလည်း ရှိတယ်...

ကျွန်တော်တွေ့ဖူးသလောက်တော့ စကားပြောကောင်းတဲ့နေရာမှာ နားထောင်လို့ကောင်းတဲ့ အာဝဇ္ဇန်းကောင်းတဲ့ သူတွေဟာ စာရေးတဲ့နေရာမှာ ကောင်းခဲတယ်၊ ဒါမျိုးက တွေ့ရခဲတယ်၊ ဥပမာ... ကျွန်တော့် အတွေ့အကြုံအရ ပြောရရင် ကျွန်တော်တို့ ခပ်ငယ်ငယ်က တက္ကသိုလ်မှာ စာသင်ခဲ့ကြတဲ့ ဆရာကြီးတွေဟာ အတန်းထဲမှာ စကားပြော သိပ်ကောင်းတယ်၊ စာသင် သိပ်ကောင်းတယ်၊ ရယ်လည်း ရယ်ရတယ်၊ သွက်သွက်

mmcybermedia .com

လက်လက်လည်း ရှိတယ်၊ သူတို့က အာဝဇ္ဇန်း ကောင်းတာပဲ၊ ဒါပေမယ့် တကယ်တမ်း စာချရေးပြီဆိုတော့ သူတို့စာတွေဟာ သိပ်မကောင်းတော့ဘူး၊ တချို့ကျတော့ စာသင်တဲ့နေရာမှာ ကောင်းလှချည်ရဲ့လို့ မဟုတ်ဘူး၊ သိပ်ပြီး တက်တက်ကြွကြွ မရှိဘူး၊ ဒါပေမယ့် အကျိုးသင့်အကြောင်းသင့် ပြောပြတဲ့နေရာမှာ အင်မတန် စီးစီးပိုင်ပိုင် ရှိတယ်၊ အဲဒီလို လူတွေ စာချရေးလိုက်တဲ့အခါကျတော့ သိပ်ကောင်းတယ်...

လုံ့ဆော်တဲ့စကားမျိုး အပြောကောင်းတဲ့ သူကတော့ စာရေးတဲ့နေရာမှာ ကောင်းချင်ကောင်းမယ်၊ မကောင်းချင်မကောင်းဘူး၊ သို့သော် အဲဒီလှုံ့ဆော်မှု ကောင်းတဲ့ သူတွေဟာ စာရေးကောင်းတဲ့သူ ဖြစ်ဖို့ရာ ခက်တယ်လို့ ကျွန်တော် ထင်ပါတယ်၊ စင်ပေါ်ကနေ လှုံ့ဆော်ပြောရတာက ရုတ်တရက်ပြောရတဲ့ စကားမျိုး၊ အကျိုးအကြောင်း သိပ်ပြီး ပါချင်မှပါမယ်...

အဲဒီတော့ စာရေးကောင်းတယ်ဆိုတာ အကျိုးသင့် အကြောင်းသင့် ပြောတတ်တဲ့သူတွေ၊ ပြဿနာတစ်ရပ် အဆိုတစ်ခုကို ရှင်းလင်းသွားအောင် ပြောတတ်တဲ့ လူတွေဟာ စာချရေးလိုက်ရင်၊ အဲဒီလို အကျိုးသင့် အကြောင်းသင့် ရေးလိုက်ရရင် လွယ်လွယ်ကူကူ ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ ဥပမာ ကျွန်တော့် ကိုယ်တွေ့ပြောရရင် ကျွန်တော်က စာပေဟောပြောပွဲတွေမှာ ပြောရင် (ကိုဝင်းငြိမ်းတို့လည်း နားထောင်ဖူးမယ် ထင်ပါတယ်) ပြဿနာတစ်ရပ် သို့တည်းမဟုတ် အဆိုတစ်ခုကို သက်သေသာဓကတွေနဲ့ပြပြီး အကျိုးသင့်အကြောင်းသင့် ပြောတယ်၊ စာရေးတဲ့ နေရာမှာတော့ သိပ်ပြီး များများစားစား ရေးလို့မရဘူးပေါ့ဗျာ၊ အပြင်မှာ ပရိသတ်ကိုပြောရတဲ့ အခါကျတော့မှ သရုပ်ပြပုံစံတွေ၊ သာဓကတွေ၊ ကိုယ်တွေ့အဖြစ်အပျက်တွေ၊ အများသိနိုင်တဲ့ အဖြစ်အပျက်တွေကို ပုံစံပြပြီး ထည့်ထည့်သွားတဲ့အခါကျတော့ ပိုပြီး ကျယ်ကျယ်ဝန်းဝန်း ပြောလို့ရတာပေါ့...

ဒါပေမယ့် အားလုံးပြန်ချုပ်လိုက်ရင် ကျွန်တော်ဟာ ဘယ်တော့မဆို အကျိုးအကြောင်းနဲ့ ပတ်သက်တဲ့ စကားမျိုးကိုသာ ပြောလေ့ရှိပါတယ်၊ ဒါကြောင့် ကျွန်တော့်အဖို့မှာတော့ စာချရေးလိုက်ရင်လည်း သိပ်ပြီး ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း မရေးရပါဘူး၊ သို့သော် ဒါ ကျွန်တော့်နယ်ကိုပဲ ပြောတာ၊ ကျွန်တော့်ကို ပရိသတ် လွှမ်းလောက်အောင် ဝတ္ထုတစ်ပုဒ် ဖွဲ့နွဲ့ပြီး ပြောစမ်းပါဆိုရင် ကျွန်တော် ပြောချင်မှ ပြောတတ်ပါလိမ့်မယ်၊ ဆိုလိုတဲ့အဓိပ္ပာယ်က နယ်ကွာတယ် ဆိုတဲ့ သဘောပါပဲ၊ ပြောတဲ့ အကြောင်းအရာချင်း ကွာတယ်ဆိုတဲ့ သဘောပါ...

ကောင်းပြီ၊ အဲဒါက ကျွန်တော့်ကို စကားပြောကောင်းတဲ့ လူတစ်ယောက် အဖြစ်နဲ့ သူက ရေးတာပေါ့လေ၊ ကိုဝင်းငြိမ်းကလည်း အဲဒါကို မေးတာပေါ့လေ၊ လူတော်တော်များများကလည်း ကျွန်တော့်ကို စကားပြောကောင်း တယ်လို့ သတ်မှတ်ကြတဲ့အတွက် စကားပြောကောင်းတဲ့ သူတစ်ယောက်နေရာကနေ ပြောကြည့်တာပါ၊ ကောင်းပြီ၊ ဒါဖြင့် အရေးကောင်းတဲ့ သူတိုင်းကော အပြောကောင်းကြပါသလား၊ ကျွန်တော်တို့ စာရေးဆရာတွေ အရေးကောင်း ကြပါတယ်၊ ဒါပေမယ့် စင်ပေါ်တက်ပြီး စကားကောင်းကောင်း မပြောနိုင်တဲ့သူတွေ တစ်ပုံကြီးပါ၊ ပထမဦးဆုံး သာဓကပြရရင် ဆရာကြီး ရွှေဥဒေါင်း၊ သူကိုယ်တိုင် ပြောခဲ့ပါတယ်၊ သူ့ကို ပြောကြတယ်တဲ့၊ ခင်ဗျားက တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲ၊ သူရသသတီက သူများတွေနှုတ်မှာ ကပ်တယ်၊ ခင်ဗျားကိုတော့ လက် မှာလာတွေ့တယ်၊ အဲဒီလို အပြောခံရလောက်အောင် အရေးကောင်း သလောက် ပြောတာမှာတော့ အင်မတန်ညံ့တဲ့ပုဂ္ဂိုလ်လို့ သူ့ကိုယ်သူ ဝန်ခံပါတယ်၊

mmcybermedia.com

အဲဒီလိုပဲ ဆရာဇေယျလည်း အပြောမကောင်းပေမယ့် ရေးတာကျတော့ ရှင်နေတာပဲ၊ အဲဒီတော့ အရေးကောင်းတိုင်း အပြောမကောင်းနိုင်ပါဘူး၊ ဒါပေမယ့် ကျွန်တော် စဉ်းစားမိတာ တစ်ခုတော့ ရှိပါတယ်၊ ကျွန်တော့်ကိုယ် ကျွန်တော်လည်း တွက်မိပါတယ်၊ ပြောတာက အလေ့အကျင့်နဲ့လည်း ဆိုင်တယ်လို့ ထင်ပါတယ်၊ ဆရာကြီး ရွှေဥဒေါင်းကို ဒီလိုပြောဖို့အတွက် အလေ့အကျင့်များများ လုပ်ပေးလိုက်ရင် သူ အပြောကောင်းတဲ့ ပုဂ္ဂိုလ် ဖြစ်ချင်ဖြစ်လာမှာပေါ့၊ အခု တွေ့နေရတဲ့ အခြေအနေအရ တထစ်ချ ပြောနိုင်တာကတော့ အပြောကောင်းတိုင်း အရေးမကောင်းဘူး၊ အရေးကောင်းတိုင်းလည်း အပြောမကောင်းဘူး၊ တချို့ကျတော့ အရေးလည်း ကောင်းတယ် အပြောလည်း ကောင်းတယ်၊ တချို့ကျတော့ အရေးလည်းမကောင်းဘူး အပြောလည်းမကောင်းဘူး၊ ဒါလဲရှိတာပေါ့ဗျာ၊ ဒါလောက်ဆိုရင် ကိုဝင်းငြိမ်း ကျေနပ်ပြီ ထင်ပါတယ်”

**“လောလောဆယ် ဂယက်ထနေတဲ့ ပြဿနာတစ်ခုနဲ့ ပတ်သက်ပြီး ကျွန်တော် မေးချင်ပါတယ်၊ ‘အောင်သင်းကိုကြည့်၊ သူ့မူလအလုပ်က ကျောင်းဆရာ၊ အခု သူ အလုပ်ထွက်ပြီး စာပေဆေဖန်ရေးဆင်ရေးတော့ ဝေဖန်ရေးကလောင်တစ်ချောင်းတိုးလာတာပေါ့..’ အဲဒီသဘောမျိုးဖတ်ရဖူးတယ်၊ အဲဒီတော့ စာရေးဆရာကောင်းတစ်ယောက်ဖြစ်ဖို့အတွက် နိုင်ငံ့ဝန်ထမ်းဘဝကို စွန့်သင့် မစွန့်သင့်... ဆရာ ဘယ်လိုယူဆပါသလဲ”**

“ဒီမေးခွန်းက တော်တော်ကျယ်ဝန်းတဲ့ မေးခွန်းပါ၊ နောက်ပြီးတော့ ဒီအယူအဆက စာပေလောကမှာ တော်တော်ကလေး ဂယက်ရိုက်နေတော့ ကျွန်တော် ကျယ်ကျယ်ပြန့်ပြန့် ပြောချင်ပါတယ်၊ ကျွန်တော့် အယူအဆကို ပြောမှာပါ၊ ကျွန်တော့်ကို အလုပ်က ထွက်လိုက်တော့မှ အောင်မြင်တယ်လို့ ယူဆကြတယ်၊ မဟုတ်ပါဘူး...

အဲဒီတော့ ကျွန်တော်တို့ အောင်မြင်တယ်ဆိုတာ ဘာလဲဆိုတာ ပြန်ပြီး တွက်ကြည့်ကြရအောင်၊ အောင်မြင်တယ်ဆိုတာ နှစ်မျိုးရှိတယ်၊ စာများများရေးနိုင်လို့ နာမည်ကျော်စောကိတ္တိ ရှိလာတာက တစ်မျိုး၊ နောက်တစ်မျိုးက ငွေရေးကြေးရေး ဝင်ငွေအရ အောင်မြင်လာတာက တစ်မျိုးပေါ့...

ကျွန်တော်က အလုပ်ကထွက်တာ မဟုတ်ဘူး၊ မထွက်ချင်ဘဲနဲ့ ထွက်ပစ်လိုက်ရတာ၊ ကျွန်တော်က ကျောင်းဆရာ၊ ခုထက်ထိလည်း သင်နေဆဲပါ၊ စာသင်ရတာကိုလည်း ဝါသနာပါတယ်၊ ကျွန်တော် တက္ကသိုလ်မှာ အလုပ်လုပ်တုန်းက ဘာစာတွေ သင်ရသလဲဆိုတော့ အဲဒီတုန်းက ခေတ်သစ်မြန်မာစာနဲ့ ပတ်သက်တဲ့ ဝေဖန်ရေး၊ ဝတ္ထုဝေဖန်ရေး၊ ကဗျာဝေဖန်ရေး၊ လေ့လာမှုတွေ၊ အဲဒါတွေကို ကျွန်တော်က သင်ရတယ်၊ ကျွန်တော့်လုပ်ငန်းက အဲဒါဆိုတော့ အပြင်မှာ စာရေးဆရာ ဖြစ်တာမဖြစ်တာ အပထား၊ ကျွန်တော့်ဌာနမှာ ဒီအလုပ် ကို ကျွန်တော်က လုပ်နေရတာပဲ...

အဲဒီတုန်းမှာ ပြဿနာက ဘာတွေပေါ်လာသလဲဆိုတော့၊ ဥပမာ... ကျွန်တော်က စာရေးဆရာတစ်ယောက်ရဲ့စာ ဘယ်လောက်ကောင်းတဲ့အကြောင်း၊ သူ့ ပျော့ညံ့ချက်က ဘယ်လိုရှိတယ်ဆိုတာကို ကျောင်းမှာ ပြဋ္ဌာန်းထားတဲ့ စာအုပ်တင်မကဘဲနဲ့ အပြင်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ စာပေလောကအကြောင်းပါ တို့ကာထိကာ ပြောပြောသွားတော့ အပြင်က စာရေးဆရာတချို့နဲ့ ကျွန်တော် ထိပ်တိုက်တိုးလာရတာတွေ ရှိတယ်၊ ဆိုကြပါစို့ ကျွန်တော်က ဦးသိန်းဖေမြင့် ဘယ်လောက်ကောင်းတဲ့အကြောင်း၊ သူ့စာတွေနဲ့ ကျောင်းမှာ ပြောလိုက်တယ် ဆိုပါစို့၊ အဲဒါကို တချို့ကို ဦးသိန်းဖေမြင့် ကောင်းတဲ့အကြောင်း ချီးမွမ်းသံကြားရတဲ့အတွက် နလုံးရောဂါရခမန်း ဝန်တိုတတ်တဲ့သူက ရှိသေးတယ်၊ စာရေးဆရာတွေက ခက်တယ်ဗျ၊ တချို့က သူတို့စာကလွဲရင် တခြားသူကို ချီးမွမ်း

mmcybermedia .com

တာ ကြိုက်ကိုမကြိုက်တဲ့သူက တစ်ပုံကြီး၊ အဲဒီလိုလူမျိုးတွေနဲ့ ကျွန်တော် ထိပ်တိုက်လာတွေ့တဲ့အခါကျတော့ သူတို့က Hysterical Reaction (အရူးအမူးတုံ့ပြန်ခြင်းခံ) ကြတာမျိုးတွေ၊ ကျွန်တော့်တပည့်တွေကို ပြောဆိုပြီး တောင်တို့မြောက်တို့ လုပ်လာကြတာမျိုးတွေ၊ အဲဒီကိစ္စတွေပေါ် လာတယ်...

နောက်တစ်ပိုင်းက နိုင်ငံရေးနဲ့ ပတ်သက်တဲ့ အယူအဆတွေကလည်း စာပေမှာ ရှိတယ်၊ ကျွန်တော့်ကို ပုံသဏ္ဍာန်သမားပဲ၊ ပြည်သူ့စာပေကို ဖောက်ဖျက်တယ်၊ ပြည်သူ့စာပေကို အလေးမပြုတဲ့သူ၊ ပြည်သူကို အရေးမစိုက်တဲ့သူ၊ ဘာညာနဲ့ ပြောလာကြတယ်၊ အဲဒီလူတွေရဲ့ ထိုးနက်ချက်တွေက တက္ကသိုလ်ထဲအထိ ရောက်လာတော့ ငါ ဒီလိုနေလို့ မဖြစ်တော့ဘူး၊ ငါ အပြင်မှာ ဒီလူတွေ နဲ့ ပတ်သက်ပြီး ရှင်းအောင်တော့ ရေးမှဆိုပြီး သူတို့ ထိုးနက်ချက်တွေကို ချေပချင်လို့ အပြင်ထွက်ပြီး စာရေးတာ၊ ဒါကြောင့် ကျွန်တော်က **ကျောင်းဆရာကနေ မတော်တဆစာရေးဆရာဖြစ်လာတဲ့သူပါ..**

ကောင်းပြီ...ဒါ ကျွန်တော်တစ်ယောက်တည်းတင် မဟုတ်ဘူး၊ ကိုဝင်းငြိမ်းကို ကျွန်တော် ပြောရဦးမယ်၊ ကမ္ဘာပေါ်မှာရှိတဲ့ တော်တော်နာမည်ကြီးတဲ့ **စာပေဆေဖန်ရေးသမား အားလုံးဟာ ကျွန်တော့်လိုပဲ စခဲ့ကြတာပဲ၊ ကျောင်းဆရာဘဝက စကြတယ်၊ တက္ကသိုလ်ကနေ စတယ်၊** အဲဒါလေးကို ပထမ သတိထားမိဖို့ လိုပါတယ်၊ ကျွန်တော်က ကျောင်းထဲမှာ စာသင်ရုံမကတော့ဘဲ ဝေဖန်ရေးဆောင်းပါးတွေ ရေးလာတော့ ကျွန်တော့် နာမည် တဖြည်းဖြည်းနဲ့ သိစပြုလာကြတယ်၊ အခု ကျွန်တော် စာပေဆောင်းပါးတွေ ရေးတယ်၊ ဝေဖန်ရေးဆောင်းပါးတွေ ရေးတယ်ဆိုတာ အလုပ်ထွက်လို့ ရေးတာ မဟုတ်ဘူး၊ အလုပ်မထွက်လည်း ဒါတွေရေးဖြစ်နေမှာပဲ၊ အလုပ်ထွက်ဖြစ်လိုက်မှ ပိုရေးဖြစ်တယ်ဆိုတာလည်း မဟုတ်ဘူး၊ တကယ်လို့ အလုပ်ထဲမှာ ရှိနေရင်လည်း ကျွန်တော် ရေးဖြစ်နေမှာပဲ၊ ကျွန်တော်တော့ အဲဒီလို ယူဆတယ်၊ နောက်ပြီးတော့ တစ်ခုရှိတာက အပြင်မှာ ကျွန်တော်စာရေးတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ကြိုးကြိုးစားစား ရေးတယ်၊ စာလည်း တော်တော်ဖတ်တယ်၊ ကိုယ်တိုင် ကြိုးစားအားထုတ်ပြီး ရေးလာတော့ ပရိသတ်က ပိုပြီး သိလာတာပေါ့၊ သိလာတာနဲ့အမျှ ပရိသတ် လက်ခံတာနဲ့အမျှ ကျွန်တော့်ရဲ့ နာမည်ကျော်စောမှုဆိုတာလည်း ရလာတာပေါ့၊ အဲဒါ နာမည်ကျော်စောမှု ကိစ္စ...

ကောင်းပြီ၊ ငွေရေးကြေးရေးကိစ္စ၊ ကျွန်တော့်မှာ ငွေရေးကြေးရေးကိစ္စ ပြေလည်ပါတယ်ဆိုရင် အဲဒါ စာရေးတာကြောင့် လုံးဝမဟုတ်ဘူး၊ ဥပမာ ခင်ဗျားတို့ ပေဖူးလွှာက ဆောင်းပါးခ တစ်ပုဒ်ကို တစ်ရာ့ငါးဆယ်ပေးတယ်၊ ဒါ အများဆုံးပေးတာ၊ တစ်ရာ့ငါးဆယ် ပေးတာ ခင်ဗျားတို့နဲ့ မဟေသီ နှစ်တိုက်ပဲ ရှိတယ်၊ တစ်ချို့တိုက်တွေဆိုရင် တစ်ရာလောက်ပဲ ပေးတယ်၊ အဲဒီလောက်ငွေနဲ့ ကျွန်တော် ဘယ်လိုရပ်တည်မှာလဲ၊ ကျွန်တော် ဘာလုပ်ရမလဲ၊ အဲဒီကရတဲ့ဥစ္စာ လက်ဖက်ရည်ဖိုးလောက်ပဲ ရှိပါတယ်၊ ခင်ဗျားလည်း သိပါတယ်၊ ကျွန်တော် လမ်း (၃၀)ထဲမှာ ကျောင်းဖွင့်ထားတယ်၊ အဲဒီမှာ ကျွန်တော် ဆယ်တန်းကနေ တက္ကသိုလ်အတန်းတွေအထိ အကုန်သင်တယ်၊ အဲဒါနဲ့ စားနေတာ၊ ဒါကြောင့်မို့ စာကြောင့် ငွေရေးကြေးရေး ရတဲ့အထဲမှာ ကျွန်တော်တို့မပါဘူးလို့ ပြောချင်ပါတယ်...

ဒီနေရာမှာ ကျွန်တော် စကားစပ်မိလို့ ပြောချင်တာက **ကဗျာဆရာတွေကို ကျွန်တော် တော်တော်လေးစားတယ်၊** သူတို့က ငွေရေးကြေးရေးကိစ္စ ဘာကိုမှ ထည့်မစဉ်းစားဘူး၊ တကယ့်ကို စာပေချစ်လို့ လုပ်နေကြတဲ့သူတွေ၊ ဒါကြောင့် သူတို့ဟာ တကယ့်ကို ရှိသေအပ်တဲ့သူတွေလို့ ကျွန်တော် မြင်တယ်...

mmcybermedia.com

ခုနက ကိုဝင်းငြိမ်း မေးတဲ့မေးခွန်း ပြန်ဆက်ကြရအောင်၊ ဝန်ထမ်းအဖြစ်က ထွက်ဖို့လိုသလား၊ ဟုတ်လား၊ ကျွန်တော်ပြောမယ်၊ စာရေးပြီး ထမင်းစားပါတယ်ဆိုရင် အများကြိုက် အပျော်ဖတ်စာပေတွေဟာ သူ့ခေတ်သူ့အခါနဲ့သူ ထမင်းစားလောက်အောင် ရတယ်၊ တော်ရုံတန်ရုံ စီးပွားဖြစ်လောက်အောင် ရတယ်၊ သို့သော် တကယ်ကောင်းတဲ့ စာပေကို ရေးမယ်ဆိုရင် ဒါလောက် မရနိုင်ဘူး၊ ဥပမာ နမူနာပြရရင် ဆရာသိန်းဖေမြင့်၊ ဆရာ ဝတ္ထုတိုရေးခဲ့တာ အပုဒ် အစိတ်၊ သုံးဆယ်လောက်ပဲ ရှိတယ်၊ ဝတ္ထုရှည် လေးငါး ခြောက်ပုဒ်ပဲ ရှိတယ်၊ ကောင်းပြီ…ဆရာသိန်းဖေမြင့် သက်တမ်းတစ်လျှောက်လုံး စာပေနဲ့ ထမင်းစားသွားတာ ဖြစ်ပေမယ့် ဝတ္ထုနဲ့ ထမင်းစားသွားတာ မဟုတ်ဘူး၊ သတင်းစာသမား ဘဝနဲ့ ထမင်းစားသွားတာ၊ ခုနကပြောတဲ့ ဝတ္ထုတို့ ဘာတို့၊ ရသစာပေ ရေးရုံလောက်နဲ့ မရဘူး၊ သို့သော် ဦးသိန်းဖေမြင့်ရဲ့ ဝတ္ထုအမျိုးအစားက အရည်အသွေးကိုတော့ သွားမပြောနဲ့၊ ထိပ်ဆုံးက ပါတယ်…

ခုနက အပေါစားဆိုတာတွေကတော့ ဟောတစ်အုပ် ဟောတစ်အုပ် ထုတ်နေတာတွေ ရှိတယ်၊ ကိုယ့်ဘာသာကိုယ်မနိုင်လို့ ရှဲဒိုးနဲ့ ရေးနေရတာတွေ ရှိတယ်၊ အဲဒီလို ကြံဖန်ပြီး မဖြစ်ဖြစ်အောင် ရေးရင်တော့ ရတယ်၊ သို့သော် သူတို့က နာမည်ကျသွားမြဲ ဖြစ်တယ်၊ ကျပြီဟော့ဆိုရင် ကုန်းကောက်စရာ မရှိတော့လောက်အောင် ကျသွားတယ်၊ ထုတ်ပေးမယ့်သူ မရှိတော့ဘူး၊ မဂ္ဂဇင်းကလည်း လက်မခံချင်တော့ဘူး၊ သူ့စာအုပ်ကို မေးတဲ့သူ မရှိတော့ဘူး၊ အဲဒီလိုဖြစ် သွားရင် ထမင်းစားဖို့ ခက်ပြီပေါ့…

အဲဒီတော့ ဝန်ထမ်းစာရေးဆရာတစ်ယောက်က မိန်းမဆိုရင်တော့ သိပ်ကိစ္စမရှိဘူး၊ သူ့လင်ကို မှီခိုစားနိုင်တယ်၊ အလုပ်က ထွက်ပစ်လိုက်လို့ ရတယ်၊ အရေးမကြီးဘူး၊ ဒါပေမယ့် ယောကျ်ားတစ်ယောက် ဖြစ်နေမယ်ဆိုရင်၊ မိသားစုကိုလည်း တာဝန်သိတတ်မယ်ဆိုရင် အဲဒီမိသားစုကိုလည်း စောင့်ရှောက်ဖို့ လိုအပ်တယ်ဆိုရင် ဒါ လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ ကျွန်တော် ပြောချင် တာက အဲဒီလူဟာ ဘယ်လိုလူလဲ၊ ဝန်ထမ်းဘဝက ထွက်မယ်၊ ဘုန်းကြီးဝတ်မယ်၊ စာရေးမယ်ဆိုရင် ဒါကတစ်မျိုး၊ ဝန်ထမ်းကထွက်လိုက်မယ်၊ ကိုယ်တစ်ယောက်တည်းပဲ ရှိတယ်၊ မစားရလည်း အရေးမကြီးဘူး၊ စားရလည်း အရေးမကြီးဘူးဆိုရင် ဒါက တစ်မျိုး၊ မိန်းမဖြစ်နေတယ်၊ ကိုယ့်လင်အားကိုးပြီး စားလို့ရတယ်ဆိုရင် ဒါ အရေးမကြီးဘူး၊ ထွက်…

ယောကျ်ားတစ်ယောက် ဖြစ်နေရင်တော့ ကိုဝင်းငြိမ်း… ခင်ဗျားကိုယ်တိုင်ကော အဲဒီလို လုပ်မလား၊ ဒါ ကျွန်တော်က ခင်ဗျားကို ပြန်မေးချင်တာ၊ အဲဒီတော့ ဒါတွေ ထိအောင် ကျွန်တော်တို့ စဉ်းစားကြရလိမ့်မယ်၊ နောက်ပြီးတော့ ဘာကွာသလဲဆိုတော့ ကျွန်တော် ပြောပြမယ်၊ ခုနက အပျော်ဖတ်စာပေသမားတွေ စားရသလို အကောင်းစား စာပေ ရေးတဲ့သူတွေလည်း နည်းနည်းပါးပါးတော့ စားရပါတယ်၊ ကျွန်တော်က ခင်ဗျား မေးလို့သာ စကားစပ်ပြီးသာ ထည့်ပြောရတာ၊ ဒီစာရေးဆရာနှစ်မျိုးက ရေထဲမှာနေကြတဲ့ ငါးချင်းအတူတူ ရေတိမ်ငါး ရေနက်ငါး ကွာခြားသလို အလွှာချင်း ကွာခြားကြတယ်၊ အဲဒီတော့ ခုနက ပြောသလို အချိန်ရာသီအားဖြင့် ပေါ်ပေါက်လာပြီးတော့ သူ့ခေတ်သူ့အခါလေးနဲ့ မြိုးမြိုးမြက်မြက် စားရလောက်အောင် ပရိသတ်အကြိုက်ရေးတဲ့ စာရေးဆရာကို ကျွန်တော်တို့က စာရင်းထဲထည့်ပြီး မပြောလိုဘူး၊ ဒီလိုအထဲ သူတို့ကို ထည့်ပြီး ပြောဖို့မသင့်ဘူး…

ဝန်ထမ်းအလုပ်က ထွက်သင့်သလား၊ မထွက်သင့်ဘူးလားဆိုတာ ဆရာကြီး ရွှေဥဒေါင်းပြောတဲ့ စကားနဲ့ ပြန်ပြောမယ်၊ သူဟာ သူ့ကိုယ်ပိုင်ဝတ္ထုတွေ ရေးဖူးပါတယ်တဲ့၊ နှစ်ခုသုံးခုလောက် ရေးဖူးပါတယ်တဲ့၊ သို့ပေမယ့် အချိန်ကြာတာနဲ့အမျှ ကြေးမကိုက်ဘူး

mmcybermedia.com

တဲ့၊ ဒါကြောင့် မြန်မာပြည်ဟာ စာရေးခြင်းနဲ့ အသက်မွေးဝမ်းကျောင်းသင့်တဲ့ တိုင်းပြည် မဟုတ်ဘူးလို့ ဆုံးဖြတ်ပြီး ဘာသာပြန်ဆရာကြီးဘဝနဲ့ပဲ ကျေနပ်ရတယ်လို့ ပြောဖူးတယ်၊ ဒီစကားတွေနဲ့ ချင့်ပြီး ဆုံးဖြတ်ပေ့ါဗျာ”

**“ဆရာက စာပေဆောင်းပါးလည်းရေးတယ်၊ ဝေဖန်ရေး ဆောင်းပါးတွေလည်း ရေးတယ်၊ စာဖတ်ပရိသတ်အများကသိထားတာကတော့ဝေဖန်ရေးဆ ရာပေ့ါ၊ ဝေဖန်ရေး ကို ဘာကြောင့်ရေးရတာလဲ၊ သီးခြားရည်ရွယ်ချက်ရှိလို့လား၊ သို့တည်းမဟုတ် ကျောင်းဆရာဗီဇညဉ်ကြောင့် သူများအပေါ်မှာ ဩဇာပေးချင်လို့ ရေးတာလား”**

“ဒီမေးခွန်းနဲ့ ပတ်သက်တဲ့ အဖြေတစ်ချို့က စောစောတုန်းက အတန်အသင့် တော့ ပါသွားပါပြီ၊ ကျောင်းဆရာဘဝမှာ သင်ကြားပို့ချခဲ့ရတာတွေကိုက ဝေဖန်ရေးတွေပဲ သင်ပေးခဲ့ရတယ်၊ အခုနောက်ပိုင်းခေတ်မှာ ဝေဖန်ရေးဆိုရင် စာသင်ခန်းက စခဲ့တာ ချည့်ပဲ၊ တက္ကသိုလ်မှာ ပို့ချခြင်းကနေ ဝေဖန်ရေးဆိုတာ ဖွံ့ဖြိုးလာရတာ၊ ကျွန်တော့် အလုပ်ကိုက အတန်းထဲမှာ ကလေးတွေကို ဒါကိုသင်ပေးတာ၊ ဒီလိုသင်ပေးရတဲ့အတွက် ဝေဖန်ရေးဆိုတာ စာသင်ခန်းထဲကနေ စတာပါလို့ ဒီသဘောမျိုး ယူဆကြရင်လည်း ကျွန်တော် မတတ်နိုင်ဘူး၊ သို့သော်လည်း ကျွန်တော်က ဆရာလုပ်ချင်လို့ ဆိုတာက တော့ ဘယ်သူ့ကို ဆရာလုပ်ချင်တာလဲ၊ ဒါ ပြဿနာ ပေါ်လာပြီ…

တချို့စာရေးဆရာတွေကလည်း သူတို့ကို ဆရာလုပ်ချင်လို့,လို့ ထင်တယ်၊ တချို့ စာဖတ်ပရိသတ်ကလည်း သူတို့ကို ဆရာလုပ်ချင်လို့,လို့ ထင်တယ်၊ အဲဒီမှာ တုံ့ပြန်မှု တွေက အမျိုးမျိုး တွေ့ရတယ်၊ ဥပမာဆိုပါတော့ ရိုးရိုး စာဖတ်ပရိသတ်ကတော့ ကျွန်တော့်စာကို သိပ်ကြိုက်တယ်ဗျ၊ ကျွန်တော် ပြောလိုက်တဲ့အခါကျမှ ဘယ်ဟာ ကောင်းမှန်းဆိုးမှန်း သိလာတယ်၊ အဲဒီအတွက် ကျွန်တော့်ကို ကျေးဇူးတင်ကြတယ်၊ ဒါပေမယ့် ခုနကပြောတဲ့ ဆရာလုပ်ချင်လို့ ဆိုတဲ့ ကိစ္စကတော့ စာဖတ်ပရိသတ်က ပြောတာ မတွေ့ရဘဲနဲ့ စာရေးဆရာတွေက လာလာပြောတာပဲ တွေ့ရတယ်…

ကောင်းပြီ… ဆရာလုပ်ချင်တယ်ဆိုတဲ့စိတ်နဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုယ် ကျွန်တော် ပြန်စစ်ဆေးကြည့်တယ်၊ ကျွန်တော် မဟုတ်ဘူးဗျ၊ ဘာဖြစ်လို့ ကျွန်တော်က ဆရာ လုပ်ချင်ရမှာလဲ၊ ဆရာလုပ်ရအောင် ကျွန်တော်က ဘာမို့လို့လဲ၊ ကျွန်တော်မြင်တဲ့ ဥစ္စာကို ကျွန်တော် ပြောလိုက်တာပဲ ရှိတယ်၊ တချို့စာရေးဆရာတွေက သူတို့ဘာသာ သူတို့ လိပ်ပြာငယ်နေတဲ့သူတွေ ရှိတယ်၊ အလကားနေရင်း လိပ်ပြာငယ်နေတော့ ကျွန်တော်ပြောတာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သူတို့ကို ဆရာလုပ်ပါတယ်ဆိုပြီး စွပ်စွဲတော့တာပေ့ါ…

သို့သော် တစ်ခုရှိတာက ကျွန်တော်ရေးတဲ့ စာထဲမှာ ဆရာလုပ်တဲ့လေသံ ပါလို့ ရှိရင် ကျွန်တော် ညံ့လို့ပဲပေ့ါ၊ ဒါပေမယ့်… ဟောပြောပွဲတွေမှာ ဟောပြီဆိုရင်တော့ ကျွန်တော့်မှာ ကျောင်းဆရာဘဝကတည်းက ပါလာတဲ့ ဉာဉ်အတိုင်း စာသင်ခန်းထဲမှာ ဟောပြောပို့ချတဲ့ပုံစံအတိုင်း ပြောမိတတ်တယ်၊ အဲဒါကြောင့် ပရိသတ်ကို အမြဲ တောင်းပန်တယ်၊ ကျွန်တော်ဟာ ကျောင်းဆရာအဖြစ် တစ်သက်လုံး အသက်မွေး လာတာဆိုတော့ ကျောင်းဆရာအကျင့် ပါနေပါတယ်၊ တကယ်လို့ ပရိသတ်ကို ဟောပြောတဲ့နေရာမှာ ပရိသတ်ကို ဟောပြောနေတာနဲ့ မတူဘဲ တက္ကသိုလ်က စာသင် ခန်းမကျယ်ကြီးတစ်ခုထဲမှာ သင်ကြားပို့ချနေသလိုများ ဖြစ်နေခဲ့ရင် ကျွန်တော့်ကို သည်းခံပါ၊ ခွင့်လွှတ်ပါလို့ အမြဲတမ်း ကြိုတင်တောင်းပန်လေ့ ရှိပါတယ်၊ ဒါပေမယ့် စာရေးတဲ့ နေရာမှာတော့ အဲဒီလိုလေသံမျိုး ပါတယ်လို့ ကျွန်တော် လုံးလုံးမထင်ပါဘူး၊ နောက်ပြီး

mmcybermedia.com

တော့ ကျွန်တော် ဆရာလုပ်ချင်လို့ ရေးတာလည်း မဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင်က ဝေဖန်ရေးကို သင်ခဲ့ရတာပါ၊ ဒါကြောင့်မို့ အဲဒီအကြောင်းကို သင်ရင်းနဲ့ ပြန်ရေးတာပါလို့ပဲ ပြောချင်ပါတယ်”

**“ဆရာ မဟာဝိဇ္ဇာဘွဲ့အတွက် စာတမ်းတင်ခဲ့တာဝတ္ထုတိုများလေ့လာ ချက်နော်”**

“ဟုတ်ပါတယ်”

**“ဝတ္ထုတိုများလေ့လာချက်နဲ့မဟာဝိဇ္ဇာဘွဲ့ ယူခဲ့သူတစ်ယောက်၊ ဝေဖန်ရေးဆရာတစ်ယောက်အနေနဲ့ ‘ရေးတတ်ရင်ဝတ္ထုဖြစ်တယ်’ ဆိုတဲ့ ခံယူချက်နဲ့ပတ်သက်ပြီးဘယ်လိုများ မြင်ပါသလဲ”**

“ရေးတတ်ရင် ဝတ္ထုဖြစ်တယ်ဆိုတာ ဟုတ်တယ်၊ ဒါကိုတော့ ကျွန်တော် လက်ခံတယ်၊ ဘယ်အကြောင်းအရာပဲဖြစ်ဖြစ်၊ ဆီမီးခွက်အကြောင်း ဖြစ်ဖြစ်၊ ဓာတ်မီးခြစ်အကြောင်း ဖြစ်ဖြစ်၊ ဖောင်တိန်အကြောင်းပဲ ဖြစ်ဖြစ်၊ ဘယ်အကြောင်းပဲဖြစ်ဖြစ် ရေးတတ်ရင် ဝတ္ထုဖြစ်သွားတာပဲ၊ ဒါမှန်တယ်...

ဒါပေမယ့် ဝတ္ထုမဖြစ်ရင် မရေးတတ်လို့ဆိုတဲ့ အဓိပ္ပာယ် ပေါ်လာတတ်တယ်၊ အဲဒါတွေ ဝတ္ထုဖြစ်သလားဆိုတော့ တော်တော်များများက ဒါတွေက ဝတ္ထုမှမဟုတ်ဘဲလို့ ပြောကြတယ်၊ အဲဒီတော့ မရေးတတ်လို့ဆိုတဲ့ အဓိပ္ပာယ် ပြန်ရောက်သွားတယ်၊ အခု ကျွန်တော် ပြောနေတာက ‘တက္ကဗေဒ’ (Logic) နော်၊ လောဂျစ်ကျောင်းသားတစ်ယောက်ဆိုရင် ချက်ချင်း တန်းပြီး နားလည် သွားမယ်...

ရေးတတ်ရင် ဝတ္ထုဖြစ်တယ်၊

ဝတ္ထုမဖြစ်ဘူး၊

ဒါဆို မရေးတတ်လို့ပေါ့။

အဲဒီတော့ ရေးတတ်ရင် ဝတ္ထုဖြစ်တယ်ဆိုတာ မှန်ပါတယ်၊ သို့သော် အဲဒီဟာ ဝတ္ထုဟုတ်သလား၊ မဟုတ်ဘူးလား၊ အဲဒီမှာ ပြဿနာတွေ ပေါ်လာမယ်၊ ဒါတွေ ဝတ္ထုမဟုတ်ရင် ဘယ်ဟာမျိုးက ဝတ္ထုလဲ၊ ဒါတွေက ပြဿနာပြန်ရှုပ်လာ ဦးမယ်...

ကျွန်တော် ပြောချင်တာက ရေးတတ်ရင် ဝတ္ထုဖြစ်တယ်ဆိုတာ အပြောတော့ လွယ်တယ်၊ မှန်လည်းမှန်တယ်၊ ဒါပေမယ့် လက်တွေ့လုပ်ဖို့ရာ အတော်ခက်ပါတယ်၊ ရေးတတ်ဖို့ရာ သိပ်ခက်ပါတယ်၊ အဲဒီအရင်က ပြောခဲ့ပါသေးတယ်၊ **‘ရေးရဲရင် ဝတ္ထုဖြစ်တယ်’** တဲ့၊ အဲဒါကျတော့ ကျွန်တော်က သဘောမတူဘူး၊ ရေးရဲရင် ဝတ္ထုဖြစ်မလား၊ ဝတ္ထုရေးမှ ဝတ္ထုဖြစ်မှာပေါ့ဗျ၊ ရေးရဲတဲ့သူတွေ တစ်ပုံကြီးပါ၊ ရန်ကုန်မြို့ပေါ်မှာ လမ်းဘေး လျှောက်ရေးထားတဲ့စာတွေ နည်းတာမှ မဟုတ်တာ၊ အဲဒါတွေ ဝတ္ထုတွေလား...

မဟုတ်တာတွေ လျှောက်ရေးတိုင်း ဝတ္ထုခေါ်မလား၊ ဆိုကြပါစို့၊ ကျွန်တော်က ခင်ဗျားအကြောင်း သိတယ်၊ ခင်ဗျားအကြောင်းကို အပမာန ရေးရဲတိုင်း ဝတ္ထုဖြစ်ရောတဲ့လား၊ ဖြစ်ချင်ဖြစ်မှာပေါ့

ရေးတတ်ရင် ဝတ္ထုဖြစ်တယ်ဆိုတာ ဆင်ကလောင်တွေအတွက်တော့ ဟုတ်မှာပေါ့၊ အကြောင်းအရာလေးတစ်ခုကို စာမျက်နှာ လေးငါးခုလောက် ထွက်အောင်ရေးပြီး မဂ္ဂဇင်းတိုက် သွားပို့လိုက်ရင် မဂ္ဂဇင်းကလည်း ကောက်ထည့်မှာပဲ၊ သူ့ဝတ္ထု ပါစေချင်

mmcybermedia.com

တာကိုး၊ ဒါပေမယ့် ကလောင်ငယ်၊ ကလောင် သစ်ကလေးတွေက ဒီလိုရေးလိုက်ရင် ဖြစ်ပါ့မလား...

ကောင်းပြီ၊ ကိုဝင်းငြိမ်းကို ကျွန်တော် ပြန်မေးမယ်၊ အဲဒီလိုဝတ္ထုမျိုးကို ဘယ်သူ ဘယ်ဝါမှန်း မသိတဲ့သူတစ်ယောက်က ရေးပြီး ခင်ဗျားတို့မဂ္ဂဇင်းကို လာပေးရင် ခင်ဗျား တို့ ထည့်မလား"

**"ပယ်မှာပေါ့ဆရာရဲ့"**

"ရှင်းနေတာပဲ၊ နာမည်ကို ထည့်တာဗျ၊ အမျိုးအစားကို ထည့်တာမဟုတ်ဘူး၊ ကောင်းလို့ မဟုတ်ဘူး၊ နာမည်ကိုထည့်ချင်လို့ဆိုတာ ရှင်းနေတာပဲ၊ အခု ခင်ဗျား ကိုယ်တိုင် ဝန်ခံသွားပြီးပြီပဲ၊ မဂ္ဂဇင်းတွေက နာမည်ပါစေချင်လို့ ထည့်နေကြတယ်ဆိုတာ ရှင်းနေတာပဲ၊ ခင်ဗျားတို့ဘက်က ကြည့်တော့လည်း မှန်ပါတယ်၊ မဂ္ဂဇင်းဆိုတာ ပရိသတ်အကြိုက်အင်အားတွေ သုံးစွဲရသေးတာကိုး၊ ကိုယ့်အကြိုက်ချည့် ကြည့်လို့မရဘူး လေ၊ ပရိသတ်ကလည်း နာမည်ကြီးပါမှ ဖတ်မှာပေါ့၊ ဖတ်ကြည့်ပြီး မကောင်းတော့မှ လွှင့်ပစ်ချင်လည်း ပစ်မှာပေါ့...

အခုအဖြေက တစ်ချက်တည်းပါ၊ တခြားကလေးတစ်ယောက် ဒါမျိုးရေးရင် လက်ခံမလား၊ လက်မခံဘူး၊ လက်မခံရင် ဝတ္ထုအဖြစ် အသိအမှတ်မပြုလို့ပေါ့၊ ဒါ ရှင်းနေ တာပဲ"

**"ဘဝသရုပ်ဖော်စာပေ ဆိုတာကို ဆရာ ဘယ်လို အဓိပ္ပာယ်ဖွင့်မလဲ"**

"ဘဝသရုပ်ဖော်ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မပြောခင် မြန်မာပြည်မှာ ဒီစကားလုံး ဘယ်လို ပေါ်ပေါက်လာတယ်ဆိုတာကို အရင် ပြောပြသင့်တယ်လို့ ထင်တယ်...

ဟိုး ပထမပိုင်းတုန်းက သာမန်ဆင်းရဲသား လုပ်သားပြည်သူတွေရဲ့ ဘဝနဲ့ သာမန်အချစ်၊ အလွမ်းဝတ္ထုတွေရယ်လို့ ရှိခဲ့တယ်၊ စာရေးဆရာ နှစ်မျိုး ဆိုပါတော့ဗျာ၊ တစ်မျိုးကတော့ အချစ်၊ အလွမ်းစတဲ့ နှစ်သက်မက်မောဖွယ်ရာကလေးတွေရေးတဲ့ စာရေးဆရာ၊ နောက်တစ်မျိုးက နိုင်ငံရေးအယူအဆတစ်ခုကို ကိုင်စွဲပြီး လုပ်သားပြည်သူ တို့ရဲ့ ဘဝအကြောင်းရေးတဲ့ စာရေးဆရာပေါ့၊ အချစ်၊ အလွမ်းဝတ္ထုရေးတဲ့ စာရေးဆရာ ဟာ ပုဂ္ဂလိကအချစ်၊ ပုဂ္ဂလိကအလွမ်းတွေချည့် ရေးနေတဲ့အတွက် လုပ်သားပြည်သူ တို့ရဲ့ ဘဝသရုပ်ကို မဖော်ထုတ်နိုင်ဘူးလို့ ပြောခဲ့ကြရာကနေ သရုပ်ဖော်ဆိုတဲ့ စကား ထဲမှာ ဘဝဆိုတဲ့စကားလုံး ပါလာပြီး 'ဘဝသရုပ်ဖော်' ဆိုတဲ့ စကားပေါ်ပေါက်လာတာပဲ...

'ဘဝသရုပ်ဖော်' ဆိုတာ ဘယ်ထိအောင် ရောက်သွားသလဲဆိုတော့ ဆင်းရဲတဲ့ လူတန်းစား၊ ရုန်းကန်လှုပ်ရှားနေရတဲ့ လူတန်းစားအကြောင်း သရုပ်ဖော်မှသာလျှင် ဘဝသရုပ်ဖော်၊ ကျန်တဲ့ လူတန်းစားအကြောင်းဆိုရင် ဘဝသရုပ်ဖော် မဟုတ်သကဲ့သို့ သဘောမျိုး ဖြစ်လာတယ်၊ ကျွန်တော့်အနေနဲ့ကတော့ **ဘဝသရုပ်ဖော်ဆိုတာ ခုနက ပြောတဲ့ အချစ်အလွမ်းဟာမျိုး မဟုတ်ဘဲနဲ့ ဘယ်ဘဝကိုပဲ သရုပ်ဖော်ဖော် အဲဒီဘဝရဲ့ ခက်ထန်ခြင်း၊ ကြမ်းတမ်းခြင်း၊ ဆင်းရဲခြင်း၊ တက်ကြွခြင်း၊ အောင်မြင်ခြင်း၊ အရေးနိမ့်ခြင်း၊ အဲဒါတွေကို သရုပ်ဖော်သွားမယ်ဆိုရင် ဘယ်အဆင့်၊ ဘယ်အလွှာ၊ ဘယ်ဘဝကိုပဲ သရုပ်ဖော်သည်ဖြစ်စေ ကျွန်တော့်စိတ်ထဲမှာ ဘဝသရုပ်ဖော်လို့ပဲ သတ်မှတ်ပါတယ်၊** ဒါကို လည်း တခြားသူ များက သဘောတူချင်မှ တူကြမှာပါ...

mmcybermedia.com

တကယ့် ဝတ္ထုကောင်းဆိုတာဟာ ဘယ်ဘဝကိုပဲ သရုပ်ဖော်၊ အဲဒီဘဝရဲ့ အနိမ့်အမြင့်၊ အတက်အကျကို ပေါ်လွင်အောင်ရေးနိုင်ရင် ဘဝသရုပ်ဖော် ဝတ္ထုလို့ပဲ ပြောချင်ပါတယ်”

**“ဘဝသရုပ်ဖော် စာပေဖတ်ခြင်းအားဖြင့် စာဖတ်သူအတွက် ဘာတွေ ရနိုင်ပါသလဲဆရာ”**

“အဲဒီမှာ ကိုဝင်းငြိမ်းမေးခွန်းကို နှစ်ပိုင်းခွဲရလိမ့်မယ်၊ ကိုဝင်းငြိမ်းက ဘယ်လို ဘဝသရုပ်ဖော်မျိုးကို ပြောတာလဲ၊ ခုနကပြောတဲ့ လုပ်သားပြည်သူတို့ရဲ့ ဆင်းရဲခြင်း၊ ရုန်းကန်လှုပ်ရှားရခြင်း၊ အဲဒီလိုဟာမျိုးတွေကို ပြောတာလား၊ ကျွန်တော်ပြောတဲ့ ဘယ်ဘဝကိုပဲ သရုပ်ဖော်ဖော်ဆိုတာမျိုးကို ပြောတာလား”

**“ဆင်းရဲတာ၊ ငတ်ပြတ်တာ၊ မွဲတေတာ၊ ဘဝမှာ အမှောင်ကျနေတဲ့အ ကြောင်းကို ဖတ်ပြီဆိုပါတော့ဆရာ”**

“ဆင်းရဲတာ၊ ငတ်ပြတ်တာတွေကို ဖတ်ခြင်းအားဖြင့် စာဖတ်သူအတွက် ဘယ်လိုအကျိုးကျေးဇူးရမယ်ဆိုတာ မပြောခင် စာရေးသူက ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးသလဲဆိုတာ အရင်ကြည့်ရအောင်၊ စာရေးသူက ရည်ရွယ်တာက တစ်ခါတုန်းက ဆရာဦးသိန်းဖေမြင့် သူ့ဆောင်းပါးတစ်ပုဒ်မှာ ရေးခဲ့ဖူးပါတယ်၊ ပြန်ရှာရင် တွေ့ပါလိမ့်မယ်၊ စာရေးဆရာ မဟာဆွေရဲ့ ဝတ္ထုနဲ့ပတ်သက်ပြီး ရေးခဲ့တာပါပဲ၊ မဟာဆွေရဲ့ ဇာတ်လိုက်တွေက ဘန်ကောက်လုံချည် မချွတ်ဘူး၊ ဘီအက်စီအောင်တယ်၊ ဘာညာရေးတာနဲ့ပတ်သက်ပြီး ရေးခဲ့တာပဲ၊ မဟာဆွေက ပြောတယ်၊ သူ ဒီလိုရေးခဲ့တာဟာ စာဖတ်ပရိသတ်ကို အားကျစေချင်တဲ့သဘောနဲ့ ရေးခဲ့တာတဲ့၊ ဦးသိန်းဖေမြင့်က ဘာပြန်ရေးသလဲဆိုတော့ **ခေတ်ကြီးတစ်ခုလုံးကို ပြောင်းလဲပြုပြင်တဲ့ ကိစ္စမှာ လာမယ့်အနာဂတ်ခေတ်ရဲ့ ကောင်းပုံကောင်းနည်းကိုမက်လုံးပေးထာရုံနဲ့ မပြီးဘူးတဲ့၊ လက်ရှိခေတ်ရဲ့ ဆိုးရွားပုံကို ရေးပြနိုင်မှသာလျှင် လူတွေရဲ့ စိတ်ထဲမှာ ပြောင်းလဲချင်တဲ့စိတ် ပေါ်ပေါက်လာနိုင်မယ်တဲ့**၊ဒါဟာ အင်မတန် အရေးကြီးတယ်တဲ့…

အဲဒီတော့ ဆရာသိန်းဖေမြင့်ရဲ့ အယူအဆအတိုင်း တွက်လိုက်မယ်ဆိုရင် လက်ရှိခေတ်တစ်ခေတ်ကနေ နောက်တစ်ခေတ်ကို ပြောင်းစေချင်တဲ့ ဆန္ဒကြောင့် အဲဒီခေတ်မှာ ဒုက္ခရောက်နေတဲ့ လူတွေရဲ့အကြောင်းကို ရေးသားခြင်းအားဖြင့် သူတို့ရဲ့ ရည်ရွယ်ချက် ပေါက်မြောက်နိုင်မယ်လို့ သူတို့က ယူဆတယ်၊ အဲဒါက စာရေးဆရာဘက်က ရည်ရွယ်ချက်…

ကောင်းပြီ၊ စာဖတ်သူဘက်မှာ ဘယ်လိုအကျိုးကျေးဇူးရှိမလဲ ပြန်ကြည့်ရအောင်၊ စာဖတ်တဲ့သူအဖို့မှာ ဟာ… ဒီလောက်ထိအောင် ဆိုးရွားနေပါလား၊ လုပ်သားပြည်သူ၊ တောင်သူလယ်သမား၊ အလုပ်သမားတွေ ဒီလောက်ထိ ဖိနှိပ်ခံနေရပါလား၊ ဆင်းရဲသားတွေမှာ ဒါလောက် ဖိနှိပ်သွေးစုပ်ခံနေရပါလားဆိုပြီး ထောက်ထားစာနာစိတ်တွေ ဝင်လာနိုင်တယ်…

နောက်တစ်ဖက်ကလည်း ပိုပိုကဲကဲ လွန်လွန်ကဲကဲ လုပ်ပြီးတော့ မှောင်အတိကျနေတဲ့ လူ့ဘဝအကြောင်းချည့်ရေးရင် စာဖတ်တဲ့သူက လူ့ဘဝ ဆိုတာ စိတ်ပျက်ငြီးငွေ့စရာကြီးပါဆိုပြီး သူ့စာအုပ်တွေကို လှည့်ကြည့်ချင်မှာ မဟုတ်တော့ဘူး၊ ဝတ္ထုဖတ်တယ်ဆိုတာ အပန်းပြေစေချင်လို့ ဖတ်တာ၊ တစ်ခါတစ်လေမှာ ပျော်စရာလေးဘာလေး

ပါစေချင်တယ်၊ ဒါပေမယ့် ပရိသတ်ရဲ့ အဲဒီဆန္ဒကို မဖြည့်စွမ်းနိုင်တဲ့အခါကျတော့ တစ်လျှောက်လုံး မှောင်အတိကျတာတွေ၊ ဆင်းရဲတာတွေချည်း ရေးရင် သူတို့စာအုပ်တွေ တဖြည်းဖြည်း ကျဆင်းသွားတာ တွေ့ရမယ်၊ ဒါ ပရိသတ်ရဲ့ တုံ့ပြန်မှုတစ်မျိုးပဲ”

**“ဘဝသရုပ်ဖော်ဝတ္ထုတွေမှာ ရှေ့ပိုင်းက အကျဉ်းအကျပ်မျိုးစုံ ရေးပြီးရင် နောက်ဆုံးမှာ စာရေးဆရာက ဒီအကျဉ်းအကျပ်တွေထဲကနေ ထွက်ပေါက် ဖန်တီးပေးရမယ်လို့ဆိုကြတယ်၊ဆရာ ဘယ်လိုမြင်ပါသလဲ”**

“ဝတ္ထုအတတ်ပညာအရ အပြေအဆင်း ထွက်ပေါက်ဆိုတာလည်း ရှိပါတယ်၊ ဒါပေမယ့် သူတို့ပြောတာက နိုင်ငံရေးထွက်ပေါက်ကို ပြောနေကြတာ...

အဲဒီဟာနဲ့ ပတ်သက်ပြီး စာရေးဆရာမှာ တာဝန်ရှိတယ် မရှိဘူးဆိုတာ သူတို့ အချင်းချင်းလည်း သဘောထားကွဲနေကြတယ်၊ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ အဲဒီဝတ္ထုရေးဆရာက အဲဒီထွက်ပေါက်ကို ဘယ်လောက်ထိအောင် သိသလဲ၊ ကျွန်တော်က ဒါကို သံသယဖြစ်တယ်၊ **အဲဒီထွက်ပေါက်မသိဘဲ ပြလိုက်ရင် ချောက်ပေါက် ဖြစ်တတ်တယ်**၊သူက ဘယ်လောက် တော်လို့လဲ...

ကျွန်တော် တစ်ခါတုန်းက ရေးခဲ့ဖူးပါတယ် ဆိုကြပါစို့၊ ဆရာဝန်တစ်ယောက်က ဆေးကုတယ်ဆိုတဲ့ ကိစ္စမှာလည်း ဆေးပညာနဲ့ ပတ်သက်ပြီး တကယ်နားလည်တဲ့ ဆရာဝန် ရေးတာတောင်မှ တစ်ခါတစ်ရံ နည်းနည်းပါးပါး အတိမ်းအစောင်းကလေးတွေ ရှိတတ်တဲ့အတွက်ကြောင့် ဒါလေးတွေကို သတိပြုပါလို့ ကျွန်တော်ရေးခဲ့ဖူးတာ ခင်ဗျား မှတ်မိဦးမယ် ထင်တယ်၊ ဒါက ဆေးကုတာထက် ခက်တယ်နော် ကိုဝင်းငြိမ်း၊ သိပ်အရေးကြီးတဲ့ ကိစ္စနော်၊ သမိုင်းဖန်တီးတဲ့ ကိစ္စနော်၊ လျှက်ဆားဖော်တာ မဟုတ်ဘူး၊ လျှက်ဆားဖော်တာ မဟုတ်ဘဲ **သမိုင်းကြီးတစ်ခုကို ဖန်တီးတဲ့ကိစ္စမျိုးမှာ ထွက်ပေါက်ပေးချင်ပါတယ်ဆိုတဲ့ စာရေးဆရာမျိုးက ထွက်ပေါက်အကြောင်း ဘယ်လောက် နားလည်လို့လဲ၊ ဘယ်လောက်တော်သလဲ၊အဲဒီ နိုင်ငံရေးမှာ ဘယ်လောက်ထိ ကျွမ်းကျင်သလဲဆိုတာ ကျုပ်က မေးချင်တယ်..**

တကယ်တော့ တော်စွလျော်စွ နိုင်ငံရေး ဖြူနီကြောင်ကျား ဝါဒတွေကြောင့် မြန်မာပြည် ဒုက္ခရောက်ခဲ့တာကို ကျွန်တော်က သဘောပေါက်နေတယ်၊ ဒါကြောင့် တော်ရုံတန်ရုံကို သိပ်ပြီး ယုံကြည်အားကိုးချင်တာ မဟုတ်ဘူး၊ အဲ... ဝတ္ထုရေးဆရာတွေ ကျတော့ အဲဒီလို လူတွေဆီကမှတစ်ဆင့် လက်ဝေခံယူရတဲ့ အတွေးအမြင်မျိုး၊ ဒီတော့ သူတို့ထွက်ပေါက်ကို ပိုပြီး မယုံတော့မှာပေ့ါ၊ အတော်ကြာ သူတို့ နားမလည်ပါးမလည် လုပ်တဲ့ ထွက်ပေါက်က ‘ချောက်ပေါက်’ ဖြစ်နေတော့ ဘယ့်နယ်လုပ်မလဲ...

ဒါကြောင့် ကျွန်တော်က လူငယ်တွေကို ဝတ္ထုကြိုက်တာက တခြား၊ အယူအဆကို စိစစ်တာက တခြား၊ သတိထားပြီး ခွဲခြားလေ့လာကြပါလို့ အမြဲသတိပေးနေတာပါ”

**“ဆိုရှယ်လစ် သရုပ်မှန်စာပေဆိုတာကကောဘာလဲဆရာ”**

“ဆိုရှယ်လစ် သရုပ်မှန်စာပေဆိုတာကို မပြောခင် **သရုပ်မှန်စာပေ** ဆိုတာနဲ့ ပတ်သက်ပြီး အရင်ပြောဖို့ လိုမယ်ထင်တယ်၊ မူလသရုပ်မှန် စာပေဆိုတာနဲ့ ပတ်သက်ပြီး ဆရာဇော်ဂျီ ပြောခဲ့တာ တော်တော်ကောင်းတယ်၊ သရုပ်မှန်နဲ့ ဘာနဲ့ ကွာသလဲဆိုတော့ ဆရာဇော်ဂျီကတော့ ‘အချစ်အလွမ်း’ ‘ဘဝအလွမ်းစာပေ’ Romantic Literature နဲ့ ဓမ္မဒိဋ္ဌဝတ္ထုလို့ ခွဲတယ်၊ ဒီနှစ်ခုမှာ ဘဝအလွမ်းဆိုတာက ဘဝနဲ့ ပတ်သက်ပြီး **ဖြစ်အပ်တာ** (တော်တော်ကောင်းတဲ့ စကားလုံးပါ) အဲဒါလေးတွေကို လောကကြီးကို ချစ်မက်ဖွယ်

mmcybermedia.com

ကောင်းအောင်၊ တွယ်တာဖွယ်ကောင်းအောင်၊ ချစ်စရာကောင်းအောင် ရေးသွားတယ်တဲ့၊ နောက်တစ်ခုကတော့ **ဖြစ်တတ်တာ**တွေ၊ ဥပမာဆိုပါတော့ လောကကြီးမှာ မိဘတို့မည်သည် သားသမီးကို ချစ်တယ်၊ သားသမီးတို့မည်သည် မိဘကို ရိုသေတယ်၊ ချစ်မြတ်နိုးတယ်၊ ဒါ ဖြစ်အပ်တာတွေ၊ ချစ်သူနှစ်ဦး တစ်ဦးနဲ့တစ်ဦး သစ္စာရှိတယ်၊ သေတစ်ပန် သက်တစ်ဆုံး အသက်စွန့်ပြီး သစ္စာရှိတယ်၊ ဒါ ဖြစ်အပ်တာတွေ၊ သို့သော် အဲဒီလိုချည်း အမြဲတမ်း ဖြစ်နေသလားဆိုတော့ မိဘကလည်း သားသမီးကိုမချစ်တာ ရှိချင်ရှိတာပဲ၊ သားသမီးက မိဘကို မရိုမသေ လုပ်တာလည်း တွေ့ချင်တွေ့တာပဲ၊ အဲဒါ မဖြစ်တတ်ဘူးလားဆိုတော့ ဒါတွေ လည်း ဖြစ်တတ်တယ်တဲ့...

အဲဒီတော့ **သရုပ်မှန်စာပေဆိုတာက ဖြစ်အပ်တာတွေကို ကျော်လွှားသွားပြီးတော့ ဖြစ်တတ်တာတွေကို ရေးသွားတာ၊** အဲဒီလို ရေးသွားလိုက်တဲ့အခါကျတော့ စာဖတ်သူ အဖို့မှာ နှစ်သက်စရာတွေချည်း မဟုတ်ဘူးပေါ့ဗျာ၊ အနိဋ္ဌာရုံတွေပါ ပါလာတယ်၊ ဒါပေမယ့် အနိဋ္ဌာရုံတွေကလည်း တကယ်ရှိနေတာဆိုတော့ သူက အနိဋ္ဌသစ္စာ၊ သစ္စာတော့ သစ္စာပဲ၊ ဒါပေမယ့် အနိဋ္ဌသစ္စာ၊ မချမ်းသာဘူး၊ စိတ်မချမ်းသာဘူး၊ သို့သော် ဒီလို ရေးတဲ့အတွက် ဘဝကို ပကတိအတိုင်း ပိုပြီး မြင်ရတယ်၊ သရုပ်မှန်စာပေဆိုတာ အဲဒါပဲ၊

အဲဒီလိုဝတ္ထုမျိုးတွေ ဖတ်ပါများလာတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိလာသလဲဆိုတော့ လူတစ်ယောက်နဲ့တစ်ယောက် အချင်းချင်း သိပ်အထင်မကြီးတော့ဘူး၊ လူတွေကို အရင်ကလောက် တန်ဖိုးထားပြီး လေးလေးစားစား မရှိတော့ဘူး၊ လူတွေဟာ သိပ်မဟန်ပါဘူး ဆိုတာတွေ ဖြစ်လာတယ်၊ ဖြစ်လာတဲ့အထဲက တစ်ဖက်က ဘာအကျိုး ရှိလာသလဲဆိုတော့ ဥပမာ... ကိုဝင်းငြိမ်းရဲ့အပေါ်မှာ ကျွန်တော်က သိပ်ပြီးမျှော်လင့်ချက် မထားဘူး၊ မထားတဲ့အတွက်ကြောင့်မို့ ကျွန်တော့်မှာ သဲထဲရေသွန်ဆိုတဲ့ ကိစ္စမျိုး၊ မျှော်လင့်မိတာ မှားလေခြင်း၊ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရလေခြင်းဆိုတဲ့ ကိစ္စမျိုး မပေါ်နိုင်တော ဘူး၊ ခွင့်လွှတ်နိုင်တဲ့ သတ္တိကလေး ရှိလာတယ်...

ကျွန်တော် ပြောခဲ့တာကို ချုပ်ပြီး ပြန်ပြောမယ်နော်၊ လူတွေ သိပ်အထင်မကြီးတော့တဲ့အတွက်ကြောင့် ခွင့်လွှတ်နိုင်တဲ့ သတ္တိကလေး ပိုလာတယ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ဆိုရင်တော့ ပုထုဇနော၊ ဥမ္မတ္တကော...၊ လူတွေ ဟာ မျောက်လိုချည့်ပဲ၊ မျောက်စိတ်လိုပဲ၊ စိတ်က အငြိမ်မနေဘူး၊ ဖောက်ပြန်တတ်တယ်ဆိုတာ ခိုင်ခိုင်မာမာ သိသွားတဲ့ ပုဂ္ဂိုလ်က တော်ရုံတနရရုံဖြစ်ရင် ခွင့်လွှတ်နိုင်သလိုပေါ့၊ ကျွန်တော်တို့ ဒေဝဒတ်ကို ဘုရားက ခွင့်လွှတ်သလိုပေါ့ဗျာ၊ အဲဒါမျိုး ရင့်ကျက်မှုသဘောတွေ ပါလာတယ်လို့ ထင်ပါတယ်၊ ကျွန်တော့်အမြင်ကို ပြောတာနော်

ကောင်းပြီ၊ အဲဒီကနေ **ဆိုရှယ်လစ် သရုပ်မှန်စာပေ** ဆိုတာ ဝင်လာတဲ့အခါကျတော့ သူ့ရည်ရွယ်ချက်က ဘဝကို သရုပ်ဖော်ရမယ်၊ သရုပ်မှန်အတိုင်း တင်ရမယ်၊ ဒါပေမယ့် သရုပ်မှန်အတိုင်း တင်တာဖြစ်သော်လည်း လူ့ဘဝကြီးတစ်ခုလုံးနဲ့ လူ့စိတ်ကို ဖောင်းမပေးဘဲနဲ့ ဘဝမှာ ဖြစ်ပျက်နေတဲ့ အရင်းရှင်တို့ရဲ့ ဖိနှိပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ သွေးစုပ်ခြင်း၊ ပစ္စည်းမဲ့တို့ရဲ့ ပင်ပန်းခြင်း၊ ဆင်းရဲခြင်း၊ လုပ်သားပြည်သူတို့ရဲ့ အဖိနှိပ်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ ဆင်းရဲခြင်း၊ အဲဒီဥစ္စာတွေ ဘာကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတာ ပေါ်အောင်ရေးပါ၊ ဘဝကို သရုပ်ဖော်တာခြင်းအတူတူ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး ဖြစ်အောင်၊ အဲဒါကို လုပ်သားပြည်သူတို့ ကြိုဆိုအောင်၊ ဘဝရဲ့ ဆုံးရှုံးမှု၊ နစ်နာမှု အနိဋ္ဌာရုံတွေကို ဖော်ပြပါ၊ အဲဒီလို ဖော်ပြမှသာလျှင် ဆိုရှယ်လစ် သရုပ်မှန်စာပေ ဖြစ်ပါတယ်လို့ ယူဆပါတယ်...

mmcybermedia.com

သို့သော်လည်း ကျွန်တော်တို့ဆီမှာ ဖြစ်နေတာက အလုပ်သမားကို ချစ်တာချင်းအတူတူ၊ အလုပ်သမားဘက် လိုက်တာချင်းအတူတူ၊ ကိုယ့်အဖွဲ့ ကရေးမှ ဆိုရှယ်လစ်သရုပ်မှန်စာပေ၊ ဟိုဘက်အဖွဲ့က ရေးတဲ့စာပေဟာ ဆိုရှယ်လစ်သရုပ်မှန်စာပေ မဟုတ်ဘူး၊ အဲဒီလို ဖြစ်နေတာကိုးဗျ”

**“ဒီလိုဆို ကျွန်တော်တို့ စာပေလောကမှာ ဆိုရှယ်လစ်သရုပ်မှန်စာပေ ရှိနေပြီလို့ ဆရာဆိုနိုင်မလား”**

“အဲဒါကလည်း တော်တော်လေး ခက်တယ်ဗျ၊ တချို့စာပေတွေက သရုပ်ဖော်ကြပါတယ်၊ သို့သော်လည်း ကွင်းဆက်ကြီး ပေါ်လာအောင် အလုပ်သမား၊ ဆင်းရဲသားလူတန်းစားကို အရင်းရှင် လူတန်းစားက ဖိနှိပ်လို့ ဆင်းရဲနေကြရတာတွေ ကွင်းဆက်ပေါ်လာအောင်ရေးတဲ့ ဝတ္ထုတွေ တွေ့တော့တွေ့ပါတယ်၊ သို့သော်လည်း နည်းပါးတယ်လို့ ကျွန်တော် ထင်ပါတယ်၊ အဲဒါတွေကို ဖော်ပြပြန်ရင်လည်း ဝတ္ထုကောင်းအမျိုးအစား မဝင်ဘူးပေါ့ဗျာ၊ အဲဒါတွေကိုတော့ ရေးပါရဲ့၊ သို့သော် ဝတ္ထုက ဝတ္ထုကောင်းအမျိုးအစား ဝင်မလာပြန်ဘူး၊ ဝတ္ထုကောင်းအမျိုးအစား ဝင်ပြန်တော့လည်း အဲဒီကွင်းဆက်က မပေါ်ပြန်ဘူး၊ အဲဒါမျိုးတွေပေါ့၊ ကျွန်တော့်အမြင်ပြောရရင်တော့ ဆိုရှယ်လစ် သရုပ်မှန်စာပေရယ်လို့ တိတိကျကျ ပြောနိုင်တဲ့ ဝတ္ထုက အင်မတန် နည်းပါးပါတယ်”

**“ဒီနေ့ ဘဝသရုပ်ဖော် စာပေတွေနဲ့ပတ်သက်လို့ဆရာ ဘယ်လိုမြင်ပါသလဲ”**

“ဒီနေ့ဆိုတာ ကိုဝင်းငြိမ်းက ၁၉၇၈ ကို ဆိုလိုတာလား”

**“ဟုတ်ကဲ့၊ ၁၉၈၀ ခုနှစ်များပေါ့ဆရာ”**

“ဘဝသရုပ်ဖော်စာပေနဲ့ ပတ်သက်လို့ အရှည်ထဲမှာ နည်းနေသေးတယ်လို့ ထင်ပါတယ်၊ အတိုထဲမှာတော့ဖြင့် အတော်များများလေး တွေ့ရပါတယ်၊ အရှည်ထဲမှာတော့ ကျွန်တော်ကပဲ အဖတ်နည်းလေလို့လား မသိဘူး၊ ထိထိခိုက်ခိုက်ဖြစ်လောက်အောင် ကောင်းတဲ့ဝတ္ထု နည်းနေသေးတယ်လို့ ထင်မိပါတယ်၊ တစ်ခုရှိတာက ဘယ်ခေတ်မှာမဆို ဘဝကို တကယ်ပီပီပြင်ပြင် သရုပ်ဖော်နိုင်တဲ့ ဝတ္ထုရှည်ဟာ နည်းပါးစမြဲပဲလို့ ဆိုရမယ် ထင်ပါတယ်၊ နောက်ပြီး ကျွန်တော် စဉ်းစားမိနေတာ တစ်ခုက အပေါ်စား၊ အပေါ့စား ဝတ္ထုတွေဟာ တစ်ဖက်တစ်လှည့် ကောင်းစားတတ်စမြဲပဲလို့ ထင်မိပါတယ်၊ အဲဒီအချိန်မှာ ဘဝသရုပ်ဖော် ဝတ္ထုတွေဟာ အတန်အသင့် လူကြိုက်နည်းသွားတတ်တယ်၊ ဆိုလိုတာက ရောင်းပန်းဝယ်ပန်း သိပ်မပွင့်ဘဲ ဖြစ်သွားတတ်တယ်လို့ အောက်မေ့မိတယ်၊ ဥပမာ၊ သိုင်းဝတ္ထုတွေ ခေတ်စားခဲ့တဲ့ နည်းမျိုးပေါ့ဗျာ၊ ခုဆိုရင် သိုင်းဝတ္ထုတွေ ခေတ်မှိန်သွားပြီ၊ အဲဒီလိုပဲ ရုပ်ပြတွေလည်း ခေတ်ကောင်းခဲ့ဖူးသေးတာပဲ မဟုတ်လား၊ အဲဒီလို အချိန်အခါမျိုးမှာ တကယ်ဘဝကို ပီပြင်အောင် ရေးတဲ့သူတွေရဲ့ စာအုပ်တွေက ထိုက်ထိုက်တန်တန် မျက်နှာမပွင့်ဘူးပေါ့ဗျာ၊ မျက်နှာမပွင့်ဘူးဆိုသော်လည်း အရောင်းရ မတွင်ကျယ်လှတာကိုသာ ပြောရတာပါ၊ အဲဒီလို ဝတ္ထုမျိုးရေးတဲ့ သူတွေရဲ့ ဂုဏ်သိက္ခာက တစ်ပြားသားမှ လျော့မသွားပါဘူး၊ အဆင့်ရှိတဲ့ ပရိသတ်ကတော့ သူတို့ရဲ့စာတွေထွက်လာမယ့်နေ့ကို အမြဲစောင့်နေကြတာပါပဲ၊ ခုတော့ဖြင့် အပေါ့စား အချစ်ဝတ္ထု၊ အပေါ့စား စွန့်စားခန်းဝတ္ထု ရေးတဲ့သူတွေ လက်ကတီးက ချွေးစီးစပြုလာပြီလို့ ထင်မိပါတယ်၊ မှိန်စပြုလာပြီ၊ စာဖတ်တဲ့သူတွေကလည်း တကယ့်ဘဝကို ပီပြင်အောင် သရုပ်ဖော်ပြီး ရေးမယ့်လူတွေကို စောင့်လာကြပြီလို့ ထင်ပါတယ်...

mmcybermedia.com

အဲဒါဟာလည်း တကယ်ဆိုတော့ မဂ္ဂဇင်းဝတ္ထုတိုတွေရဲ့ ကျေးဇူးပဲလို့ ပြောချင်ပါတယ်၊ ခုနက ကျွန်တော် ပြောခဲ့သလိုပဲ ဝတ္ထုတိုတွေထဲမှာ ဘဝကို သရုပ်ဖော်တဲ့ ဝတ္ထုအတော်များများကို တွေ့ရလေ့ရှိပါတယ်၊ နောက်ပိုင်းတက်လာတဲ့ ဝတ္ထုတိုသမားလေးတွေ အတော်များများဟာ ဘဝကို ပီပီပြင်ပြင် သရုပ်ဖော်နိုင်ဖို့ အတော်လေးကို ကြိုးစားကြတာကို တွေ့ရတယ်၊ သူတို့တစ်တွေဟာ မဂ္ဂဇင်းတွေကို အလွန်ကျေးဇူးတင်ဖို့ကောင်းတယ်၊ ထိုနည်းတူ မဂ္ဂဇင်းတွေကလည်း သူတို့ရဲ့ ရေးသားကြိုးပမ်းမှုကို အလွန်ဂုဏ်ပြုသင့်တယ်လို့ ထင်ပါတယ်၊ အဲဒီလို ဝတ္ထုတိုတွေကတစ်ဆင့် ဝတ္ထုရှည်ကို ရေးလိုက်တော့ ပရိသတ်က သူတို့ကို အလွယ်တကူ လက်ခံသွားတာပေါ့၊ ဒီလိုသာမဟုတ်ရင် ဘယ်ထုတ်ဝေသူကမှ သူတို့ကို စွန့်ပြီး ထုတ်ဝေကြမယ် မဟုတ်ဘူးပေါ့…

အဲ… ဒီနေရာမှာ စကားကြုံလာလို့ ပြောလိုက်ချင်တာလေး တစ်ခု ရှိသေးတယ်၊ တချို့စာရေးဆရာတွေက ခါးပိုက်နှိုက်လောက၊ မှောင်ခိုလောက၊ ပြည့်တန်ဆာလောက စတဲ့ 'လောကစိမ်း' တွေထဲကို ကိုယ်တိုင်သွားလေ့လာပြီး အမှန်အတိုင်း ဖောက်သည်ချပြီး ရေးလိုက်တာမို့ သူတို့ဝတ္ထုကသာလျှင် သရုပ်မှန်ပါတယ်၊ ဘဝသရုပ် ပိုပြီးပီပြင်တယ်၊ ဘဝသရုပ်ဖော်ဝတ္ထုဖြစ်ပါတယ်၊ သရုပ်မှန်ဝတ္ထုဖြစ်ပါတယ် စသည်ဖြင့် ပြောကြတယ်၊ သရုပ်မှန်ဝတ္ထုဆိုတာ ဒီလောက် ဈေးပေါတာ မဟုတ်ဘူးဗျ၊ အဲဒီလိုဆိုရင် အလွန်လွယ်တဲ့ လုပ်ငန်းကြီးတစ်ခု ဖြစ်နေပြီ၊ အရေးကြီးတာက လူအကြောင်းကို သရုပ်ဖော်ဖို့ဗျ၊ သူတို့ပြောသလိုသာဆိုရင်ဖြင့် ဝတ္ထုရဲ့ ပကတိလုပ်ငန်းဟာ ဗဟုသုတပေးဖို့သက်သက်ဖြစ်နေမှာပေါ့…

နောက်ပြီး သူတို့က တကယ့်လောကထဲက အမှန်တကယ်ဖြစ်နေတာတွေကို လေ့လာစူးစမ်းပြီးမှ ရေးတာမို့ အလွန်သရုပ်မှန်ပါတယ်ဆိုတဲ့ သဘောမျိုးကို ပြောကြပါသေးတယ်၊ အဲဒီမှာလည်း ကျွန်တော် တစ်ချက်ပြောချင်တာ ရှိသေးတယ်…

ပြောရင်းဆိုရင်း ရယ်စရာကောင်းတာလေးတစ်ခုကို တွေးမိနေလို့ ဖောက်ပြီးပြောလိုက်ရဦးမယ်၊ ပြည့်တန်ဆာလောကအကြောင်းကို ကိုယ်တိုင် သွားရောက်လေ့လာမေးမြန်းပြီး ပြောတာမို့ သူတို့ဝတ္ထုကသာလျှင် အလွန်မှန် ကန်သော သရုပ်မှန်ဝတ္ထုဖြစ်ပါတယ်ပေါ့၊ ကျွန်တော် ရယ်ချင်တာက ဓမ္မသတ်ထဲက မယုံကြည်ရသော သက်သေခြောက်ဦးဆိုလား၊ ခုနစ်ဦးဆိုလား အဲဒါကို သွားပြီး သတိရမိလို့ပါ၊ အဲဒီ မယုံကြည်ရသော သက်သေထဲမှာ ပြည့်တန်ဆာ တဲ့၊ နတ်ဝင်သည်တဲ့၊ မိန်းမလျာတဲ့၊ သူရူးတဲ့၊ အဲဒါတွေပါသဗျား၊ ဒီတော့ သူတို့ကိုပြောလိုက်တဲ့ ပြည့်တန်ဆာက တကယ်အမှန်ကို ပြောပါ့မလားဆိုတာကလည်း သံသယ၊ နောက်ပြီး သူကိုယ်တိုင်ကလည်း ရေးတာမှာ အမှန်အတိုင်းဟုတ်ပါ့မလားဆိုတာကလည်း သံသယပဲဗျ၊ အဲဒါကို တွေးလိုက်မိတော့ သူတို့ဝတ္ထုထဲက အချက်အလက်တွေဟာ အမှန်အတိုင်းထင်ဟပ်နေပါတယ် ဆိုတာကြီးကို ကျုပ်က ရယ်ချင်လာမိတယ်…

တကယ်ဆိုတော့ **ဝတ္ထုဆိုတာ ဘဝကို ပုံတူကူးပြတာ မဟုတ်ဘူး၊ ဘဝထဲက အချက်အလက်တွေကို ထုတ်ယူပြီး အနုပညာနဲ့ ပေါင်းစပ်လိုက်ခြင်းအားဖြင့်နက်ရှိုင်းတဲ့ ဘဝအတွင်းသရုပ်ကို ဖော်ပြတာ၊** အဲဒါမှ ဝတ္ထုကောင်းစာရင်းထဲ ဝင်နိုင်တာ၊ ဒါတွေကို ပြောပြလိုက်ရတာက တချို့သော ဝတ္ထုလက်သင်လေးတွေအဖို့မှာ သက်ဆိုင်ရာ လုပ်ငန်းရှင်များနဲ့ တွေ့ဆုံဆွေးနွေးခြင်းလောက်ကို ဝတ္ထုလုပ်ငန်းကြီးပါပဲရယ်လို့ ယောင်ယောင်

mmcybermedia.com

မှားမှား လိုက်ပြီး ယုံကြည်သွားမှာစိုးလို့ ထည့်ပြီး ပြောလိုက်ရတာပါ၊ အဲဒီလိုထင်သွားရင် ငယ်ငယ်ရွယ်ရွယ်နဲ့ အနုပညာဘဝ ကျိုးသွားတတ်ပါတယ်...

ဆိုကြပါစို့ဗျာ... အလုပ်သမား လယ်သမားတို့ရဲ့ ဘဝကို သရုပ်ဖော်ပြီး ရေးခဲ့တဲ့ ဝတ္ထုတွေ ရှိခဲ့တယ်၊ သူတို့က လယ်ထွန်နည်း၊ ကောက်စိုက်နည်းကို ရေးတာမဟုတ်ဘူး၊ လယ်သမားတို့ရဲ့ အဖိနှိပ်ခံရတဲ့ဘဝ၊ မြေရှင်တို့ရဲ့ ဖိနှိပ် သွေးစုပ်ပုံဘဝကို သရုပ်ဖော်ခဲ့တာ၊ ဆိုလိုတာက အဲဒီလို နောက်ကွယ်မှာရှိတဲ့ နက်နဲသော ဘဝသရုပ်ကို ဖော်တာ၊ လုပ်ငန်းအကြောင်း လျှောက်ပြောနေတာ မဟုတ်ဘူး၊ လုပ်ငန်းအကြောင်းပြောရင်လည်း သူပြောချင်တဲ့ နောက်ခံစီးပွားရေးစနစ်ကြီး သို့မဟုတ် မြေရှင်စနစ်ကြီးအကြောင်းကို ပေါ်လွင်စေချင်လို့သာလျှင် ထည့်ပြီး ပြောသွားတာ...

ဒါတောင် တချို့စာပေပညာရှင်များက အဲဒီလို နိုင်ငံရေး၊ စီးပွားရေး စနစ်လောက်ကို သရုပ်ဖော်လိုက်နိုင်ရုံနဲ့ ဝတ္ထုကောင်းလို့ မဆိုသေးဘူး၊ ဒီထက် နက်ရှိုင်းတဲ့ လူ့သဘာဝ၊ လူ့ဘဝသရုပ်ကြီးကို ပီပြင်လာအောင် ဖော်နိုင်မှ ဝတ္ထုကောင်းလို့ ဆိုကြတာပါ...

ပြောနေရင်း ကိုဝင်းငြိမ်းရယ်၊ ခင်ဗျားနဲ့ တွေ့ဆုံခန်းကို ရယ်ချင်လာမိ ပြန်တယ်”

**“ဘာပြုလို့လဲဆရာ၊ပြောစမ်းပါဦး”**

“ကျွန်တော်က မန္တလေးက ဝင်းဖေ(လူထု) ရဲ့ ကာတွန်းလေးကို သွားပြီး သတိရလိုက်လို့ပါ၊ လူတစ်ယောက်က ဗုံကြီးကိုတီးလို့၊ တစ်ယောက်က နဲကြီးကိုကိုင်လိုက်လို့၊ နဲကြီးကိုင်ထားတဲ့လူက ပြောတယ်၊ ‘ငါက တစ်လျှောက်လုံး မနားဘဲ မှုတ်နေရတာ၊ သူက တစ်ချက်တစ်ချက်မှ ဗိန်းဗိန်းနဲ့ဝင်တီးပြီး တီးလိုက်ပါတဲ့ ဗုံကြီးသံလို့ ပြောလိုက်ချင်သေးတယ်’ တဲ့၊ ခုလည်း ဒီလိုပဲ၊ ခင်ဗျားက မေးခွန်းလေး တိုနန့်နန့် တစ်ချက်လောက် မေးလိုက်တာ၊ ကျုပ်ကတော့ ဖြေလိုက်ရတာ လျှာထွက်ခမန်းပဲ”

**“ဟုတ်ပါ့ဆရာရယ်၊ဆရာပြောလိုက်ကာမှရယ်စရာလည်းကောင်းဆရာကိုလည်း အားနာစရာတောင် ကောင်းနေပါပြီ၊ ကျွန်တော်တို့ကလည်း တကယ်ကို သိချင်နေတာကြောင့် မေးရတာပါဆရာ”**

“ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ရယ်စရာအဖြစ်သာ ပြောတာပါ၊ တကယ်ဆိုတော့ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ပြောချင်တာလေးတွေ ပြောလိုက်ရတာကိုး၊ တချို့ကိစ္စလေးတွေက ဆောင်းပါးတစ်စောင်တစ်ဖွဲ့လုပ်ပြီး ရေးလောက်အောင်လည်း မဟုတ်ဘူး၊ ပြောလည်း ပြောချင်နေတဲ့ ကိစ္စမျိုးလေးတွေဆိုတော့ ခင်ဗျားက ခုလိုမေးလိုက်တဲ့အခါမှာ အကွက်ဆိုက်လာရင် ပြောခွင့်ရသွားတာပေ့ါ၊ ဒါကြောင့် ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်”

**“ဝမ်းသာပါတယ်ဆရာ၊ ကဲ... ဆရာပြောသလို၊ အဲ ဝင်းဖေ(လူထု) ပြောသလို ဗုံကြီးတစ်ချက်လောက်တော့တီးလိုက်ပါရစေဦး ဆရာ၊ စာရေးဆရာတွေ အချင်းချင်းမှာ သူက စုံထောက်ဝတ္ထုရေးတဲ့လူ၊ သူက အပေါစား အချစ်ဝတ္ထုရေး တဲ့လူ၊ ငါကမှ ဘဝသရုပ်ဖော်ရေးတဲ့လူ စသည်ဖြင့် ကြွေးကြော်တတ်ပါတယ်၊ ပြီးတော့မှ အိမ်ထောင်ရေးပြဿနာ၊ လင်ကွဲမယားကွဲ ကိစ္စတွေ၊ လင်မယား ပြဿနာတွေကို ဝတ္ထုလုပ်ပြီး ရေးကြတယ်၊ အဲဒါတွေကိုကောဘဝသရုပ်ဖော်လို့ဆရာ လက်ခံပါသလားဆရာ၊သိပါရစေ”**

“အဲဒါက ဒီလိုရှိတယ် ကိုဝင်းငြိမ်းရ၊ ရေးတဲ့လူရဲ့ စွမ်းရည်နဲ့ စေတနာပေါ်မှာ တည်တယ်လို့ ပြောချင်ပါတယ်၊ လင်မယားနှစ်ယောက်ရဲ့ အိမ်ထောင်ရေးလေးကို ရေးထားတာကြောင့် ကျဉ်းမြောင်းလှပါတယ်၊ ဘဝသရုပ်ဖော် မဟုတ် ပါဘူးရယ်လို့

mmcybermedia.com

ကျွန်တော် မပြောချင်ဘူး၊ ကိုဝင်းငြိမ်း ဟုတ်ဟုတ်ဖတ်ဖူးပါလိမ့်မယ်၊ ဟို… ဆရာဦးသိန်းဖေမြင့် ရေးတဲ့ **'တစ်ခုသောငွေရတုသဘင်'** ကို ဖတ်ဖူး မှာပေါ့"

**"ဖတ်ဖူးပါတယ်ဆရာ"**

"အဲဒါဆိုရင် သူတို့ဇနီးမောင်နှံနှစ်ယောက်ရဲ့ အိမ်ထောင်ရေးဘဝ၊ စိတ်အခန့်မသင့်ဖြစ်တာလေးတွေ၊ တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်ဘဲ ဖြစ်သွားတာလေးတွေကို ကြိုးစားပန်းစား ဖြေရှင်းသွားရတာလေးတွေ၊ အဲဒါလေးတွေ ရေးသွားတာပါပဲ၊ တကယ်ကို ဘဝသရုပ် ပီပြင်ပါတယ်၊ ကျွန်တော်တော့ဖြင့် အတော်လေး ကြိုက်ပါတယ်၊ နောက်ပြီး သူရေးတဲ့ **'သူတို့ လင်မယား သုံးဆယ့်လေးနှစ်'** ကိုလည်း ဖတ်ဖူးမှာပေါ့၊ အဲဒါလည်း ကောင်းတာပါပဲ၊ ဘာကြောင့်လည်းဆိုတော့ စာရေးသူကိုယ်တိုင်က အနုပညာစွမ်းရည်လည်း ကောင်းတယ်၊ စေတနာလည်း ကောင်းတယ်၊ အဲဒါကြောင့် ဝတ္ထုကောင်းတွေ ဖြစ်လာတယ်၊ တချို့ကျတော့ ဒီလိုစေတနာမျိုး မဟုတ်ဘူး၊ လင် က မယားကို အပုပ်ချချင်လို့၊ မယားက လင်ကို အပုပ်ချချင်လို့ ရေးတာမျိုးတွေ ဖြစ်လာတတ်တယ်၊ ဘာတဲ့ ဟိုဝတ္ထုတစ်ပုဒ် ရှိသေးတယ်၊ ကျွန်တော်ကတော့ အဲဒီဝတ္ထုကို သေသေချာချာလည်း မဖတ်လိုက်ပါဘူး၊ ကျွန်တော့်စိတ်ထဲမှာ တော့ ဒီလောက်ထိအောင် သေးသိမ်ညံ့ဖျင်းလွန်းလို့သာ ဟိုမိန်းမက စိတ်ပျက်သွားတာ ဖြစ်မှာပဲလို့ ဆုံးဖြတ်လိုက်မိတယ်၊ ဟုတ်တယ်လေ၊ ကိုဝင်းငြိမ်း စဉ်းစားကြည့်ပေါ့၊ ချစ်လှပါချည်ရဲ့ဆိုပြီး ယူလာခဲ့ကြတဲ့ လင်မယားနှစ်ယောက်မှာ တစ်ယောက်ယောက်က မချစ်နိုင်တော့ပါဘူးဆိုရင် ကွဲပေါ့၊ ကိုယ်က သိပ်ပြီးချစ်နေမိလို့ အသည်းကွဲတယ်ဆိုရင်လည်း ရင်စည်းခံပေါ့၊ ဒီလောက် ပေါင်းသင်းခဲ့တဲ့လူချင်း ကွဲသွားပြီးခါမှ ငယ်ကျိုးငယ်နာ ပြန်ဖော်ပြီး အရှက်ခွဲချင်တဲ့ စိတ်မျိုးနဲ့ရေးတာ ဘယ်ကောင်းနိုင်တော့မလဲ၊ အဲဒီလူတင် မကပါဘူး၊ စာရေးဆရာကြီးတစ်ယောက်ကလည်း သူ့မိန်းမ အဲဒီလိုဖြစ်တာမျိုးကို ဝတ္ထုလုပ်ပြီး ရေးခဲ့ဖူးတာပါပဲ၊ ကိုယ့်မှာရှိတဲ့ ကလောင်စွမ်းအားလေးကို သုံးပြီး တစ်ဖက်သားကို ဘဝပျက်အောင်၊ လူကြားထဲမှာ မျက်နှာမဖော်ဝံ့အောင် ကြိုးပမ်းကြတာပါပဲ၊ ကျွန်တော်ဖြင့် အဲဒီလိုလူမျိုးတွေရဲ့လက်ထဲ လုပ်ပိုင်ခွင့်အာဏာတွေ ဘာတွေများ ရောက်သွားလိုက်မယ်ဆိုရင် ဆေးလိပ်မီးတောင်းမရတာကအစ ရန်ငြိုးထားပြီး ထင်ရာလုပ်ကြလိမ့်မယ်လို့ အောက်မေ့မိတယ်၊ ကဲ… ထားပါတော့၊ အဲဒီလို ဝတ္ထုဆရာတွေနဲ့ ဆရာဦးသိန်းဖေမြင့်ရဲ့ 'တစ်ခုသောငွေရတုသဘင်' တို့၊ 'သူတို့လင်မယား သုံးဆယ့်လေးနှစ်' တို့နဲ့ အဆင့်ချင်း မကွာပေဘူးလား…

အဲဒါပဲ ကိုဝင်းငြိမ်းရေ၊ စွမ်းရည်နဲ့ စေတနာက ဒီနေရာမှာ သိပ်စကားပြောတယ်၊ နောက်ပြီး ကိုယ့်သိက္ခာကိုယ် တန်ဖိုးထားတာချင်းလည်း ကွာတယ်၊ ခုနကပြောခဲ့တဲ့ လင်ခန်းမယားခန်း ဝတ္ထုမျိုးတွေကို ကျွန်တော်ကတော့ အညီအဟောက်မပါသော ညစ်ညမ်းစာပေလို့ပဲ သဘောထားပါတယ်၊ ဘဝသရုပ်ဖော်ဆိုတာမျိုးကို ယောင်လို့များ ပြောမိရင်တောင် လျှာလှီးပစ်ဖို့ ကောင်းပါတယ်၊ ကဲ… ဒီလောက်ဆိုရင် ကျွန်တော့် သဘောထားကို ရှင်းလောက်ရော ပေါ့"

**"ရှင်းပါတယ် ဆရာ၊ နောက်ထပ် မေးချင်တာရှိပါသေးတယ်ဆရာနဲ့ ပတ်သက်ပြီး ပရိသတ် အတော်လေးနှစ်ခြိုက်ခဲ့တဲ့ကဗျာတစ်ခုရှိပါတယ်၊ အဲဒါကတော့ သဘင်မဂ္ဂဇင်းမှာပါတဲ့ 'ကျွန်တော်အကြိုက်ဆုံး ဝတ္ထုတို' ကဗျာပါပဲ၊ အဲဒီကဗျာကို ဆရာ ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးခဲ့တယ်၊ ရည်ရွယ်ချက် အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာကို သိချင်ပါတယ်ဆရာ"**

mmcybermedia.com

"အဲဒါကိုပြောရမယ်ဆိုရင် ကျွန်တော် ရှေ့ပိုင်းမှာပြောခဲ့တဲ့ ကျောင်းဆရာဘဝကို ပြန်ပြီး သွားရလိမ့်မယ်၊ ကျွန်တော် တက္ကသိုလ်မှာ ကျောင်းဆရာလုပ်နေတော့ ဝတ္ထုတို၊ ဝတ္ထုရှည်သဘောတရားတွေကို သင်ပေးရတယ်၊ ကျွန်တော်က ကျောင်းသားတွေကို သဘောတရားသာလျှင် မဟုတ်တော့ဘဲ သိပ္ပံဘာသာရပ်တွေမှာ လက်တွေ့လုပ်ကိုင်စမ်းသပ်ကြရသလို လက်တွေ့ဝေဖန်လေ့လာမှု လုပ်ကြည့်ကြစေချင်တယ်၊ ကျွန်တော့်စိတ်ကူးနဲ့ ကျွန်တော်ပေါ့လေ..

အဲဒါနဲ့ အစီအစဉ်တစ်ခု လုပ်ခဲ့တယ်၊ တစ်နှစ်အတွင်း ဒီဇင်ဘာလအထိ ထွက်သမျှ မဂ္ဂဇင်းဝတ္ထုတွေကို ကျောင်းသားအားလုံး အုပ်စုခွဲပြီး ဖတ်ကြမယ်၊ ကျွန်တော်ကလည်း ဝတ္ထုတို၊ ဝတ္ထုရှည် သဘောတရားတွေကို တစ်ဖက်က သင်နေမယ်၊ အဲဒီအထဲမှာ ကျောင်းသားတွေ အကြိုက်ဆုံး ဝတ္ထုတိုတွေကို ရွေးလိုက်ကြရင် ဆယ်ပုဒ်၊ ဆယ့်ငါးပုဒ် စသည်ဖြင့် ထွက်လာမယ်၊ အဲဒါကို ထပ်ပြီး ဆွေးနွေးညှိနှိုင်းကြမယ်၊ အဲဒီမှာ ပညာတိုးလာကြမယ်၊ နောက်ဆုံး သုံးပုဒ်ကို ရွေးမယ်၊ ပထမ၊ ဒုတိယ၊ တတိယပေါ့၊ မဂ္ဂဇင်းဝတ္ထုရှည်တွေကိုလည်း ထိုနည်းအတိုင်းပဲ၊ ပထမ၊ ဒုတိယ၊ တတိယ၊ ပြီးတော့မှ အဲဒီဝတ္ထုဆရာတွေကို ပင့်ဖိတ်ပြီး ဂုဏ်ပြုဂါဝရလက်ဆောင်ပေးမယ်၊ ကျောင်းသားတွေကိုလည်း သေချာပြောပြထားတယ်၊ ဒါဟာ ဆုချီးမြှင့်တာမဟုတ်ဘူး၊ မင်းတို့ငါတို့အနေနဲ့ ဆုချီးမြှင့်တယ်လို့ မသုံးသင့်ဘူး၊ ကိုယ်ကကလေးတွေပဲ ရှိသေးတာ၊ **'ဂုဏ်ပြုဂါရာ လက်ဆောင်'** ဆိုတဲ့ စကားကိုပဲ သုံးရမယ် စသည်ဖြင့် ပြောထားတယ်...

လက်ဆောင်မှာလည်း သိပ်ပြီး တန်ဖိုးကြီးကြီးမားမားတော့ မတတ်နိုင်ဘူးပေါ့၊ လုံချည် အဝတ်အစားလေး ဘာလေးပေါ့၊ သို့သော်လည်း ထူးထူးခြားခြားဖြစ်အောင် တံခွန်လေးတွေတော့ ပေးမယ်၊ တံခွန်ကတော့ ဟိုးရှေးခေတ်က ကျွန်တော်တို့ သုံးခဲ့ကြတဲ့ သုံးရောင်ခြယ်အလံကို သင်္ကေတပြုပြီး တံခွန်တွေကို ပထမက အဝါရောင်၊ ဒုတိယက အစိမ်းရောင်၊ တတိယက အနီ ရောင်ရယ်လို့ ခွဲမယ်၊ တံခွန်တွေကို ကတ္တီပါနဲ့ လုပ်မယ်၊ အဲဒီတံခွန်ပေါ်မှာ ဆရာဘယ်သူဘယ်ဝါအတွက် အကောင်းဆုံး ဝတ္ထုတို ဂါရဝလက်ဆောင်၊ ဘယ်နှစ်ခုနှစ် မြန်မာကျောင်းသားများ စသည်ဖြင့် ပန်းချည်ထိုးမယ်ပေါ့၊ စာဖတ်သူလူငယ်များက ပေးတာမို့ စာရေးဆရာတွေလည်း ဝမ်းသာကြလိမ့်မယ် ပေါ့လေ၊ အဲဒါနဲ့ ကျောင်းသား ကျောင်းသူတွေလည်း စိတ်အားထက်သန်စွာ မဂ္ဂဇင်းတွေကို ဖတ်နေကြပြီပေါ့၊ ဒါပေမယ့် အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် ဆိုပါတော့ဗျာ၊ မလုပ်ဖြစ်ခဲ့ရဘူး၊ ကျွန်တော်လည်း အတော်လေးကို ယူကျုံးမရ ဖြစ်သွားတယ်၊ ခုပြောရင် ခုစိတ်မကောင်း ဖြစ်လောက်အောင်ပါပဲ ကိုဝင်းငြိမ်းရယ်၊ ကျွန်တော့်မှာ ရည်ရွယ်ချက်တွေ အကြိမ်ပေါင်းများစွာ ပျက်ခဲ့ရဖူးပါတယ်၊ အဲဒီတစ်ခါမှာတော့ဖြင့် အတော့်ကို စိတ်ထိခိုက်ခဲ့တာ အမှန်ပါပဲ၊ အဲဒီလို ဖြစ်ခဲ့ရပေမယ့် ချင်ခြင်းမပြေခဲ့ဘူး၊ ဒီကိစ္စကို လုပ်ချင်နေတယ်၊ ဘယ်လိုလုပ်ရမယ် မသိသေးဘူး၊ ဒီလိုဖြစ်နေတုန်းမှာ မဂ္ဂဇင်းအသစ်တွေ ချပေးလိမ့်မယ်ဆိုတဲ့သတင်းက ထွက်လာတယ်၊ တစ်နေ့မှာ စိန်ခင်မောင်ရီနဲ့ တွေ့ကြတော့ သူက 'ဖြူနီညိုပြာ' ကို ပြန်ပြီးထုတ်ဖို့ ကြိုးစားနေတဲ့အကြောင်း၊ သူ့ဆီမှာ ဝတ္ထုနဲ့ပတ်သက်ပြီး ဝေဖန်ချက်ကလေးတွေ ရေးပေးပါတဲ့၊ ဝေဖန်ချက်ဆိုသော်လည်း အပြစ်အနာဆာကို ထောက်ပြတာထက် ကောင်းကွက်ကို ထောက်ပြတဲ့ (Appreciation) သဘောမျိုး ဖြစ်စေချင်ပါတယ်တဲ့၊ ဒါနဲ့ ကျွန်တော်က တက္ကသိုလ်မှာတုန်းက ရည်ရွယ်ခဲ့တဲ့ အကြောင်းစုံကို ပြောပြတော့ သူက အဲဒါမျိုးကို သိပ်ကြိုက်ပါတယ်တဲ့၊ လုပ်ပေးပါတဲ့၊ နောက်ပြီး ဘယ်သူ့ကိုမှ မပြောလိုက်ပါနဲ့ဦးလို့တောင် နှုတ်ပိတ်သွားလိုက်ပါသေးတယ်၊ မဂ္ဂဇင်းတွေ အပြိုင်အဆိုင် လုပ်ကြရမှာဆိုတော့ သူကလည်း ဒီအကြံအစည်ကို သူများသိသွားမှာ စိုးရိမ်တာပေါ့...

mmcybermedia.com

နောက်တော့ 'ဖြူနီညိုပြာ' က မထုတ်ရဘူး၊ သဘင်မဂ္ဂဇင်းက ထုတ်ခွင့်ရလာပါလေရော၊ ဒီတော့မှ ချစ်ဦးညိုကို ဆရာစိန်ခင်မောင်ရီက သူ့အကြံအစည်ကို ပြောပြလိုက်တယ်၊ ချစ်ဦးညိုက ကျွန်တော့်ကိုလာပြီး စည်းရုံးတာပါပဲ၊ ကျွန်တော်ကလည်း 'ဖြူနီညိုပြာ' မထုတ်ဖြစ်တာဖြစ်ရင် သူ့သဘင်မဂ္ဂဇင်းမှာပဲ လုပ်ပေးပါမယ်လို့ ပြောလိုက်ပါတယ်၊ ကျွန်တော် နှစ်နှစ်တိတိ တစ်လမပြတ် ရေးဖြစ်ခဲ့ပါတယ်၊ အဲဒီတော့ ဒီကဏ္ဍရဲ့အစဟာ 'ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မြန်မာစာဌာန' ဖြစ်တယ်လို့ ပြောရမလိုပဲ ထင်မိပါတယ်...

အဲဒါဟာ ပထမ ရေးဖြစ်ခဲ့တဲ့ အကြောင်းရင်းပါပဲ၊ ကိုဝင်းငြိမ်းက ရည်ရွယ်ချက်အောင်မြင်ပါရဲ့လားလို့ မေးထားတာရှိပါသေးတယ်၊ ကျွန်တော့် ရည်ရွယ်ချက်ကို အကြမ်းအားဖြင့် ပြောရမယ်ဆိုရင် ဝတ္ထုတစ်ပုဒ် ကောင်းပုံ ကောင်းနည်းကို သာမန် ဝတ္ထုဖတ်ပရိသတ်က သိလာစေချင်တယ်၊ ဝတ္ထုတိုရေးချင်တဲ့ လူငယ်များအတွက် ရေးပုံရေးနည်းကလေးတွေကို သတိပြုမိကြစေချင်တယ်၊ စာဝါရင့်ပြီး ပရိသတ်ကျတော့လည်း ဝတ္ထုကောင်းကလေးတွေကို လက်မလွှတ်ဘဲ ဖတ်လိုက်မိစေချင်တယ်၊ အဲဒါက ပထမပိုင်းဆိုပါတော့...

နောက်တစ်ပိုင်းက အဲ... ကိုဝင်းငြိမ်း သတိထားမိပါလိမ့်မယ်၊ အဲဒီအချိန်တုန်းက ဝတ္ထုတိုတွေအကြောင်း စကားပြောတဲ့လူ သိပ်မရှိဘူး၊ ကဗျာကတော့ အရမ်းကို တက်နေတဲ့အချိန်ပါပဲ၊ ဝတ္ထုတိုကို စိတ်ဝင်စားစွာ ပြောကြဆိုကြသူ မရှိသလောက်ပါပဲ၊ ဒါကြောင့် ဝတ္ထုတိုကဏ္ဍ တိုးတက်လာစေချင်တဲ့ စေတနာလည်း ပါတယ်ဆိုပါတော့၊ မူလက ရည်ရွယ်တာကတော့ အဲဒီလောက်ပါပဲ၊ ကောင်းပြီ၊ အဲဒါ အောင်မြင်ရဲ့လားလို့မေးရင် အောင်မြင်သင့်သလောက် အောင်မြင်တယ်လို့ ထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ စာဖတ်သူတွေ အချို့က ကျွန်တော့်ကဏ္ဍကြောင့် စာပေအရသာကို ပိုပြီး ခံစားတတ်လာတယ်လို့ မကြာခဏ ပြောကြပါတယ်၊ ဒီနေ့ထက်ထိအောင် အဲဒါကိုပြောတာ ကြုံနေရတုန်းပါပဲ၊ အဲဒါ သာမန်ပရိသတ်ကို ပြောတာပါ၊ စာပေဝါသနာအိုး ပေါက်စကလေးတွေကလည်း တချို့ဝတ္ထုတွေကို သူတို့ မကြိုက်တတ်ပါဘူးတဲ့၊ ဆရာ ရေးပြလိုက်မှ ဟုတ်ပါလားဆိုပြီး ကြိုက်တတ်လာပါတယ်တဲ့၊ ဥပမာ... ဆရာ ထင်လင်းရဲ့ 'စိန်' ဆိုတဲ့ ဝတ္ထုမျိုးကို ပထမဖတ်တုန်းက သာမန်ပါပဲတဲ့၊ သိပ်မကြိုက်လှပါဘူးတဲ့၊ ဆရာရေးပြလိုက်ပြီး ပြန်ဖတ်ကြည့်တော့မှ ကောင်းပုံကောင်းနည်းကို သိလာလို့ တစိမ့်စိမ့် ကြိုက်လာမိတယ်လို့ ပြောကြပါတယ်...

ပြောရဦးမယ်၊ ဆရာ ဦးခင်မောင်လတ်နဲ့ ဒေါ်ခင်မျိုးချစ်တို့ ဇနီးမောင်နှံ၊ သူတို့က အလွန်အံ့သြဖို့ ကောင်းတယ်၊ သူတို့ကြိုက်ပြီ သဘောကျပြီဆိုရင် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး တကူးတက ချီးကျူးလိုက်ရမှ ကျေနပ်တဲ့သူတွေ၊ ကျွန်တော်တို့ ခင်ဗျားတို့က ဒီလောက်အထိ ဒုက္ခမခံတတ်ကြဘူး၊ သူတို့မောင်နှံနှစ်ယောက် ကားကလေးနဲ့ ကျွန်တော့်အိမ်ကို တကူးတက ပေါက်လာပြီး ဝမ်းသာကြောင်း၊ ကျေးဇူးတင်ကြောင်း ပြောကြပါတယ်၊ ဆရာကြီး ဦးခင်မောင်လတ်က 'ကိုအောင်သင်းရေ မြန်မာလိုရိုးရိုး လေးပဲ ပြောပါရစေ၊ အလွန်ကုသိုလ်ရတဲ့ ကိစ္စလို့ပဲ အောက်မေ့ပါ...' တဲ့၊ အဲဒီလို ပြောသွားတယ်...

ဝတ္ထုရေးချင်တဲ့သူတွေကလည်း ပြောကြပါတယ်၊ သူတို့ဟာ ဝတ္ထုတို သဘောတရားတွေ၊ ဝတ္ထုတိုရေးနည်းတွေကို ဖတ်ဖူးလှပါပြီတဲ့၊ ဒါပေမယ့် ဒီကဏ္ဍ ထွက်လာတော့မှ ပိုပြီး သဘောပေါက်လာတယ်လို့လည်း ပြောကြပါတယ်၊ စာလုပ်မ်းပြီး ရေးတဲ့သူတွေကလည်း ရေးကြပါတယ်၊ ဝတ္ထုတိုမှာ နာမည်ရပြီး စာရေးဆရာတချို့ကတောင်

mmcybermedia.com

ဒီကဗျာကို ဖတ်လိုက်ရတော့ ကိုယ်တိုင် ဆောင်ရရှောင်ရမယ့် အချက်တွေကို ပိုပြီး ပြတ်ပြတ်သားသား တွေ့လာ ရတယ်လို့ ပြောပါတယ်...

ဥပမာ... ရွှေသဥ္စာ ဆိုပါတော့ဗျာ၊ ကျွန်တော်က သူ့ကို မမြင်ဖူးသေးပါဘူး၊ သူ့ဝတ္ထုကို ကျွန်တော်ရွေးပြီး အကောင်းဆုံးအဖြစ် ရေးလိုက်တယ်၊ ရေးပြီးမှ 'လုံမလေး' မဂ္ဂဇင်းတိုက်မှာ သူနဲ့ တွေ့ပါတယ်၊ သူက 'ဆရာရယ် တချို့ကောင်းကွက်ကလေးတွေကို ကျွန်မကိုယ်တိုင် ရေးလိုက်တာဖြစ်ပေမယ့် သတိကို မထားမိလိုက်တာ အမှန်ပါ၊ ဆရာ ထောက်ပြလိုက်တော့မှ ငါဘယ်လို လုပ်ပြီး ရေးလိုက်မိပါလိမ့်မလဲ၊ ဒါမျိုးဟာ သိပ်ကောင်းပါလားလို့ သတိထားမိပါတယ်၊ အဲဒါမျိုးလေးတွေရဲ့တန်ဖိုးကို သိသွားတာကြောင့် နောင်ကို ဒီလိုလှအောင် ကြိုးစားရမယ်ဆိုတာမျိုးလေး ဖြစ်လာတယ်' လို့ ပြောပါတယ်...

ဒီလိုပဲ မဂ္ဂဇင်းအယ်ဒီတာ တစ်ယောက်ကလည်း ပြောပါတယ်၊ အဲဒီ ကဗျာကို ဆရာရေးလိုက်တာ ကျွန်တော်တို့ သိပ်ပြီး ကျေးဇူးတင်တာပဲ၊ ဝတ္ထုတိုတွေ ဘယ်လောက်ပဲ လာနေနေ ဘယ်လိုဝတ္ထုမျိုးကိုသာ ရွေးသင့်တယ်ဆိုတာ သိသွားပါတယ်လို့ ပြောပါတယ်

နောက်တစ်မျိုး ရှိသေးတယ်၊ ကျွန်တော် မှတ်မိနေသေးတယ်၊ ဝန်ကြီးများရုံးက အရာရှိတစ်ယောက်က ရေးလိုက်တဲ့စာပါပဲ၊ သူက ဝတ္ထုဖတ်တာကို ဝါသနာပါတယ်တဲ့၊ ခါတိုင်းဆိုရင် မဂ္ဂဇင်းတွေရှာပြီးဖတ်၊ မကောင်းတာဖတ်လိုက်ရမိရင် စိတ်ပျက်သလိုလို၊ စိတ်တိုသလိုလို ဖြစ်ဖြစ်သွားရတယ်တဲ့၊ ခုတော့ လကုန်မှ ကျွန်တော့်ကဗျာကို ဖတ်ပြီး ရွေးတဲ့ဝတ္ထု၊ ညွှန်းတဲ့ဝတ္ထုတွေကို ရှာဖတ်လိုက်တယ်တဲ့၊ အချိန်ကုန်လည်း သက်သာသေးတယ်၊ ကောင်းတာလေးတွေချည်းလည်း ဖတ်ရသေးတယ်၊ ဒါကြောင့် အလွန်ကျေးဇူးတင်သတဲ့...

အဲဒါတွေကို ထောက်ကြည့်လိုက်ရင် ကျွန်တော့်ရည်ရွယ်ချက် အတော်ကြီးကို အောင်မြင်တယ်လို့ ဆိုနိုင်ပါတယ်၊ ဝတ္ထုတိုကို ပိုပြီး စိတ်ဝင်စားလာကြတာ၊ ပိုပြီး ရှင်သန်လာတာလည်း ကိုဝင်းငြိမ်း သိတဲ့အတိုင်းပါပဲ၊ အဲ... ကျွန်တော်မရည်ရွယ်ဘဲနဲ့ ပေါ်ပေါက်လာတဲ့ အကျိုးကျေးဇူးတွေလည်း ရှိပါသေးတယ်၊ အဲဒါကတော့ ကလောင်သစ်ကလေးတွေ တချို့မှာ အချိန်တိုတိုနဲ့ လူသိများသွားတဲ့ အဖြစ်ပါပဲ၊ ဖြစ်သွားတတ်ပုံက ဒီလိုပါ၊ ဥပမာ... 'ဝင်းငြိမ်း' ဆိုတဲ့ ကလောင်သစ်ကလေးတစ်ယောက်ကို ကျွန်တော်က ရွေးပြီး ရေးလိုက်ပြီဆိုပါတော့၊ အဲဒီလိုရွေးလိုက်တာနဲ့ပဲ ချက်ချင်း စာဖတ်ပရိသတ်က သိသွားတယ်၊ ဒါတင်မကသေးဘူး၊ တခြားမဂ္ဂဇင်းတိုက်က အယ်ဒီတာတွေကလည်း... 'ဟ တို့ဆီမှာ ဝင်းငြိမ်းပို့ထားတဲ့ ဝတ္ထုတိုတွေ ရှိတယ်မဟုတ်လား၊ ရှာစမ်း... ရှာစမ်း' ဆိုပြီး အလုအယက် ထည့်ပေးလိုက်ကြတယ်၊ ဒါကလည်း ကျွန်တော့်ကို အယ်ဒီတာ တစ်ယောက်က ပြန်ပြီးပြောပြလို့ သိရတာပါ၊ ဒီတော့ အယ်ဒီတာ အဖွဲ့က ချောင်ထိုးခဲ့တာလေးတွေတောင် ပြန်ထွက်လာတယ်၊ နောက်တစ်ခါ အဲဒီကလောင်ရှင်လေးက သူတို့က မဂ္ဂဇင်းတိုက်ကို ပို့လိုက်ပြန်တော့လည်း လိုလိုချင်ချင်ပဲ ထည့်ပေးလိုက်ကြပြန်တယ်၊ သူတို့ အောင်မြင်ဖို့အတွက် အချိန်တိုတာပေါ့...

ဒါဖြင့် ကလောင်ဟောင်းကြီးတွေ အတွက်ကောလို့ မေးစရာ ရှိပြန်ပါသေးတယ်၊ ကျွန်တော့်စိတ်ထဲမှာ ထိခိုက်မိတဲ့ အကြောင်းကလေးကို ပြောပြလိုက်ရပါဦးမယ်၊ အဲဒါက **ဆရာကြီး 'စောဦး'** အကြောင်းပါပဲ၊ သူ့ကို ဒီခေတ် လူငယ်လေးတွေထဲက သိတဲ့လူ အတော်နည်းသွားပြီ၊ ကျွန်တော်တို့ကတော့ သူ့ရဲ့ **'ကြယ်နီစင်ဖြူ'** တို့၊ **'တစ်မိုးသောက်သော'** တို့ ဆိုတာမျိုးတွေကို ခုထက်ထိ မမေ့နိုင်ကြသေးဘူး၊ ဒါပေမယ့် ဒီခေတ် ကလေးတွေက သိပ်မသိကြတော့ဘူး၊ မဟေသီမဂ္ဂဇင်းမှာပါတဲ့ သူ့ဝတ္ထုတစ်ပုဒ်ကို ကျွန်တော်က ရွေးပြီး တင်ပြလိုက်တယ်၊ ဆရာကြီးက ကျွန်တော့်ဆီကို လှမ်းပြီး စာ

mmcybermedia.com

တစ်စောင် ရေးလိုက်တယ်၊ စာပေနဲ့အဆက်ပြတ်သွားတာ ကြာလှပြီဖြစ်လို့ ပရိသတ်က လက်ခံမှာမဟုတ်တော့ဘူးလို့ စိတ်ဓာတ်ကျနေခဲ့ပါတယ်တဲ့၊ နောက်ပြီး သူရေးချင်တာက လည်း ဗုဒ္ဓတရားရိပ်အကြောင်းတွေကိုသာ ရေးချင်နေတာမို့ သာပြီး လက်တွန့်ခဲ့မိပါ တယ်တဲ့၊ မဟေသီက တိုက်တွန်းလို့သာ ရေးလိုက်တာပါတဲ့၊ ခုလို ကိုအောင်သင်းက ရွေးပြီးချီးကျူးလိုက်တော့ ငါ့စာမျိုးကို ကြိုက်တဲ့သူတွေရှိပါသေးလား၊ နောက်ပြီး လက်ခံ တဲ့လူငယ်တွေ ရှိပါသေးလားလို့ အားတက်သွားပါတယ်၊ ဒါကြောင့် ကိုအောင်သင်းရဲ့ ဆောင်းပါးဟာ အားဆေးတစ်ခွက်ပါပဲလို့ ရေးထားပါတယ်၊ ကျွန်တော်ဖြင့် ဝမ်းသာ လိုက်တာ ကိုဝင်းငြိမ်းရယ်၊ မျက်ရည်လည်ခမန်းလို့ပဲ ပြောပါရစေတော့၊ အဲဒါတွေလို ရည်ရွယ်ချက် ပေါက်မြောက်တာနဲ့ပဲ ကျန်တဲ့ စိတ်မချမ်းသာစရာတွေ ပျောက်သွားတော့ တာပါပဲ”

**“အကြိုက်ဆုံး ဝတ္ထုတိုကဏ္ဍနဲ့ ပတ်သက်ပြီး စိတ်မချမ်းသာစရာ ကြုံခဲ့ရသေး လို့လား ဆရာ”**

“ကိုဝင်းငြိမ်းရယ်… ဘယ်လောက်ပဲ ကောင်းတာကို လုပ်သည်ဖြစ်စေ မလိုလား တဲ့သူကတော့ ပေါ်လာတတ်စမြဲမဟုတ်လား၊ ကျွန်တော်က ဝတ္ထုကောင်းတွေကို တင်ပြ တယ်၊ လက်ရာသစ်တဲ့ ကလောင်သစ်ကလေးတွေကို ထုတ်ဖော်လိုက်တယ်၊ ဒီတော့ ဝတ္ထုဆရာဟောင်းကြီးတွေထဲက တချို့က ကောင်းအောင်ကြိုးစားတာ မဟုတ်ဘူး၊ ဝတ္ထု ဖြစ်ရုံသာ ရေးကြတာကိုး၊ ဒီတော့ သူတို့ဝတ္ထုတွေကို မဂ္ဂဇင်းတွေက မသုံးချင်ကြဘူး၊ ယဉ်ကျေးစွာ ငြင်းပယ်တာမျိုးတွေ ဖြစ်လာတော့ ‘အောင်သင်းပေတံလား သူက ဘယ်လောက် နားလည်လို့လဲ၊ ဝတ္ထု ဘယ်နှစ်ပုဒ် ရေးဖူးသလဲ’ ဆိုတာမျိုးပေါ့၊ အဲဒီလို ဖြစ်လာတယ်…

တချို့ကျတော့လည်း ‘အောင်သင်းပြောနေတာက သမားရိုးကျ ဝတ္ထုမျိုးတွေကို ပြောနေတာ၊ တို့က အဲဒါမျိုးလောက်ကို တန်ဖိုးမထားဘူး၊ အနုပညာသစ်ကိုသာ စိတ်ဝင် စားတယ်၊ ဟောဒီမှာကြည့်’ ဆိုတာမျိုးတွေပေါ့၊ အဆန်းထွင်တယ်ဆိုတာ သူများနဲ့မတူရုံ ထွင်တာမျိုးတော့ လွယ်လှချည့်ပေါ့ဗျာ၊ ဆန်းရုံမဟုတ်ဘူး၊ ကောင်းလည်းကောင်းဦးမှကိုး၊ အဲဒီလိုလူမျိုးတွေကလည်း ကျွန်တော့်ကဏ္ဍကို ဘာဘာညာညာ ပြောကြတာတွေ ရှိလာ တာပေါ့”

**“အဲဒီကဏ္ဍကို ဆရာရပ်ပစ်လိုက်တာအဲဒါတွေကို စိတ်ပျက်သွားလို့များလားဆရာ”**

“ဒါတော့ မဟုတ်ပါဘူး၊ ကျွန်တော်က အဲဒီလောက်တော့ သတ္တိမကြောင်ပါဘူး၊ ရပ်ပစ်လိုက်တာက ပင်ပန်းလွန်းလို့ပါပဲ၊ ကိုဝင်းငြိမ်းလည်း မှတ်မိပါလိမ့်မယ်၊ ကျွန်တော် အဲဒီကဏ္ဍကို စပြီးရေးကတည်းက တစ်နှစ်လောက်ပဲ ရေးနိုင်ပါမယ်လို့ ကြိုကြိုတင်တင် ပြောခဲ့ပါတယ်၊ ဒါတောင် လူငယ်ပရိသတ်ကို လေးစားတာကြောင့် နှစ်နှစ်လောက် ရေးဖြစ်သွားတယ်၊ တစ်ခုရှိတာက တစ်လကို မဂ္ဂဇင်းစောင်ရေ နှစ်ဆယ်လောက်၊ ဝတ္ထုတိုအပုဒ် တစ်ရာလောက် ဖတ်ရတယ်၊ တိုတိုပြောရရင် တစ်လတစ်လမှာ ဆယ့် ငါးရက်လောက်အထိ တခြားဘာကိုမှ မလုပ်နိုင်ဘူး၊ ဒီကိစ္စနဲ့ပဲ အချိန်ကုန်နေတော့တာပဲ၊ ကျွန်တော့်မှာလည်း တခြားလုပ်ငန်းတွေ လုပ်စရာကလည်း ရှိနေသေးတာကိုး၊ ဒါကြောင့် ကျွန်တော် ရပ်ပစ်လိုက်တာပါပဲ၊ ပင်ပန်းလွန်းလို့ပဲ ပြောပါရစေတော့”

mmcybermedia.com

**“ဆရာ ‘သည်းဦးပန်း’ စာစောင်မှာလည်း ဝေဖန်ချက်တွေ ရေးပေးခဲ့ဖူးသေးတယ်နော်၊ သဘင်မဂ္ဂဇင်းမှာပါတဲ့ ‘ကျွန်တော်အကြိုက်ဆုံးဝတ္ထုတို’ ဆိုတာကတော့ မဂ္ဂဇင်းတွေမှာ ပါပြီးသား ထုတ်ဝေပြီးသား ဝတ္ထုတွေကို ဝေဖန်ထားတာ ဖြစ်ပါတယ်၊ သည်းဦးပန်းမှာတော့ မထုတ်ဝေရသေးတဲ့ စာမူတွေကို စာရေးသူတွေရဲ့ တောင်းခံဖိတ်ခေါ်ချက်မပါဘဲနဲ့ ဝေဖန်ချက် ရေးလိုက်တာဖြစ်လို့ဆရာ့ကို အားလုံးကမဟုတ်တောင် စာရေးဆရာ အတော်များများက ဝိုင်းဝန်းအပြစ်တင်ခဲ့ကြပါတယ်၊ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးခဲ့ကြောင်းကိုပြောနိုင်မလားဆရာ”**

“ပြောနိုင်ပါတယ် ကိုဝင်းငြိမ်း၊ ကျွန်တော်ကလည်း ပြောချင်နေတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်၊ ဖြစ်လာရပုံက ဒီလို၊ အဲဒီ ‘သည်းဦးပန်း’ မထွက်မီ ၁၉၈၅ ဇန်နဝါရီလ ထဲလောက်မှာ ထင်ပါတယ်၊ အထောက်တော်လှအောင်ရယ်၊ ကျွန်တော်ရယ်၊ မနင်းဖွေးရယ် ချောက်မြို့ကို စာပေဟောပြောပွဲ သွားရပါတယ်…

အဲဒီမှာ အထောက်တော်လှအောင်က ဦးစီးစီစဉ်ပြီးတော့ ကိုမြတ်ငြိမ်းတို့နဲ့ ဝတ္ထုတိုစာစောင်လေးတစ်ခု ထုတ်မယ်လို့ စာမူတွေကိုတောင် နှစ်ပတ်စာ လောက်ဆိုလား ရထားပြီးပြီတဲ့၊ အဲဒီမှာ ကျွန်တော်က အမှာစာရေးပေးပါတဲ့၊ ဝတ္ထုတိုအားလုံးကိုဖတ်ပြီး ယေဘုယျသုံးသပ်ချက်၊ ဝတ္ထုတိုသဘောတရား၊ အခြေခံ ဘာဘာညာညာ စသည်ဖြင့်ပေါ့လေ၊ ခင်ဗျား နားလည်ပါတယ်ဗျာ၊ ရေးတတ်ပါတယ်တဲ့၊ သူက ခိုင်းတာက အဲဒီလောက်ပါပဲ…

အဲဒီမှာ ကျွန်တော့်ရဲ့ ပျော့ညံ့ချက်က ကောက်ကာငင်ကာ ဝင်လာတော့တာပဲ၊ ရှေ့လောကြီးမှု၊ စကားလှအောင်သုံးရရင် ဆန္ဒစောမှုပေါ့၊ ကျွန်တော်ကလည်း ဝတ္ထုတိုလေ့လာမှု၊ တိုးတက်အောင်လှုံ့ဆော်မှု ဆိုတာတွေကို အားကြိုးမာန်တက် လုပ်နေတဲ့ အချိန်ပေကိုး…

ကျွန်တော် စဉ်းစားလိုက်တာက စာရေးဆရာတချို့က ဒီလိုသီးခြားထွက်တဲ့ စာစောင်တွေအတွက်ဆိုရင် သူတို့စိတ်ကြိုက် ဝတ္ထုတိုတွေကို ရုတ်တရက် မပေးချင်ကြဘူး၊ မဂ္ဂဇင်းကြီးတွေက ပယ်လိုက်တဲ့ ဝတ္ထုမျိုးလောက်ကိုသာ ပေးတတ်ကြတယ်၊ ကလောင်သစ်တွေကလည်း ထိုနည်းတူပဲ၊ ဖြစ်နိုင်ရင် သူတို့ဝတ္ထုတိုတွေကို နာမည်ကြီးဦးဆောင်မဂ္ဂဇင်းကြီးတွေမှာသာ ပါချင်တတ်ကြတာ ဓမ္မတာပဲ၊ အဲဒီမဂ္ဂဇင်းကြီးတွေမှာ မတိုးနိုင်တဲ့ ဝတ္ထုမျိုးလောက်ကိုသာ ဒီလိုစာစောင်တွေမှာ ပေးချင်ကြတာ၊ ကျွန်တော်က အဲဒီလို သဘောပေါက်ထားတယ်၊ ဒီတော့ ကျွန်တော်က ဦးလှအောင်ကို…

ကိုလှအောင်၊ ထုတ်မယ့်ထုတ်ရင် ထူးထူးခြားခြားဖြစ်အောင် ထုတ်ပါ၊ ဒီအတိုင်းဆိုရင် ဟိုမဂ္ဂဇင်းကပယ်၊ ဒီမဂ္ဂဇင်းကပယ်ထားတဲ့ ဝတ္ထုတိုတွေသာ ခင်ဗျားတို့ဆီ ရောက်ပြီး ‘အပယ်ပုံ’ ဝတ္ထုတိုတွေ ဖြစ်နေလိမ့်မယ်၊ အကောင်းဆုံး ဝတ္ထုတိုအကြောင်းကို ရေးရတာ အရသာရှိသော်လည်း ညံ့တဲ့ဝတ္ထုတိုတွေကို ကြံဖန်ပြီး ချီးမွမ်းနေလို့လည်း ဖြစ်တာမဟုတ်ဘူး၊ ဒီတော့ ကျုပ်က ဝတ္ထုတိုင်းကို သုံးသပ်ချက် ထည့်ပေးမယ်၊ ‘သဘင်’ ထဲမှာ ရေးသလိုတော့ မလုပ်နိုင်ဘူး၊ တိုတိုပဲပေါ့၊ အဲဒီလို ကျုပ်က လူမိုက်လုပ်ပြီး စောင့်ရေးလိုက်မယ်ဆိုရင် တော်ရုံတန်ရုံ ဝတ္ထုမျိုးကို သူတို့လည်း ပို့ကြတော့မယ် မဟုတ်ဘူး၊ အဲဒီလိုဆိုရင် အတော်အတန်သန့်သန့် ဝတ္ထုတွေကို ရလာနိုင်တယ်၊ ပရိသတ်ကလည်း ယုံကြည်စိတ်ချလာနိုင်တယ်…

အဲဒီလိုပြောလိုက်တော့ အထောက်တော်ကြီးက ‘ကိုအောင်သင်း ခင်ဗျား အဲဒီလို အပုဒ်တိုင်းအတွက် တကယ်ရေးပေးမှာလား’ တဲ့၊ ‘ရေးပေးမယ်လေ၊ သို့သော်လည်း

mmcybermedia.com

တစ်ခုတော့ရှိတယ် ကိုလှအောင်၊ ကျွန်တော် ဒီလိုရေးမယ်ဆိုတာကို သူတို့ကို ကြိုတင် အသိပေးထားပြီး ဖြစ်ရမယ်နော်၊ ဒီလိုရေးမှာကို သဘောတူရင်ပေး၊ မတူရင်မပေးနဲ့ပေါ့' လို့ ပြောလိုက်တော့ သူက 'ဟာ... ဒါတော့ လုပ်ထားရမှာပေါ့' တဲ့...

အဲဒီလို သဘောတူညီချက်ကိုလည်း ရပြီးရော သူက ရန်ကုန် ကိုမြတ်ငြိမ်းဆီကို အကျိုးအကြောင်း လှမ်းပြီး သံကြိုးရိုက်လိုက်တယ်၊ အောင်သင်းကို သွားတွေ့ပါ... စသည်ဖြင့်ပေါ့၊ သူကတော့ ပုဂံသီရိပစ္စယာ ဟိုတယ်မှာ စာရေးပြီး ကျန်ရစ်ခဲ့ပါလေရော၊ အဲဒီကနေပြီး ကလောကိုတောင် တက်သွားလိုက်သေးထင်ပါရဲ့၊ ကိုမြတ်ငြိမ်းကတော့ ရန်ကုန်မှာ ပတ်ချာလည် နေတာပေါ့၊ ကျွန်တော်မှတ်ချက်ရေးမယ်ဆိုတဲ့ အကြောင်းတွေကို စာရေးသူတွေဆီကို လိုက်ပြောရတာပေါ့၊ တချို့ကလည်း သဘောမတူလို့ ပြန်ယူသွားတယ်ဆို ထင်ပါရဲ့၊ တချို့ကတော့ တခြားဝတ္ထုနဲ့လဲပြီး ပေးကြသတဲ့၊ ကျွန်တော်နဲ့ သိကျွမ်းတဲ့ စာရေးဆရာမလေးတစ်ယောက်ကတော့ ပေးပြီးသားဝတ္ထုကို အားမရလို့ နောက်တစ်ပုဒ်ထပ်ပြီး ရေးပေးလိုက်ရတယ်လို့ ကျွန်တော့်ကို ပြောပြပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ ဒါဟာ သူတို့ကိစ္စပဲ၊ ကျွန်တော်နဲ့ မဆိုင်ဘူး၊ သဘောမတူရင် မပေးကြနဲ့ပေါ့...

တကယ်တမ်းဖတ်ကြည့်လိုက်တဲ့ အခါကျတော့ တချို့ဝတ္ထုက အတော်လေး ညံ့နေတာကို တွေ့ရတယ်၊ အဲဒီအထဲမှာ လုံးချင်းဝတ္ထုနဲ့ နာမည်ကြီးနေတဲ့ စာရေးဆရာ တစ်ယောက်ရဲ့ဝတ္ထုက အတော်လေးကို ညံ့နေတယ်၊ ကျွန်တော်က မရေးချင်ဘူး၊ ရေးလိုက်ရရင်လည်း ကျွန်တော်အဖို့လည်း မကောင်းဘူး၊ သူ့အဖို့လည်း အတော်လေး နာသွားမယ်၊ ဒါကိုမြင်နေလို့ ကျွန်တော်က ကိုမြတ်ငြိမ်းကို ပြန်ပေးလိုက်ပါလို့ ပြောတယ်၊ ကိုမြတ်ငြိမ်းကလည်း သူတို့ကိုယ်တိုင်က တောင်းထားခဲ့တာဆိုတော့ ပြန်ပေးပါတယ်လို့ ပြောရမှာလည်း အတော်ခက်မှာပေါ့၊ ဒါကြောင့် 'ဆရာအောင်သင်း မှတ်ချက်ရေးမှာပါ ဆရာ၊ သူက အားမနာတတ်ပါဘူး၊ ပယ်ပယ်နယ်နယ် ရေးချင်ရေးပစ်တာပါ' ဆိုတဲ့ သဘောမျိုးကို ပြောပြတော့လည်း သူက 'ရေးပါစေပေါ့' လို့ ပြောလိုက်သတဲ့၊ ဒီတော့ ကျွန်တော်ကလည်း ရေးလိုက်တာပါပဲ၊ ညံ့တယ်ပေါ့...

သြော်... ပြောရဦးမယ်၊ အထောက်တော်ကြီးက သူ့ဘာသာသူ ဝတ္ထုတိုတွေ တောင်းလာတာဆိုတော့ တချို့စာမူတွေမှာ ကလောင်နာမည်ပဲပါတယ်၊ နာမည်ရင်းလည်း မပါ၊ လိပ်စာလည်းမပါဆိုတော့ ကိုမြတ်ငြိမ်းခမျာမှာလည်း လှေကို ခြေရာခံရသလို ဖြစ်နေတယ်၊ အဲဒီအထဲမှာ ကျွန်တော် သေချာမှတ်မိနေတာ တစ်ယောက်က 'ခင်လပြည့်ဝန်း' ဆိုတဲ့ စာရေးဆရာမလေးနာမည်ပဲ၊ သူ့ဝတ္ထုမှာလည်း ချွတ်ယွင်းချက် ပါနေတော့ ရေးရတော့မယ်၊ ကိုမြတ်ငြိမ်းကလည်း ပင်ပန်းလှပြီ၊ ဒီတော့ သူက 'ကျွန်တော်လည်း မသိဘူး၊ ဘယ်လိုက်ရမှန်းလည်း မသိဘူး၊ ရေးသာရေးထားလိုက်ပါ ဆရာ၊ ဦးလှအောင်ပြန်လာတော့ သူ့ဘာသာ ကြည့်လုပ်ပါလိမ့်မယ်' တဲ့...

ဒီလိုနဲ့ 'သည်းဦးပန်း' အမှတ်(၁)လည်း ထွက်လိုက်ပါလေရော၊ ကျွန်တော့်ကိုလည်း စီခန် ဝိုင်းဆဲကြတော့တာပါပဲ၊ အဲဒီထဲမှာ စာနဲ့ပေနဲ့ တုံ့ပြန်တဲ့ ဆောင်းပါး တစ်စောင် ထွက်လာတော့ ကျွန်တော်က 'သူ့ကို ခင်ဗျားတို့မပြောဘူးလား' လို့မေးတယ်၊ သေချာပြောပါတယ်လို့ ပြောတာပဲ၊ ကျွန်တော်ကလည်း ဒီဆောင်းပါးကို သေချာ ဖတ်ကြည့်တော့ အဲဒီစာရေးဆရာဟာ သိပြီးဖြစ်နေကြောင်း အရိပ်အမြွက် တွေ့ရတယ်၊ ကျွန်တော် ဘာမှပြန်ပြီး မရေးတော့ပါဘူး၊ ဒီအတိုင်းပဲ နေလိုက်တယ်...

တချို့စာရေးဆရာတွေကလည်း ကျွန်တော့်ကို ပစ်ပစ်ခါခါ ပြောကြတယ်၊ ကျွန်တော်ကလည်း စိတ်ကတိုလာတာနဲ့ 'နေစမ်းပါဦး ခင်ဗျားတို့ဝတ္ထုဆရာတွေကို

mmcybermedia .com

ကျုပ်ကဝေဖန်တယ်၊ စာပေသမားအချင်းချင်း ပြောတာကျတော့ နာနေလိုက်ကြတာ၊ စာရေးဆရာများအတွက် ဆန်ဖိုး၊ဆီဖိုးလေးရအောင် ထုတ်ဝေပေးရပါတယ်ဆိုတဲ့ လူမျိုးကျတော့ မပြောကြဘဲ ငြိမ်ခံနေကြတယ်၊ အံ့ပါ့ဗျာ’ လို့ ပြောပစ်လိုက်တယ်…

အဲ… ခင်လပြည့်ဝန်းဆိုတဲ့ ကလောင်မလေးအကြောင်းကို ပြောရဦးမယ်၊ စာပေဗိမာန် စာတမ်းဖတ်ပွဲတစ်ခုမှာ ခေတ္တနားချိန်မယ် ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ဆင်းကြတယ်၊ ထမင်းသုပ်တို့ ဘာတို့ စားကြတာပေါ့၊ စာပေဗိမာန်က မနင်းဖွေးရယ်၊ ကြူကြူသင်းလည်း ပါတယ်ထင်ပါရဲ့၊ အဲဒီမှာ ဒီကလေးမက အားလုံးကို ကျွေးပါရစေပေါ့၊ ကျွန်တော်ကလည်း သူ့ကို မြင်ဖူးသလိုလိုပဲ၊ သေချာမသိဘူး၊ ဒါနဲ့ ကျွန်တော်က ဘယ်သူလဲဆိုတာ မေးကြည့် လိုက်တော့ ‘ခင်လပြည့်ဝန်း’ တဲ့၊ ကျွန်တော့်မှာ အားနာလိုက်တာ၊ ဒါနဲ့ပဲ ရယ်ရွှန်းပတ်ရွှန်းနဲ့ ‘ညည်းကို အားနာလိုက်တာဟယ်’ လို့ ပြောတော့ သူကလည်း ဘာမှမဖြစ်သလို ရယ်မောပြီး ‘အားမနာပါနဲ့ ဆရာရယ်၊ ကျွန်မကလည်း ကျွန်မပဲ၊ ဆရာထောက်ပြလိုက်မှ ကိုယ့်ဘာသာကိုယ် ရှက်သွားပြီး ရယ်လိုက်ရတာ’ တဲ့…

အဲဒီလို ဝိုင်းအဆဲခံရပြီး တစ်ပတ်လောက်ရှိတော့ အထောက်တော်ကြီးနဲ့ ကိုမြတ်ငြိမ်း၊ ကိုလူအောင်တို့တစ်တွေက ကျွန်တော့်ကို ညနေပိုင်းမှာ မြေနီကုန်း (ဘဲင်းဘူးဟောက်စ်)ကို လာခဲ့ပါလို့ ချိန်းတယ်၊ ကျွန်တော်က သူတို့ တစ်တွေမှာလည်း ဟိုကပြော၊ ဒီကဆဲခံနေရပြီ၊ ဝေဖန်ချက်ကို မထည့်ပါရစေနဲ့တော့လို့ ပြောကြလိမ့်မယ်လို့ အောက်မေ့လိုက်မိပါတယ်၊ ဒီအချိန်မှာ ကျွန်တော်က ဆုံးဖြတ်ပြီးနေပြီ၊ သူတို့က ရပ်လိုက်မယ်ဆိုရင် ကျွန်တော့်ဘာသာ တစ်စင်ထောင်ပြီး ကိုယ်တိုင်ထုတ်မယ်၊ **စိတ်တိုင်းကျ အဝေဖန်ခံဝံ့တဲ့ ဝတ္ထုတိုများ**စသည်ဖြင့် ဖိတ်ခေါ်ပြီး ထုတ်မယ်လို့ ဆုံးဖြတ်ထားပါတယ်…

ဘဲင်းဘူးဟောက်စ်ကို ရောက်သွားတော့ အထောက်တော်ကြီးက ‘ဘယ်လိုလဲ ကိုယ့်လူ’ လို့ မေးတယ်၊ ကျွန်တော်က မရယ်မပြုံး မျက်နှာခပ်မှုန်မှုန်နဲ့ပဲ ‘ခင်ဗျားတို့က ကျုပ်ရဲ့မှတ်ချက်ကို မထည့်ချင်တော့ပါဘူး ဆိုရင်လည်း အားမနာကြနဲ့၊ ကျုပ်ကတော့ ကိုယ်ဘာသာဆက်ပြီး လုပ်ဖို့လို့ ဆုံးဖြတ်ပြီးပြီ’ အထောက်တော်က ‘ဝိုင်းပြီး ပြောကြတာတွေကြောင့် မှတ်ချက်မရေးချင်တော့ပါဘူးလို့ဆိုရင် ခင်ဗျားကို ဓားနဲ့ထိုးမလို့ ခေါ်တာပဲ’ လို့ ရယ်ပြီး ပြောပါတယ်…

အဲဒါပါပဲ ကိုဝင်းငြိမ်းရေ၊ ဒီအကြောင်းတွေကို ရှင်းပြထားတဲ့ အမှာစာကြီးကို ‘သည်းဦးပန်း’ အမှတ်(၃)မှာ ထည့်လိုက်ပါသေးတယ်၊ ဒါပေမယ့် ဘာကြောင့်မှန်းမသိဘူး၊ ဆိုပါတော့လေ အကြောင်းကြောင်းကြောင့် ပါမလာခဲ့ရဘူး၊ ကျွန်တော်လည်း အတော်လေး စိတ်မကောင်းဖြစ်သွားခဲ့ရပါတယ်၊ ခုတော့ ကိုဝင်းငြိမ်းသိချင်တာ ရှင်းသွားလောက်ပြီ ထင်ပါတယ်”

**“ရှင်းပါပြီ ဆရာ၊ အဲဒီတုန်းကတော့ ကျွန်တော်တို့လည်း ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားခဲ့ပါတယ်၊ ကျွန်တော် သေချာမှတ်မိတာက ဒီကိစ္စနဲ့ပတ်သက်ပြီး မဂ္ဂဇင်း၊ ကာတွန်းကဏ္ဍတွေမှာတော်တော်ဂယက်ထခဲ့သေးတာပဲ”**

“ဟုတ်ပါ့ဗျား၊ တချို့သော ကာတွန်းဆရာတွေကတော့ ပွဲတော်ကြီး တွေ့ရသလောက် ဝမ်းသာသွားကြဟန်တူပါတယ်၊ ကိုဝင်းငြိမ်းက စကားစလာလို့ နောက်ပေါက် ကာတွန်းဆရာတချို့အကြောင်းကို ပြောရဦးမယ်၊ သူတို့ရေးနေကြတာက သဘင်၊ ဂီတ၊ စာပေ စတဲ့ နယ်ပယ်တွေကို လှောင်နေကြတာကိုး၊ တခြားနယ်ပယ်တွေကို ကျွန်တော် မပြောတတ်ဘူး၊ ကျွန်တော်တို့ စာပေနယ်နဲ့ ပတ်သက်တာကိုတော့ အတော်လေး

mmcybermedia .com

သိနေလို့ ပြောလိုက်ရဦးမယ်၊ သူတို့တစ်တွေက ဟိုအရင် ကာတွန်းဆရာကြီးများကို စာပေလည်း မနှံ့စပ်ဘူး၊ ဗဟုသုတနယ်ကလည်း မကျယ်ဘူး၊ ဒီတော့ ကိုယ်ပိုင်အတွေးအမြင်ကလည်း အလွန်နည်းတယ်၊ စာရေးဆရာတွေ ဟောပြောတာကို သွားနားထောင်၊ ရယ်စရာမောစရာ ပရိသတ်ပွဲကျတာလေးတွေကို တွေ့ရင်မှတ်လာပြီး အဲဒီအတိုင်း ကာတွန်းရေး၊ အဲဒါကိုလည်း အထောက်အထားမဲ့ အရမ်းပြောနေတာ မဟုတ်ပါဘူး၊ ကျွန်တော်က အဇာတသတ်အကြောင်း ဟောပြောတဲ့အခါမှာ အဇာတသတ် နောင်တရကြောင်းကို ပြောတော့ 'အဇာတသတ်ဟာ သူမှားပြီဆိုတာကို သိလိုက်တယ်၊ လူတိုင်းဟာ မှားတတ်ကြတာ ဓမ္မတာပဲ၊ ဒါကြောင့်လည်း ခဲတံတွေမှာ ခဲဖျက်တပ်ထားရတာပေ့ါ' လို့ ဟာသဖောက်လိုက်တယ်၊ ပရိသတ် ပွဲကျသွားတယ်၊ ပရိသတ်ရယ်သံစဲသွားမှ 'သို့သော်လည်း အဇာတသတ်ရဲ့အမှားက ခဲဖျက်နဲ့ ဖျက်လို့မရတဲ့အမှား' လို့ ခွန်အားနဲ့ ဖိပြောပြီး အစသတ်ပေးလိုက်တယ်...

ကာတွန်းဆရာနှစ်ယောက်က အဲဒါကို ဝမ်းသာအားရ အလုအယက်ယူပြီး ရေးလိုက်ကြတာ တစ်လတည်း မဂ္ဂဇင်းနှစ်စောင်မှာ တစ်ပြိုင်နက် ပါလာပါလေရော၊ ဒါပေမယ့် ရေးထားလိုက်ပုံက ကျွန်တော်ပြောတဲ့ 'ခဲဖျက်နဲ့ ဖျက်လို့မရတဲ့အမှား' ဆိုတဲ့ အတွေးမျိုးကို ရောက်အောင် မတွေးတတ်ဘူး၊ မရေးတတ် ဘူး...

ဒီကြားထဲ မအူမလည် စာရေးဆရာတချို့က ဝင်ပြီး မြှောက်ထိုးပင့်ကော် လုပ်ပေးလိုက်တော့ မနူးမနပ် ကာတွန်းဆရာတွေက ကျွန်တော့်ကို ဝိုင်းတွယ်ကြတော့တာပေ့ါဗျာ၊ အမှန်က အဲဒီလို စာရေးဆရာတွေက သူတို့ကိုယ်တိုင် ကျွန်တော့်ကို ပေါ်ပေါ်ထင်ထင် ရင်ဆိုင်ပြီး မရေးဝံ့ဘူး၊ ဒါကြောင့် သူတို့က လက်ကိုင်တုတ် လုပ်လိုက်တာပါပဲ၊ သူတို့ကတော့ သဘောမပေါက်ဘူး၊ အောင်သင်းကို နှက်လိုက်တယ်ပေ့ါ၊ မြူးနေကြမှာပေ့ါ၊ အတွေးအမြင်က တိမ်ကြလေတော့ ပက်လက်အိပ်ပြီး တံတွေးထွေးသလို ဖြစ်နေတာကိုတောင် သူတို့ မသိကြဘူး...

ဆိုကြပါစို့ ကာတွန်းဆရာတစ်ယောက် နှစ်ယောက်ကဆိုရင် ကျွန်တော့်ကိုတောင် မဟုတ်တော့ဘူး၊ ဝေဖန်ရေးကိုပါ တိုက်ခိုက်လာတယ်၊ ကာတွန်းဆရာတစ်ယောက်က ရေးတယ်၊ 'အေးကွာ... မင်းလို ဝတ္ထုတိုလည်း မရေးတတ်၊ ဝတ္ထုရှည်လည်း မရေးတတ်တဲ့ကောင်က ဝတ္ထုတွေကို ဝေဖန်နေတယ်ဆိုတော့ ကြီးပွားပါစေကွာ' တဲ့၊ ဒါမျိုးတွေကို ရေးလာတယ်၊ ဒါဟာ သူ့စကားမဟုတ်ဘူး၊ မအူမလည် စာရေးဆရာတချို့ ပြောတဲ့စကား၊ ဒါမျိုးကို သူများတွေ ဘယ်လောက်ပဲပြောနေနေ ကာတွန်းဆရာက မပြောရဘူး...

ဒီမယ်စဉ်းစားကြည့်ပါ ကိုဝင်းငြိမ်း၊ ကာတွန်းဆိုတာဟာ ဝေဖန်ရေး လုပ်နေတာ မဟုတ်လို့ ဘာလုပ်နေတာလဲ၊ သူတို့တွေ့သမျှ မြင်သမျှကို လိုက်ပြီး ဝေဖန်နေတာပဲ မဟုတ်လား၊ ကျွန်တော်တို့ စာပေဝေဖန်ရေးကို ဝတ္ထုရေးတတ်မှ ဝေဖန်ရမယ်လို့ သူတို့ကပြောသလို ပြန်ပြီးပြောရမယ်ဆိုရင် 'ဒီမယ် ကိုယ့်လူကာတွန်းဆရာ၊ ကိုယ့်လူက ဂီတကို ဝေဖန်ရအောင် သီချင်းတစ်ပုဒ် ဆိုတတ်သလား၊ အကကို ဝေဖန်ရအောင် ကိုယ့်လူက စည်းဝါးတောင် မှန်အောင်လိုက်တတ်ရဲ့လား၊ ပန်းချီကိုဝေဖန်ရအောင် ကိုယ့်လူက ပန်းချီကျောင်းတက်ပြီး ပန်းချီရုပ်ကို သူများနည်းတူ မလုပ်တတ်လို့ ကာတွန်းဘက်ကို လိုင်းပြောင်းလာတယ်ဆို၊ မဟုတ်လား' စသည်ဖြင့် ပြန်ပြီး မေးခွင့်ရှိလာတာပေ့ါ၊ ဒါပေမယ့် သိနားလည်ကြသည့်အားလျော်စွာ ဘယ်သူကမှ မမေးပါဘူး...

ကာတွန်းဆိုတာ ခင်ဗျားသိတဲ့အတိုင်း ချွတ်ယွင်းချက် အပြစ်အနာကို ရှာပြီး သရော်ကြရတာမျိုး၊ ဝေဖန်ရေးစစ်စစ်ပဲ၊ အဲဒီလို ထိထိမိမိ ဟာသမြောက်အောင် ဝေဖန်တာဟာ သူတို့အလုပ်ပဲ၊ အဲဒီအလုပ်မျိုးကို လုပ်နေတဲ့သူက ကိုယ်တိုင်မလုပ်တတ်ဘဲနဲ့

mmcybermedia.com

ဝေဖန်ရမလားလို့ ဝေဖန်ရေးဆရာတွေကို လှောင်လိုက်တာကို 'ပက်လက်အိပ်ပြီး တံတွေးထွေးမိလို့ ကိုယ့်တံတွေးခွက်မှာ ပက်လက်မျောတယ်' လို့ ကျွန်တော်ပြောတာ လွန်သလား၊ စာရေးဆရာတစ်ချို့က မြှောက်ပေးတိုင်း ရေးတာဟာ ကိုယ်ပိုင် 'ခေါင်း' မရှိရာရောက်တယ်လို့ ကျွန်တော်ပြောတာ ကျိုးကြောင်းမခိုင်မာဘူးလား...

ကာတွန်းဆရာတစ်ယောက်က ရေးလိုက်သေးတယ်၊ လူတစ်ယောက်က စကားပြောစင်ကလေးကို လက်ထောက်ပြီး စကားပြောနေတဲ့အရုပ်၊ ပြောတဲ့စကားက 'ကျွန်တော်ကတော့ အားလုံးကို ဝေဖန်ပါမယ်၊ ကျွန်တော့်ကိုတော့ အားလုံးထဲက ဘယ်သူကမှ ပြန်ပြီး မဝေဖန်ပါနဲ့ခင်ဗျား' တဲ့၊ သဘောကိုတော့ ခင်ဗျားလည်း သိပါတယ်၊ ဝေဖန်ရေးဆရာဟာ သူများကိုသာ ဝေဖန်ချင်တယ်၊ သူတို့ကို ပြန်မဝေဖန်စေချင်ဘူးပေါ့၊ ကျွန်တော်တို့ စာပေဝေဖန်ရေးလောကမှာ ဒါမျိုးတွေက ရှိုးနေပြီ၊ ကျွန်တော်ရေးတာကို ဘယ်သူမဆို ပြန်ပြီးရေးနိုင်တယ်၊ ပြန်ပြီးဝေဖန်နိုင်တယ်၊ အတိအလင်း ကျိုးသင့်ကြောင်းသင့် ပြောကြရတာ အစဉ်အလာကြီးပဲ၊ ကာတွန်းတို့ ဘာတို့မှာသာ စောင်းသလိုလို မြောင်းသလိုလို ရေးလို့ရတာ၊ ကျွန်တော်တို့ရေးတာ (အထူးသဖြင့် ကျွန်တော်ရေးတာ)မျိုးတွေက ပြောင်ပွင့်ပွင့်လင်းလင်း ရေးတာ၊ အခု ကျွန်တော်ပြောတဲ့အချက်တွေကို အဲဒီကာတွန်းဆရာတစ်စုက မကျေနပ်လို့ ပြန်ပြီးချေပရေးသားချင်တယ် ဆိုရင်လည်း ရေးနိုင်ခွင့်ရှိပါတယ်၊ ကျွန်တော့်မှာလည်း ကာတွန်းတွေ အတော်များများကို စုဆောင်းထားတာမို့ ပြန်ပြီး ရေးချင်ရေးနိုင်ခွင့် ရှိသေးတာပါပဲ၊ အဲဒါတောင် အကြောင်းအရာဘက်ကိုသာ ပြောနေသေးတာ၊ စကားသုံးစွဲတာတွေ၊ လိုရင်းကို တိုတိုရောက်အောင် စာမသွင်းတတ်တာတွေ စတဲ့ ဘာသာစကားရှုထောင့်၊ အလင်္ကာရှုထောင့် ဆိုတာတွေ မပါသေးဘူး၊ ဒါတွေကို ဝေဖန်ချင်ရင်လည်း ဝေဖန်နိုင်ခွင့် ရှိတာပါပဲ၊ ပုဂ္ဂိုလ်ရေး ထိုးနှက်တာမှ မဟုတ်ဘဲ...

ပုဂ္ဂိုလ်ရေးထိုးနှက်တာဆိုလို့ ပြောရဦးမယ်၊ တစ်ခါက အများဆိုင် စာပေကိစ္စကြောင်းရာ မဟုတ်ဘဲနဲ့ စာရေးဆရာတစ်ယောက်ကို ပုံတူကာတွန်းရေးပြီး သူ့ကိုယ်ရေးကိစ္စကို လှောင်ထားတာ တွေ့လိုက်ရတော့ ကျွန်တော်က အဲဒီမဂ္ဂဇင်း အယ်ဒီတာကို ပြောတယ်၊ ဒီလိုကိစ္စမျိုးကို မရေးသင့် ဘူးပေါ့၊ အဲဒီ အယ်ဒီတာပေါက်စက 'သူတို့မှာ လိုင်စင်ရှိတယ်' တဲ့၊ ကျွန်တော်ကလည်း အဲဒီအယ်ဒီတာကို ဘာမှ မပြောခဲ့တော့ပါဘူး၊ ကာတွန်းဆရာတွေကို အဲဒီလိုပဲ မြှောက်ပေးနေကြတာ၊ ဒီတော့ တစ်ခါတစ်ရံ အယ်ဒီတာ သဘောကျလောက်အောင် အယ်ဒီတာအမြင်ကတ်သူကို ထိုးနှက်ပေးရတာကလည်း ရှိတယ်၊ ကျွန်တော့်ကို ပြန်ပြီးငြင်းကြမယ်ဆိုရင် ဖြစ်ပွားပုံအခြင်းအရာတွေကို သက်ဂ္ဂရာဇ်နဲ့တကွ ပြန်ပြီး တင်ပြနိုင်ပါတယ်...

အဲ... လိုင်စင်ကိစ္စ ပြန်ပြီးဆက်ကြရအောင်၊ ရေးခွင့်ရှိတာမှန်တယ်၊ ဒါပေမယ့် ရေးသင့်တာကိုလည်း တွက်ရဦးမှာပေါ့၊ အဲဒီလိုမဟုတ်ရင် 'ခွေးက သုံးပတ်လှည့်ပြီး အိပ်တယ်၊ ငါကရှင်ဘုရင်ကွ၊ ဘယ်နှစ်ပတ်လှည့်လှည့် ဘာဖြစ်သေးလဲ' ဆိုတဲ့ ပွဲထဲက ရှင်ဘုရင်အရူးလုပ်သလို ဖြစ်ကုန်မှာပေါ့...

မဆီမဆိုင်ပြောတယ်လို့လည်း မထင်ပါနဲ့ဗျာ၊ တချို့ ကာတွန်းဆရာ ပေါက်စလေးတွေက ကျွန်တော့်ကို ပြောကြတယ်၊ သူတို့မှာ မဂ္ဂဇင်းတွေကို တိုးလို့မရနိုင်ဘဲ ဖြစ်နေတယ်တဲ့၊ ကဗျာဆရာ ကလောင်သစ်ကလေးတွေ၊ ဝတ္ထုဆရာ ကလောင်သစ်ကလေးတွေမှာ ရွေးလောက်အောင် ကောင်းပြီဆိုရင် တစ်ခါတစ်ရံလေးမျှဖြစ်စေ ဖော်ပြခံရတယ်၊ သူတို့မှာတော့ ကောင်းတာလေး လောက်ကို တစ်နှစ်နေလို့ တစ်ခါမပါနိုင်အောင် ဖြစ်နေတယ်တဲ့၊ နေရာမရဘူးပေါ့ဗျာ၊ အဲဒါလည်း သူတို့ဘက်က ရှေ့နေလိုက်ပေးချင်မိတယ်...

နာမည်ရပြီး ကာတွန်းဆရာတွေရဲ့ ကာတွန်းတွေဟာ ဘာမှန်းမသိ၊ ညာမှန်းမသိ၊ ဟာသလည်း မပါ၊ အတွေးလည်း မပါ၊ အူကြောင်ကြောင်တွေဖြစ်နေတာ မကြာခဏ တွေ့ရတတ်ပါတယ်၊ အဲဒါမျိုး ထည့်ပေးမယ့်အစား မြိုးမြိုးမြက်မြက် ကာတွန်းလက်ရာ သစ်ကလေးတွေကို အလှည့်ပေးသင့်ပါတယ်၊ ပရိသတ်က ကာတွန်းကြည့်တဲ့အခါမှာ ဝတ္ထုတို့၊ ဘာတို့ဖတ်သလို ကလောင်ရွေးမနေပါဘူး၊ ကာတွန်းရုပ်ကို တွေ့လိုက်ရင် ဖတ်လိုက်ပြီး သဘောကျစရာကောင်းရင် ကျလိုက်တာပါပဲ၊ လူသစ်ဆိုပြီး ကျော်မသွားပါဘူး၊ စက္ကန့်ပိုင်းအတွင်း ပြီးအောင်ဖတ်နိုင်တဲ့ ကိစ္စမျိုးပါ၊ အဲဒါကတော့ ကာတွန်း ဝါသနာရှင်လေးများအတွက် မေတ္တာရပ်ခံရတာပါပဲ…

ကဲ… ကိုဝင်းငြိမ်းရေ 'သည်းဦးပန်း' ကစလိုက်တာ ကာတွန်းထိအောင် ရောက်သွားခဲ့ပြီ၊ ကျွန်တော့်မှာလည်း စာပေဆွေးနွေးပွဲတွေမှာ 'သည်းဦးပန်း' ကိစ္စ၊ ကာတွန်း ကိစ္စတွေကို ခဏခဏ မေးကြပါတယ်၊ ဒါကြောင့် ကိုဝင်းငြိမ်းရဲ့ မေးခွန်းကို အပြည့်အစုံ ဖြေလိုက်ရပါတယ်”

**“ဝတ္ထုတစ်ပုဒ်ရဲ့ အင်္ဂါရပ်ကို ဘယ်လိုသတ်မှတ်မလဲဆရာ”**

“ကိုဝင်းငြိမ်းမေးတာက ဝတ္ထုဆိုတာဘာလဲလို့ မေးတာမဟုတ်ဘူးနော်၊ ဝတ္ထုတစ်ပုဒ်ရဲ့ အင်္ဂါရပ်ကိုမေးတာ၊ အခြေခံအားဖြင့်တော့ ဝတ္ထုတစ်ပုဒ်မှာ **ဇာတ်ကောင်တစ်ခု၊ သို့မဟုတ် ဇာတ်ကောင်အများ**ပါရမယ်၊ သူတို့တစ်တွေရဲ့ **ဖြစ်ပျက်မှုအစဉ်လို့ပြောနိုင်တဲ့ ဇာတ်လမ်း** ပါရမယ်၊ ဒီနှစ်ချက်ကတော့ အခြေခံပါပဲ၊ နောက်တစ်ဆင့် တက်လိုက်ရင်တော့ဖြင့် **ဝတ္ထုဆရာပြောချင်တဲ့ အာဘော် (Theme)** ပါရမယ်၊ အဲဒီ အာဘော်ကိုပဲ နောက်တစ်ဆင့်ထပ်ပြီး တက်လိုက်ရင် စာဖတ်သူအတွက် ဆင်ခြင်စဉ်းစားစရာ လောကအမြင်၊ ဘဝသင်ခန်းစာ စတဲ့ အကျိုးရှိရာရှိကြောင်း အာဘော်ဖြစ်လာသင့်တယ်၊ အဲဒါတွေဟာ ဝတ္ထုတစ်ပုဒ် ရဲ့ အခြေခံ အင်္ဂါရပ်တွေပါပဲ…

ဒါတွေကတော့ အများစုက ရေးကတည်းကစပြီး ယနေ့ထက်တိုင် လက်ခံလာကြတဲ့ ဝတ္ထုတွေနဲ့ ပတ်သက်လို့ ပြောလိုက်ရခြင်းပါပဲ၊ သို့သော် လည်း အဲဒီလို ဝတ္ထုအမျိုးအစားတွေနဲ့ မတူဘဲ သီးခြားပုံသဏ္ဌာန်ကို ရေးချင်တဲ့ ဝတ္ထုဆရာတစ်ချို့ ကတော့ ဝတ္ထုသစ်ရယ်လို့ဆိုပြီး အသစ်ထွင်ပြီး ရေးကြတာကို တွေ့နိုင်ကြပါတယ်၊ အဲဒီဝတ္ထုတွေမှာတော့ ဇာတ်ကောင်ပင်ပါသော်ငြားလည်း ဇာတ်လမ်းရယ်လို့ မည်မည်ရရ ရှိချင်မှရှိတတ်တယ်၊ အဖြစ်အပျက်ကလေးတွေ ပါလာစေဦးတော့ ဇာတ်လမ်းလို့ ခေါ်နိုင်တဲ့ အဆင့်ကို မရောက်တတ်ပါဘူး၊ သူတို့က သင်္ကေတတို့၊ နိမိတ်ပုံစတဲ့ အလင်္ကာ နွယ်ဝင် အရေးအဖွဲ့တွေကို အားပြုပြီး စာဖတ်သူကို ဆွဲဆောင်နိုင်ဖို့ ကြိုးစားကြပါတယ်၊ ကိုယ်ပြောချင်တာကို စာဖတ်သူကိုယ်တိုင်က အားထုတ်မှုနဲ့ ဖမ်းယူခံစားနိုင်အောင် ကြိုးစားရေးဖွဲ့လေ့ ရှိပါတယ်၊ သို့သော်လည်း အဲဒီလို ဝတ္ထုမျိုးကို ရေးတဲ့သူကလည်း များများမရေးနိုင်ဘူး၊ ဖတ်တဲ့သူများကလည်း ဒါမျိုးကိုချည်း ကြာရှည်မဖတ်ချင်ကြဘူး၊ ဒါကြောင့် တွင်ကျယ်တဲ့အဆင့်ကို ရောက်မလာကြဘူးလို့ ဆိုနိုင်ပါတယ်၊ ဒါကြောင့် အဲဒီလိုဝတ္ထုမျိုးရဲ့ အင်္ဂါရပ်ကို သတ်မှတ်ဖို့ အလွန်ခက်ပါတယ်၊ ဒါကြောင့် **ဝတ္ထုတစ်ပုဒ်ရဲ့ အင်္ဂါရပ်ဟာဖြင့် ဇာတ်ကောင်ရယ်၊ အဖြစ်အပျက်လို့ပြောရမယ့် ဇာတ်လမ်းရယ်၊ နောက်တစ်ဆင့်တက်ရင် အာဘော်ရယ်၊ နောက်တစ်ဆင့်တက်ရင်လောကအမြင်၊ ဘဝသင်ခန်းစာရယ်လို့ဖြစ်တယ်**လို့ ကိုဝင်းငြိမ်းရဲ့ အမေးကို ဖြေလိုက်ရတာပါပဲ”

**“ဒါဆို ရသမြောက်တဲ့ဝတ္ထုဆိုတာ ဘယ်လိုဟာမျိုးလဲ”**

mmcybermedia .com

"ကိုဝင်းငြိမ်းရဲ့ မေးခွန်းကို တိုတိုဖြေလိုက်ရင်တော့ ရသကိုပေးနိုင်ရင် ရသမြောက်တဲ့ ဝတ္ထုပဲလို့ ပြောရမှာပါပဲ၊ ဒီနေရာမှာ **ရသဆိုတာဘာလဲ**ဆိုတဲ့ ပြဿနာက ဝင်လာပြန်ပါပြီ၊ ရသသဘောကို ဟောပြောပွဲတွေမှာတော့ ကျွန်တော် အတော်လေး ပြောခဲ့ဖူးပါတယ်၊ ရှေးပညာရှင်ကြီးများဟာ ရသကိုးပါးရှိတယ်လို့ ဆိုမိန့်ကြပါတယ်၊ အဲဒါတွေက **ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ** ဆိုတာတွေပါပဲ၊ ကိုဝင်းငြိမ်းလည်း သိပါတယ်၊ အဲဒါတွေကို ရသလို့ ခေါ်ကြပါတယ်၊ ဒီနေရာမှာလည်း တချို့ပညာရှင်တွေက ရသခြောက်ပါးသာရှိတယ်၊ တချို့က ဆယ့်လေးပါးရှိတယ်၊ စသည်အားဖြင့် အဆိုအမိန့်ကွဲပြားတာတွေလည်း ရှိပါသေးတယ် ...

အဲဒီလို ဘာကြောင့်ကွဲပြားကြသလဲဆိုတာကို ကျွန်တော်စဉ်းစားမိသလောက် ပြောရမယ်ဆိုရင် ကျွန်တော်တို့ ခင်ဗျားတို့ရဲ့ တကယ့်လောကမှာ ချစ်တဲ့အခါရှိတယ်၊ မုန်းတဲ့အခါရှိတယ်၊ ကြောက်တဲ့အခါလည်းရှိတယ်၊ ရဲဝံ့စွန့်စားတဲ့ အခါလည်းရှိတယ်၊ အဲဒီလို ကျွန်တော်တို့ရဲ့ စိတ်လှုပ်ရှားမှုနယ်ပယ်တွေကို စာရင်းကောက်ကြည့်လိုက်တဲ့အခါ ကိုးမျိုးလာပြီး တွေ့ရတယ်၊ အဲဒီလိုပဲ တချို့ကလည်း ဆယ့်လေးမျိုးရှိတယ် စသည်အားဖြင့် ယူဆကြပါလိမ့်မယ်၊ အဲဒီလို အပြင်တကယ့်လောကမှာ စိတ်လှုပ်ရှားမှု အမျိုးမျိုးရှိသလို အပြင်လောက တကယ့်ဖြစ်ရပ်နဲ့တူအောင် ဖန်တီးထားတဲ့ ပြဇာတ်တို့၊ ဝတ္ထုတို့ကို ကြည့်ရတဲ့အခါမှာလည်း အဲဒီလို ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ရွံ့ခြင်းဆိုတာတွေကို ခံစားရပါတယ်၊ ဒါပေမယ့် အပြင်မှာ တကယ်ကိုယ်တိုင်ကြုံတွေ့ခံစားရတာကိုတော့ ရသလို့ မခေါ်နိုင်ကြပါဘူး၊ ဘာကြောင့်လဲဆိုတော့ အနုပညာ၌ နှစ်သက်ခြင်း ပါမလာတာကြောင့်ပါပဲ၊ ရသဆိုတာက ကြောက်ရွံ့နေရသော်လည်း အဲဒါကိုပဲ နှစ်သက်နေပြန်တယ်၊ တကယ်မဟုတ်မှန်း သိသိကြီးနဲ့ကိုပဲ မျက်ရည်မဆည်နိုင်အောင် သနားနေမိတတ်ပါတယ်၊ အဲဒီလို သနားနေရတာကိုပဲ ရသလို့အောက်မေ့တယ်၊ ဒါကြောင့် ရသလို့ ခေါ်ကြတာပါပဲ...

တကယ့်အပြင်လောကမှာ ကိုယ့်မိကိုယ့်ဘ၊ ကိုယ့်သားသမီး ကွယ်လွန်ဆုံးပါးရင် ကြေကွဲကြတာပဲ၊ ငိုကြွေးကြတာပဲ၊ ဒါပေမယ့် အဲဒီလိုခံစားမှု၊ ကြေကွဲရမှုကို ဘယ်သူမှ မနှစ်သက်နိုင်ဘူး၊ နောက်တစ်ကြိမ်ထပ်ပြီး မကြုံလိုကြဘူး၊ သို့သော်လည်း အလွမ်းခန်းက ကောင်းလွန်းလို့ လက်ကိုင်ပုဝါ ရွှဲလောက်အောင် ငိုခဲ့ရတဲ့ ရုပ်ရှင်မျိုးကျတော့ နောက်ထပ်ပြီးကြည့်မိတတ်ကြတာပဲ မဟုတ်လား၊ နှစ်သက်ခြင်းပေါ့၊ ဒါကြောင့် ရသဆိုတာဟာ နှစ်သက်ခြင်းနှင့်တကွ ဖြစ်သောခံစားမှုလို့ ပညာရှင်များက ဆိုကြခြင်းပါပဲ

အဲ... ကိုဝင်းငြိမ်းရဲ့မေးခွန်းကို ပြန်ပြီးအတိုချုပ်ဖြေလိုက်ရရင် အဲဒီလိုခံစားမှုမျိုးကို နှင့်နှင့်နဲနဲ ခံစားရအောင် လုပ်ပေးနိုင်တဲ့ ဝတ္ထုမျိုးကို ရသမြောက်တဲ့ဝတ္ထုလို့ ပြောရမှာဖြစ်ပါတယ်"

**"ဝတ္ထုတွေထဲမှာတော့ဇာတ်ကောင်စရိုက်အစရှိတဲ့ ကိစ္စမျိုးတွေမှာဝတ္ထုဆရာ က ဝင်မပြောရဘူးလို့ တချို့က ဆိုကြပါတယ်၊ တချို့ကတော့လည်း ပြောတယ်ကွာ ဘာဖြစ်လဲဆိုပြီး ဝင်ပြောတယ်၊ အဲဒီလို ကွဲလွဲမှုနှင့် ပတ်သက်ပြီး ဆရာ ဘယ်လို မြင်ပါသလဲ"**

"ဒီကိစ္စက ကျွန်တော်တို့ဆီမှာ အခုမှ စကားလုပ်ပြီး ပြောနေကြတာပါ၊ အနောက်တိုင်းမှာတော့ သီပေါမင်း ပါတော်မမူမီလောက်ကတည်းက စပြီး ပြောခဲ့ကြတာပါ၊ အဲဒီပြဿနာကို ထင်ထင်ရှားရှား သိသိသာသာစပြီးတင်လိုက်တာက ကျွန်တော်ပါပဲ၊ 'အပြောနှင့် အပြ' (Telling and Showing) ဆိုတဲ့ အယူအဆပါပဲ၊ ကျွန်တော်ပြောခဲ့တာက ဝတ္ထု

mmcybermedia.com

တစ်ပုဒ်မှာ စာရေးသူက ဝင်ပြောရင်မကောင်းဘူး၊ မပြောဘဲ ပေါ်လွင်အောင်ပြတာမှ ပိုပြီး ကောင်းတယ်လို့ ပြောခဲ့တာမဟုတ်ပါဘူး၊ အပြောဝတ္ထုထဲမှာလည်း ရသမြောက်တဲ့ ဝတ္ထု တွေရှိတာပါပဲ၊ ကျွန်တော်တို့ ကြိုက်ပါပေ့ဆိုတဲ့ ဝတ္ထုတွေထဲမှာ အပြောဝတ္ထုတွေ တစ်ပုံ တစ်ပင်ကြီးရှိပါတယ် ...

ကျွန်တော်ပြောခဲ့တာက တကယ့်ဝတ္ထုကျော် ဆရာကြီးများက အပြဝတ္ထု ဖြစ်အောင်ကြိုးစားကြတယ်လို့ ပြောခဲ့တာပါ၊ အဲဒီသဘောကို ကျွန်တော်ရှုမဝမဂ္ဂဇင်းမှာ အခန်းဆက် ဆောင်းပါးရှည်ကြီး ရေးခဲ့ဖူးပါသေးတယ်၊ သူတို့ပြောချင်တဲ့ သဘောတရား အခြေခံကို အတိုချုပ်ပြောရရင် ကြီးကြီးကျယ်ကျယ်တွေ ဖြစ်ကုန်မလားတော့ မသိဘူး၊ ပြဟ္မစိုရ်တရားလေးပါးကစပြီး ပြောချင်တော့တာပဲ ...

ပြဟ္မစိုရ်တရားလေးပါးဆိုတာက ကိုဝင်းငြိမ်းသိတဲ့အတိုင်း မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတာတွေပဲ၊ မေတ္တာဆိုတာက တစ်ပါးသောသတ္တဝါကို မိမိကိုယ်ကို ချစ်သကဲ့သို့ ချစ်နိုင်ခြင်း၊ ဂရုဏာဆိုတာက တစ်ပါးသော သတ္တဝါတစ်ခု ဒုက္ခရောက်တဲ့ အခါမှာ သနားကြင်နာတတ်ခြင်း၊ မုဒိတာဆိုတာက တစ်ပါးသောသတ္တဝါ ချမ်းသာသုခ ကြုံတဲ့အခါမှာ သူ့အတွက် ဝမ်းမြောက်နိုင်ခြင်း၊ ဒီနေရာမှာ ဖြတ်ပြီးပြောလိုက်ချင်တာက ကျွန်တော်တို့တစ်တွေဟာ သူတစ်ပါး ဒုက္ခဆင်းရဲရောက်ရင် သနားစိတ်ဝင်ဖို့ လွယ်ကူ သေးတယ်၊ သူတစ်ပါး ကြီးပွားချမ်းသာတဲ့အခါမှာ ဝမ်းမြောက်နိုင်ဖို့ အလွန်ခက်တယ်လို့ ထင်မိတယ်၊ မနာလိုခြင်း၊ ဝန်တိုခြင်းတို့ကသာ ရှေ့ကရောက်လာတတ်လေ့ရှိတယ်လို့ အောက်မေ့မိပါတယ်၊ အဲ ... နောက်ဆုံးဥပေက္ခာဆိုတာကတော့ အခက်ဆုံးလို့ ထင်မိတာပဲ၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းမရှိ၊ တစ်စုံတစ်ရာ တုန်လှုပ်မှုမရှိ၊ ပကတိလျစ်လျူရှုပြီး နေနိုင် ခြင်းမျိုးကို ဆိုလိုတာပါ၊ အရပ်ထဲမှာ ပြောလေ့ရှိကြတဲ့ ဒီကောင်ကိုတော့ သူ့ဘာသာသူ သေသေရှင်ရှင် ဥပေက္ခာပဲဆိုတဲ့ သဘောမျိုးက မုန်းလို့ပြောတာ၊ အဲဒါမျိုးမဟုတ်ဘူး၊ ကိုယ်နဲ့ ဘာမျှမပတ်သက်တဲ့ မုန်းကြိုး၊ ချစ်ကြိုးပြတ်နေတဲ့ သဘောမျိုးကိုပြောတာပါ၊ အဲ ... ဝတ္ထုဆရာတွေမှာလည်း သူတို့ဖန်တီးလိုက်တဲ့ ဇာတ်ကောင်တွေရဲ့ အံပေါ်မှာ မုန်းကြိုး ချစ်ကြိုးမျှင်တွေ တစ်ထွေးကြီးနဲ့ တွယ်ငြိနေတတ်တဲ့ သဘောရှိတယ်၊ တချို့ဇာတ်ကောင် တွေကိုတော့ သူကိုယ်တိုင်က ချစ်နေတယ်၊ သနားနေတယ်၊ တချို့ဇာတ်ကောင်တွေ ကိုတော့ သူကိုယ်တိုင်က မုန်းနေတယ်၊ စက်ဆုပ်နေတယ်၊ ဒီတော့ ကိုယ်ချစ်တဲ့ ဇာတ် ကောင်ကို ပရိသတ်ကလည်း ချစ်လာအောင် သူကိုယ်တိုင်မသိဘဲဖြစ်စေ၊ တမင်ပဲဖြစ်စေ ဖေးဖေးမမ ရေးဖွဲ့တတ်ကြတယ်၊ မုန်းတဲ့ဇာတ်ကောင်ကျပြန်တော့လည်း ပရိသတ်ကပါ မုန်းလာအောင် ဖိဖိနှိပ်နှိပ် ရေးလိုက်ကြတတ်ပြန်တယ်၊ ဒီတော့ ဝတ္ထုဆရာကိုယ်တိုင်က သူဖန်တီးတဲ့ ဇာတ်ကောင်တွေအပေါ်မှာ တရားမျှတမှု မရှိဘူး၊ ဘက်လိုက်တယ်၊ ပင်း တယ်လို့ ပြောစရာဖြစ်လာပြန်တာပေါ့၊ ဒီတော့ စာဖတ်သူအပေါ် တစ်နည်းအားဖြင့် ဩဇာ ပေးသလို ဖြစ်လာပြန်တယ်၊ ဒီလူကိုချစ်ပါ၊ ဟိုလူကိုဖြင့် မုန်းလိုက်ပါလို့ ဝတ္ထုဆရာက ဝင်ပြီးပြောသလို ဖြစ်လာတယ်...

ကျွန်တော်ပြောတဲ့ ဝတ္ထုဆရာကြီးမျိုးတွေက အဲဒီလိုမလုပ်သင့်ဘူးတဲ့၊ အားလုံး သော ဇာတ်ကောင်တွေအပေါ်မှာ တပြေးညီဆက်ဆံသင့်တယ်၊ ချစ်ကြိုး၊ မုန်းကြိုးဖြတ်ပြီး ဥပေက္ခာသဘောမျိုး ထားသင့်တယ်၊ ရေးသူက သူတို့ရဲ့ ကံသုံးပါးအမူအရာကိုသာ ပြပါ၊ ပြရုံပဲပြပါ၊ ဘာမှဝင်မပြောပါနဲ့၊ မှတ်ချက်မပေးပါနဲ့၊ စာဖတ်သူကိုယ်တိုင်ကသာ ကြိုက် သလို မှတ်ချက်ချပါစေ၊ ဒီသဘောမျိုးပါ၊ သူတို့က ဘာပြောသလဲဆိုတော့ 'ကျွန်တော် ကတော့ စာဖတ်သူကို အိမ်ရဲ့ တံစက်မြိတ်စွန်းဆီ ခေါ်သွားပြီး ပြတင်းပေါက်ကနေပြီး အခန်းထဲက ဇာတ်ကောင်တွေကို လက်ညှိုးထိုးပြလိုက်မှာပဲ၊ သူတို့ပြောတာ ဆိုတာ၊ လုပ်တာကိုင်တာကို ကိုယ့်ဘာသာကိုယ် နားထောင်ပေါ့၊ အဲဒီလူတွေထဲမှာ လိမ်ပြောတဲ့

mmcybermedia.com

သူလည်း ပါချင်ပါမှာပဲ၊ ကိုယ်က ချင့်ပြီးယုံပေ့ါ၊ တကယ့်လောကမှာလည်း ဒီလိုပဲ မဟုတ်လား၊ ခင်ဗျား အမဲသားဝယ်ဖို့သွားတော့ အမဲသားသည်က သိပ်လတ်ဆတ်ပါတယ်လို့ ပြောတာပဲ၊ ခင်ဗျားကကော သူပြောတိုင်း ယုံသလား၊ အမဲသားကို ကြည့်ပြီး ချင့်ယုံတာပဲမဟုတ်လား၊ ကျွန်တော့်ဇာတ်ကောင်တွေကလည်း သူလိုငါလိုလူတွေပါပဲ၊ ချင့်ပြီးယုံပေ့ါ၊ ကျွန်တော်ကတော့ ဘာမှဝင်ပြီး ပြောလိမ့်မယ် မဟုတ်ဘူး၊ ပြရုံသက်သက် ပြသွားမှာပဲ’ တဲ့ ...

ကျွန်တော်က အဲဒီသဘောကို ပြောပြတာပါ၊ ရေးခဲ့တာပါ၊ သဘောတရား သက်သက်ကိုသာ ရိုးရိုးသားသား ရေးခဲ့တာပါ၊ ဒါပေမယ့် ပြဿနာက တက်ချင်လာတော့ တချို့သော ကျွန်တော့် တပည့်တပန်းတွေက နှုတ်ဆော့ပြီး ဝတ္ထုဆရာတစ်ယောက်ကို ‘ဆရာ့ဝတ္ထုတွေမှာ အပြောက များတယ်၊ ရေးသူက ဝင်ပြောတာဟာ ဝတ္ထုအဆင့်မမြင့်ဘူး’ ဘာညာနဲ့ သွားပြောတာကိုး၊ ဒီတော့ ‘ပြောချင်ပြောမှာပေ့ါ’ ဆိုတာမျိုးတွေ ဖြစ်ကုန်တာပေ့ါ၊ ဒီလောက်ဆိုရင် တော်သေးတယ်၊ အဲဒီထက် ခွကျလာတာတစ်ခုက အဲဒီစာရေးဆရာက ကျွန်တော့်ကိုပါလာပြီး တေ့တေ့ဆိုင်ဆိုင်ပြောတာပဲ၊ သူက ‘ခင်ဗျားက ရေးသူက ဝင်မပြောရဘူးလို့ ပြောတယ်၊ ကျုပ်ကတော့ ပြောချင်ဝင်ပြောလိုက်တာပဲ’ တဲ့၊ သူပြောတဲ့ လေသံက ခင်ဗျားတို့ သဘောတရားသမားတွေ၊ ဝေဖန်ရေးသမားတွေ ပြောတာကို ဂရုစိုက်မနေဘူးဆိုတဲ့ လေသံမျိုးနဲ့ပြောတာ၊ ဒါမျိုးကျတော့ ကျွန်တော်ကလည်း သည်းခံတတ်တဲ့ သူတော်ကောင်းမျိုးမဟုတ်ဘူး၊ ကျွန်တော်က ‘ပြောပေ့ါ၊ ခင်ဗျားဘာသာပြောတာ ကျုပ်နဲ့ ဘာဆိုင်တာမှတ်လို့၊ ကျုပ်ပြောနေတာကလည်း တကယ့်အဆင့်မြင့် ဝတ္ထုဆရာကြီးတွေ အကြောင်းကိုပြောနေတာ၊ ခင်ဗျားတို့လို အဆင့်မျိုးကိုပြောနေတာမှ မဟုတ်ဘဲ’ လို့ ခပ်တည်တည်ပဲ ပြန်ပြောလိုက်တယ်၊ သူလည်း အောင့်သွားမှာပေ့ါ၊ နာမည်တစ်လုံးနဲ့ နေသူကိုး၊ ကျွန်တော်ကလည်း ဘာရယ်မဟုတ်ပါဘူး၊ လာပြီးပြောပုံကိုက ပမာမခန့် ပြောတယ်ထင်လို့ ပြန်ပြောလိုက်တာပါ၊ တကယ်ပါပဲ၊ ကျွန်တော်ရေးနေတာကိုက ဘယ်သူဘယ်ဝါရဲ့ ဝတ္ထုမျိုးဟာ မကောင်းဘူးလို့ဆိုတဲ့ သဘောမဟုတ်ပါဘူး၊ ဒီလို ဓမ္မဓိဋ္ဌာန်ကျအောင် ကြိုးစားပြီး ရေးနေကြသူတွေလည်း ရှိတယ်ဆိုတာကို ပြောတာပါ၊ ဝတ္ထုရေးတဲ့ သူတို့ရဲ့ အခြေခံသဘောတရား နရင့်ကွာခြားမှုရှိတယ် ဆိုတာကိုပြောတာပါ၊ အဲဒါပါပဲ”

**“ဝတ္ထုတစ်ပုဒ်မှာမက်ဆေ့ချ်(Message) တစ်စုံတစ်ခုပါမှဝတ္ထုပီသတယ်လို့ဆိုကြတယ်၊ မက်ဆေ့ချ်ဆိုတာဘာလဲဆရာ”**

“မက်ဆေ့ချ်ဆိုတဲ့ အင်္ဂလိပ်စကားကို မြန်မာပြန်ကြတော့ ‘သတင်းပေးတယ်’ လို့ ပြန်ကြတယ်၊ သတင်းစကားပါးမှု ပေ့ါလေ၊ ဒါပေမယ့် သတင်းပေးခြင်းလို့ ပြောလိုက်ရင် သတင်းစာထဲမှာပါတဲ့ သတင်းတို့၊ ရေဒီယိုက ကြေညာတဲ့ သတင်းတို့ လို Information နဲ့ ရောထွေးနိုင်တယ်လို့ ကျွန်တော်ထင်နေမိတယ်၊ မက်ဆေ့ချ်ဆိုတာက အဲဒီလောက်ကိုသာ ဆိုလိုတာ မဟုတ်ဘူး၊ လောကအကြောင်း၊ လူ့အကြောင်း၊ လောကသဘာဝ၊ လူ့သဘာဝလောက်ထိအောင် ဆိုလိုတာပါ၊ ဒီတော့ မက်ဆေ့ချ်ဆိုတာကို ‘အကြောင်းစကား’ လို့ မြန်မာလိုပြန်ရင် ပိုပြီး သင့်မလားလို့ အောက်မေ့မိပါတယ်၊ ဟိုအရင်ကတော့ ဝတ္ထုတစ်ပုဒ်၊ ပုံပြင်တစ်ခုမှာ ဆောင်စရာ၊ ရှောင်စရာ၊ သင်ခန်းစာ (Moral Lesson) တစ်ခုတော့ ပါရမယ်လို့ပြောလေ့ပြောထ ရှိခဲ့ကြပါတယ်၊ အဲဒါတွေက ဘာသာရေး အဆုံးအမတွေနဲ့ ဆိုင်တတ်တယ်၊ လူ့အဖွဲ့အစည်း ထုံးတမ်းနီတိတွေနဲ့ ဆိုင်တတ်တယ်၊ သေချာစူးစမ်းကြည့်လိုက်မယ် ဆိုရင်တော့ အဲဒီလိုဘာသာရေး အဆုံးအမတွေကို သင်ပြချင်လို့၊ နီတိတွေကို သရုပ်ပြချင်လို့ ပုံပြင်တွေကို ဖန်တီးခဲ့ကြတယ်လို့ ဆိုနိုင်ပါလိမ့်မယ်၊ တစ်နည်းအားဖြင့် ပညတ်ချက်၊ လမ်းညွှန်ချက်တွေကို အခြေခံပြီး မှ ပုံပြင်တွေကို

mmcybermedia .com

အဲဒီပညတ်ချက်၊ လမ်းညွှန်ချက်တွေနဲ့ ကိုက်ညီအောင် ဇာတ်လမ်းဇာတ်ကွက်ကအစ ဖန်တီးယူခဲ့ကြတယ်လို့ ဆိုနိုင်ပါတယ် ...

နောက်ပိုင်းမှာတော့ ဝတ္ထုဆရာတွေက ကိုယ်တိုင်ကြုံတွေ့ရတဲ့ လောကအကြောင်း၊ ဘဝအကြောင်း၊ ကိုယ်တိုင် ခံစားမိတဲ့ လောကအမြင်၊ ဘဝအမြင်ကို တင်ပြလာကြတယ်၊ ဒါတွေဟာ ဘာသာရေးပညတ်ချက်တွေနဲ့ ကိုက်ညီချင်ရင်လည်း ကိုက်ညီမယ်၊ နီတိတွေနဲ့ တူချင်လည်းတူမယ်၊ ကွဲချင်လည်းကွဲမယ်၊ သို့ပေမယ့် သေချာတာ တစ်ခုက ပညတ်ချက်တွေ၊ နီတိတွေကို သရုပ်ဆောင်ဖို့ ဖန်တီးတာတော့မဟုတ်ဘူး၊ ဒါကြောင့် သူတို့က ဝေါဟာရဟောင်းဖြစ်တဲ့ သင်ခန်းစာ (Moral Lesson)ဆိုတဲ့ စကားကိုမသုံးဘဲ မက်ဆေ့ချ်(Message) ဆိုတာကို သုံးလိုက်တာပါပဲလို့ ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် တစ်ခုရှိတာက အဲဒီစကားလုံးကို စာပေပညာရှင်တွေအားလုံးက အပြည့်အဝလက်မခံကြသေးဘူးလို့ ထင်ပါတယ်၊ ဝတ္ထုဆရာ၊ သဘောတရားဆရာ တချို့လောက်ကသာ သုံးစွဲခဲ့ကြဟန်တူပါတယ်၊ ဒီနေ့ထိ နောက်ဆုံးထွက်လာခဲ့တဲ့ စာပေဝေါဟာရ အဘိဓာန်တွေမှာ ထည့်ထားတာမတွေ့မိသေးဘူး၊ ဒီလောက်ဆိုရင် ကိုဝင်းငြိမ်းမေးချင်တဲ့ မက်ဆေ့ချ်နဲ့ပတ်သက်ပြီး ကျွန်တော့်အယူအဆကို ရလောက်ပြီထင်ပါတယ်...

ကိုဝင်းငြိမ်းမေးထားတဲ့ မေးခွန်းက နှစ်ပိုင်းပါတယ်နော်၊ နောက်တစ်ခုက အဲဒီလို မက်ဆေ့ချ်တစ်ခါပါမှသာ ဝတ္ထုပီသတယ် ဆိုကြတယ်တဲ့၊ အဲဒါကိုလည်း မေးထားပြန်တယ်လို့ ဆိုရမှာပေ့ါ”

**“ဟုတ်ပါတယ်ဆရာ”**

“အဲဒါကိုတော့ ကျွန်တော်လည်း သဘောတူပါတယ်၊ သို့သော်လည်း အတွေးအမြင်အားဖြင့် လေးလေးနက်နက် ဘာတစ်ခုမှ မပါဘဲ ဒီလိုဖြစ်နေတယ်၊ ဒီလိုလုပ်ကြတယ် စသည်အားဖြင့် သာမန်သတင်းစကား (Information) လောက်ကိုပဲ မက်ဆေ့ချ်ပါပဲရယ်လို့ ပြောနေရင်တော့ တစ်မျိုးစဉ်းစားရမှာပေ့ါ၊ အဲဒီဝတ္ထုမျိုးကို အဆင့်ရှိတဲ့ဝတ္ထုစာရင်းထဲကို ကျွန်တော်ကတော့ မသွင်းချင်ပါဘူး ...

နောက်ပြီး တစ်ခုထပ်စဉ်းစားသင့်တာက မက်ဆေ့ချ်ဆိုတာဟာ အထူးအဆန်းကြီး မဟုတ်လှပါဘူး၊ ငါးရာ့ငါးဆယ် နိပါတ်တော်ထဲက ဝတ္ထုတွေမှာပဲဖြစ်စေ၊ အီစွတ်ပုံပြင်တွေမှာပဲဖြစ်စေ မက်ဆေ့ချ်တော့ ပါစမြဲပါပဲ၊ သို့သော်လည်း သူတို့က မက်ဆေ့ချ်ထက် နောက်တစ်ဆင့်တက်လာတာက စာဖတ်သူ ဆောင်စရာ၊ ရှောင်စရာ သင်ခန်းစာထိအောင် ဝင်လာတတ်တာပါပဲ၊ ဒီခေတ်မှာ ကိုယ်တိုင်ကြုံကြ၊ တွေ့ကြရတဲ့ ဘဝအကြောင်း၊ လောကအကြောင်းကို ရေးတဲ့ဝတ္ထုတွေမှာလည်း စာဖတ်သူကိုယ်တိုင် နှိုက်နှိုက်နဲ့နဲ့ခံစားသိရနိုင်လောက်အောင် သင်ခန်းစာမျိုးဝင်လာနိုင်ရင် ကောင်းတယ်လို့ပဲ ယူဆချင်ပါတယ်၊ ကျွန်တော့်သဘောအရ ပြောရမယ်ဆိုရင်ဖြင့် သင်ခန်းစာဆိုတဲ့ စကားလုံးဟာ အလွန်ဟောင်းနွမ်းနေတာပင် မှန်သော်လည်း အနှစ်သာရအားဖြင့်တော့ ကောင်းနေဆဲပဲ ဖြစ်တယ်လို့ ဆိုချင်မိပါတယ်၊ သို့သော်လည်း အနုပညာမပါဘဲ အတုံးလိုက်အတစ်လိုက် သင်ခန်းစာပေးဖို့ ကြိုးစားထားတဲ့ ဝတ္ထုတို့၊ ဘာတို့ကိုတော့ အလွန်ပဲ စက်ဆုပ်ခြင်းဖြစ်မိပါတယ်၊ ဒါဟာလည်း ဘာကြောင့် ဖြစ်လာရသလဲဆိုတာကို ဆန်းစစ်ကြည့်လိုက်မယ်ဆိုရင် သူက တစ်စုံတစ်ခုသော သဘောတရား လမ်းညွှန်ချက်ကို အခြေခံပြီးမှ အဲဒါကိုသရုပ်တင်ဖို့ ကြိုးစားတာပဲ၊ ကိုယ်တိုင်ကြုံရတဲ့ ဘဝအသိ၊ ဘဝအမြင်ထဲက နီတိကိုထုတ်တာ မဟုတ်ဘူး၊ အဲဒီကြားထဲမှာ အနုပညာစွမ်းရည်ကလည်း ညံ့တော့ ပိုပြီးဆိုးသွားတာပေ့ါ”

**“မက်ဆေ့ချ်မပါဘဲကောဝတ္ထုကောင်းဖြစ်နိုင်ပါသလားဆရာ”**

mmcybermedia.com

"ဖြစ်နိုင်တယ်လို့ပဲ ကျွန်တော်ယူဆပါတယ်၊ ဘာကြောင့်လဲဆိုတော့ လူတွေဟာ တစ်ပါးသူတို့ရဲ့ အဖြစ်အပျက်ကို စိတ်ဝင်စားတတ်ကြပါတယ်၊ အထူးသဖြင့် ဖြစ်ရိုးဖြစ်စဉ် နေ့စဉ်ကိစ္စထက် ထူးခြားတာမျိုးဆိုရင် ပိုပြီးစိတ်ဝင်စားကြစမြဲပါပဲ၊ အဲဒီအပြင် (Fellow Feeling) လူသားအချင်းချင်း ထောက်ထားစာနာမှု၊ နားလည်စေနိုင်မှုတွေကိုလည်း ခံစားနိုင်ကြတာပါပဲ၊ ကိုယ့်ဘဝနဲ့ ဘာမှမပတ်သက်ရင်တောင်မှ သူများရဲ့ ဘဝဒုက္ခ၊ သုခကို ဝေမျှခံစားနိုင်စွမ်းရှိကြပါတယ်၊ ဒါကြောင့် ဘာသင်ခန်းစာ၊ ဘာမက်ဆေ့ချ်မှ မပါစေဦး တော့ ဝတ္ထုကောင်းတစ်ပုဒ်တော့ ဖြစ်နိုင်တာပါပဲ၊ ခု ကျွန်တော်ပြောနေတာက ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်နိုင်တယ်လို့သာပြောတာနော်၊ တန်ဖိုးရှိတာတွေ၊ လောကကို အကျိုးပြုတာတွေဆိုတဲ့ ရှုထောင့်က ပြောနေတာမဟုတ်ဘူး ..."

**"မကြာသေးမီကအချစ်ဝတ္ထုရေးဆရာတစ်ယောက်ကပြောတယ်၊ သူ့အချစ်ဝတ္ထုတစ်ပုဒ်ထဲမှာခရီးသွားရင်းဆရာဝန်မရှိလို့ ကလေးတစ်ယောက်အသက်ဆုံးရှုံးတာ တွေ့ခဲ့ရတာကိုထည့်ပြီးရေးထားတယ်ဒါကို သူက အချစ်ဝတ္ထုထဲက နေပြီး မက်ဆေ့ချ်ပေးလိုက်တာပါပဲရယ်လို့သူကဆိုတယ်၊အဲဒါကို ဆရာလက်ခံပါသလား"**

"ကျွန်တော်ကတော့ အဲဒီဝတ္ထုကို မဖတ်ဖူးဘူး၊ ဒီတော့ ဘယ်လိုအတိုင်းအတာ လောက်ထိ ရေးထားတာကို ကျွန်တော်မသိဘူး၊ သို့သော် မက်ဆေ့ချ်ဆိုတဲ့စကားကို ကျွန်တော်နားလည်တာနဲ့ သူနားလည်တာ အတန်အသင့် ကွဲပြားနိုင်တယ်လို့ ထင်မိတယ်၊ ဤသို့ဤနယ် တွေ့ကြုံခဲ့ရပါတယ် ဆိုတာမျိုးလောက်ဆိုရင်တော့ဖြင့် သာမန်သတင်းစကား အဆင့်လောက်ပဲရှိမှာပေါ့၊ စာဖတ်သူရဲ့ စိတ်ထဲမှာ ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး ယေဘုယျကောက်ချက်တစ်ခု နက်နက်ရှိုင်းရှိုင်း ခံစားသွားနိုင်လောက်အောင် ရေးထားနိုင်တယ်ဆိုရင်ဖြင့် သူပြောသလိုပဲ မက်ဆေ့ချ်အဆင့်ကို ရောက်တယ်လို့ ဆိုနိုင်ပါ လိမ့်မယ်"

**" 'သတင်းစာများသည် သမိုင်းကိုပြောနေကြသည်' ဆိုတဲ့ စကားနဲ့ပတ်သက်ပြီး ရသစာပေသမားတစ်ယောက်က ရသစာပေကသာ သမိုင်းကို ပြောနိုင်တယ်လို့ဆိုပြီး၊ သတင်းစာသမားတစ်ယောက်ကျတော့လည်း သတင်းစာကသာ သမိုင်းကိုပြောတယ်လို့ ဆိုပါတယ်၊ ဆရာက ဘယ်လိုမြင်ပါသလဲ"**

"ကိုဝင်းငြိမ်းရဲ့ တွေ့ဆုံခန်းမှာ ပြောသွားကြတာတွေပဲ မဟုတ်လား၊ ဒီပုဂ္ဂိုလ်နှစ်ယောက်လုံးကို ကျွန်တော်လေးစား ရင်းစွဲရှိတာမို့ ကျွန်တော်လည်း သတိထားလိုက်မိပါတယ်၊ မောင်သာရနဲ့ အထောက်တော်လှအောင်တို့ မဟုတ်လား၊ မောင်သာရက ရသစာပေကသာလျှင် သမိုင်းကိုပြောနိုင်တယ်၊ အဲ့ ... သတင်းစာများထက် ပိုပြီးပြောနိုင်တယ်ပေါ့၊ အထောက်တော်လှအောင်ကလည်း သတင်းစာများကသာ သမိုင်းကိုပြောနိုင်တယ်ပေါ့၊ သူ့ဟာနဲ့သူတော့ဖြင့် မှန်နေကြတာ ပဲလို့ ဆိုနိုင်စရာရှိပါတယ်...

သမိုင်းဆိုတာမှာလည်း အများကြီးကွဲပြားနိုင်သေးတာကိုး၊ နိုင်ငံရေးသမိုင်း၊ လူမှုရေးသမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ စာပေသမိုင်း စသည်အားဖြင့် နယ်အမျိုးမျိုး ကွဲပြားနိုင်တာပဲ၊ အထောက်တော်လှအောင် ပြောတာကတော့ နိုင်ငံရေးသမိုင်းကို ပြောတယ်ဆိုတာကို သိသာပါတယ်၊ မောင်သာရကတော့ ယေဘုယျအားဖြင့်ပြောတာမို့ ဘယ်သမိုင်းကို ဆိုလိုသလဲ ကျွန်တော် မမှန်းတတ်ဘူး...

ကျွန်တော့်အမြင်ကို ပြောရရင်တော့ နိုင်ငံရေးသမိုင်းကို သတင်းစာတွေကသာ ပိုပြီးပြောနိုင်တယ်လို့ ယူဆပါတယ်၊ မကြာသေးမီကပဲ 'ဖိုးသင်းနိုင်စာပေ' စာအုပ်ဆိုင်မှာ ဂျပန်ခေတ်က သတင်းစာကို တွေ့လိုက်လို့ဖတ်ကြည့်လိုက်တော့ သမိုင်း အထောက်

mmcybermedia.com

အထား တိတိကျကျရနိုင်တဲ့ အချက်တွေ တော်တော်များများကို သတိပြုမိလိုက်ပါသေးတယ်၊ ဥပမာ ... ပဲခူးနားက နီပွန်တပ်စခန်းကို မြန်မာလူဆိုးများက လာရောက်တိုက်ခိုက်ကြသော်လည်း နီပွန်တပ်မတော်က တွန်းလှန်တိုက် ခိုက်လိုက်လို့ မြန်မာလူဆိုးများ ဆုတ်ခွါသွားကြတယ် ဆိုတာမျိုးပေါ့၊ ဒါဆိုရင် ဖက်ဆစ်တော်လှန်ရေး တပ်သားများက လာပြီး တိုက်တယ်ဆိုတာ သိနိုင်တယ်၊ ရက်စွဲတွေ၊ ဘာတွေကိုလည်း သိနိုင်တာပေါ့၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ သတင်းစာထဲက အရေးကြီးတဲ့ နိုင်ငံရေးပြောင်းလဲမှုကြီးတွေ၊ အရေးကြီးတဲ့ သမိုင်းဝင်ထုတ်ပြန်ကြေငြာမှုကြီးတွေ၊ သမိုင်းဝင်မိန့်ခွန်းတွေ စတဲ့ ကိစ္စမျိုးကိုဆိုရင် ဘယ်ဝတ္ထုထဲမှာ သွားပြီးရှာမလဲ၊ တွေ့ပါတယ်ဆိုရင်ကော ခိုင်လုံတဲ့အထောက်အထားပါပဲရယ်လို့ ပြောဖို့ မလွယ်လှဘူး၊ ဘယ်ဝတ္ထုကမှလည်း ဒါကြီးတွေကို အစအဆုံး ထည့်ပြီးရေးနေကြမယ် မဟုတ်ပါဘူး၊ ထင်ရှားတဲ့ ဥပမာတစ်ခု ကို ပြရမယ်ဆိုရင် ဆရာဦးသိန်းဖေမြင့်ကိုယ်တိုင် 'အရှေ့က နေဝန်းထွက်သည့်ပမာ' ဝတ္ထုကို ရေးဖို့စီစဉ်တော့ ၁၃၀၀ ပြည့် ကျောင်းသားလှုပ်ရှားမှု၊ ရေနံမြေသပိတ်လှုပ်ရှားမှု အကြောင်းတွေကို ရက်စွဲကစပြီး အတိအကျဖြစ်အောင် တက္ကသိုလ် စာကြည့်တိုက်မှာ သတင်းစာဟောင်းတွေကို ရက်ပေါင်းများစွာ လေ့လာခဲ့ရကြောင်း ရေးခဲ့ဖူးပါတယ်၊ ရေးတာကတော့ ရသစာပေပါပဲ၊ သို့ပေမယ့် သမိုင်းအချက်အလက်တွေကို သိချင်တော့ သတင်းစာကို အားကိုးခဲ့ရတာ ထင်ရှားပါတယ် ...

အဲ ... လူမှုရေးသမိုင်းဆိုရင်တော့ တစ်မျိုးပေါ့၊ သတင်းစာမှာရော လူမှုရေးသမိုင်းထင်ဟပ်မှုတွေ မရှိဘူးလား ဆိုတော့ ရှိနိုင်တာပါပဲ၊ သို့သော်လည်း တချို့နေရာတွေမှာ ဝတ္ထုလို ရသစာပေက ပိုပြီးအသေးစိတ်တင်ပြနိုင်တာကို တွေ့ရနိုင်ပါတယ်၊ ဆိုပါစို့ ကုန်းဘောင်ခေတ်နောက်ပိုင်း မင်္ဂလာဆောင်ကြတဲ့ အခမ်းအနားဆောင်ရွက်မှုတွေကို ဒီနေ့ ဆယ်တန်း စိတ်ကြိုက်မြန်မာစာမှာ ပြဌာန်းထားတဲ့ 'မောင်ရင်မောင် မမယ်မ' ဝတ္ထုထဲမှာ အတော်လေးအသေးစိတ်ပြီး ဖော်ပြ ထားတယ်၊ အဲဒီလို ကိစ္စမျိုးလေးတွေ ရှိနိုင်ပါတယ်၊ ဒါလည်းပဲ အဲဒီ ကုန်းဘောင်ခေတ်မှာ သတင်းစာမရှိသေးလို့သာကိုး၊ သတင်းစာရှိမယ်ဆိုရင်လည်း သူကလည်း လူမှုရေးသမိုင်းကို အတန်အသင့်ပြောနိုင်ဦးမှာပါပဲ၊ ဘာပဲဖြစ်ဖြစ် ခိုင်လုံမှုခွန်အား ပြိုင်မယ်ဆိုရင် သတင်းစာကိုပဲ ပိုပြီးအားပြုကြရမှာပါပဲ၊ သူက စိတ်ကူးမဟုတ်ဘူး၊ တတ်နိုင်သမျှ မှန်ကန်တိကျအောင် ကြိုးစားကြရစမြဲပါပဲ၊ အထူးသဖြင့် နိုင်ငံရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ ပိုပြီး ဂရုစိုက်ကြပါတယ်၊ ဒါကြောင့် နိုင်ငံရေးသမိုင်းမှာဖြင့် သတင်းစာကသာလျှင် ပိုပြီး ပြောနိုင်တယ်လို့ ပြောခဲ့တာပါ ...

ဒီတော့ ကိုဝင်းငြိမ်း အဲဒီဆရာကြီးတွေနဲ့ကြုံတဲ့အခါမှာ ဆရာကြီးတို့ ဘယ်သမိုင်းကို ပြောတာပါလဲလို့ မေးကြည့် ပေါ့ဗျာ”

**“ဝတ္ထုတို၊ ဝတ္ထုရှည် ခွဲတဲ့အခါမှာ ဝတ္ထုတိုဆိုတာ တိုလို့ပဲ၊ ဝတ္ထုရှည်ဆိုတာ ရှည်လို့ပဲလို့ ဆရာကြီးတစ်ယောက်ကပြောဖူးပါတယ်၊ဆရာ့အယူအဆကိုသိပါရစေ”**

“သူပြောတာလည်း ဟုတ်တော့အဟုတ်သားပါပဲ၊ ဒါပေမယ့် အခြေခံအကြောင်းရင်းကို ထည့်မပြောတော့ တစ်မျိုးဖြစ်နေတာပေါ့၊ ဝတ္ထုတိုစပြီး ထွန်းကားလာတာကိုက သတင်းစာ၊ မဂ္ဂဇင်းတွေမှာ ဝတ္ထုထည့်ပေးတာက စလာခဲ့တယ်ဆိုတာ ကမ္ဘာ့စာပေသမိုင်းကြောင်းကို ခြေရာခံကြည့်လိုက်ရင် တွေ့နိုင်ပါတယ်၊ ဒီတော့ နေရာများများမပေးနိုင်ဘူး၊ အဲဒါကတစ်ချက်၊ နောက်တစ်ချက်က စာရေးသူကိုယ်တိုင်က အမြင်ကလေးတစ်ချက်၊ အဖြစ်ကလေး တစ်ကွက်လောက်ကိုသာ စူးစူးရှရှဖြစ် လောက်အောင် တင်ပြချင်တာ၊ လူ့ဘဝ၊ လူ့စရိုက် ထွေထွေပြားပြားကို များများစားစားပြောချင်စိတ်မရှိဘူး၊

mmcybermedia.com

တစ်ကွက် လောက်၊ တစ်ချက်လောက်ကိုသာ ပြောချင်တာ၊ ဒီတော့ သိပ်ရှည်ဖို့မလိုဘူး၊ အဲဒါကလည်း အကြောင်းရင်းတစ်ချက်ပဲ …

ဒါတောင်မှ အခြေအနေက ပြောင်းလာရင် တိုသည်ထက်တိုအောင် ကြိုးစားကြရသေးတာပဲ၊ အစုဆိုရင် မဂ္ဂဇင်းတွေ ဟာ ဟိုအရင်တုန်းကလို စာမျက်နှာအများကြီး မပေးနိုင်ကြဘူး၊ ဒီတော့ မဂ္ဂဇင်းဝတ္ထုရှည်ဆိုတာတွေကတောင် ဝတ္ထုတိုထက် နည်းနည်းလေးသာ ပိုပြီးရှည်တဲ့ ပမာဏတွေကို တွေ့နေကြပြီမဟုတ်လား၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ ဖြစ်ရပ၏တစ်ကွက်၊ အတွေးအမြင်တချက်လောက်ကိုသာ မြိုးမြိုးမြက်မြက်ဖြစ်အောင် တင်ပြတာဟာ ဝတ္ထုတိုရဲ့ ပဓာနလက္ခဏာလို့ ယူဆပါတယ်၊ အဲဒီလို သဘောကြောင့်လည်း ပမာဏအားဖြင့် တိုသွားရတာဖြစ်ပါတယ်၊ ကျွန်တော်ကတော့ အဲဒီလိုပဲ ယူဆပါတယ် …”

**“နောက်ခေါင်းစဉ်တစ်ခုကို ကျွန်တော်တို့ ဆက်လိုက်ကြရအောင်၊ ဒီတစ်ခါ ကျွန်တော်သွားချင်တဲ့ကဏ္ဍကဲ့ကဗျာ ကဏ္ဍ’ ပါ၊ ကဗျာဆိုတာဘာလဲဆရာ”**

“ကိုဝင်းငြိမ်းရေ … ဒီထက်ခက်တဲ့ မေးခွန်းလေးများ မရှိတော့ဘူးလား လို့သာ မေးလိုက်ချင်တော့တာပဲ၊ စာပေပညာရှင်တွေ အနက်ဖွင့်လို့ကိုပဲ အားမရနိုင်တဲ့ ပြဿနာ ဖြစ်တယ်လို့ ဆိုလိုက်ချင်ပါတယ်၊ ကျွန်တော် ကဗျာရဲ့သဘောကို ဟောပြောပွဲတွေမှာ တစ်နာရီခွဲ နှစ်နာရီလောက်ကြာအောင် ဟောပြောခဲ့ဖူးပါတယ်၊ ဒီမှာတော့ တစ်မျိုးပေါ့လေ …

ကဲ … ကျွန်တော်တတ်နိုင်သမျှ ကြိုးစားပြီးဖြေပါမယ်၊ အနုပညာနယ်ပယ်မှာ ပန်းပုမှာသုံးတဲ့ပစ္စည်းက သစ်သား၊ ပန်းချီမှာသုံးတဲ့ပစ္စည်းက ဆေးရောင်ပစ္စည်း၊ ဂီတမှာ သုံးတဲ့ အခြေခံပစ္စည်းက အသံ၊ အဲ … ကဗျာမှာသုံးတဲ့ အခြေခံပစ္စည်းက စကားလုံးတွေ၊ ဘာသာစကားလို့ပဲ ဆိုကြပါစို့၊ ပြောချင်တာက ဘာသာစကားက စကားလုံးတွေကို အခြေခံပစ္စည်းအဖြစ်သုံး ပြီး ကဗျာကိုဖွဲ့ကြရတယ် …

ဒီတော့ ဘာသာစကားဆိုတာဘာလဲ၊ ဘာသာစကားဆိုတာဟာ ‘အနက်အဓိပ္ပါယ်ရှိသော နှုတ်မြွက်သံ’ လို့ ပညာရှင် များက အနက်ဖွင့်ကြပါတယ်၊ အသံသာရှိပြီး အနက်အဓိပ္ပါယ် မရှိရင်လည်း စကားမဟုတ်ဘူး၊ ဥပမာ … ချောင်းဆိုးတယ် ဆိုပါတော့၊ နှုတ်ကထွက်လာတဲ့ အသံတော့မှန်ပါရဲ့၊ အနက်အဓိပ္ပါယ်မရှိဘူး၊ ဒါကြောင့် စကားသံ မဟုတ်ဘူး၊ အနက်အဓိပ္ပါယ် တစ်ခုခုတော့ရှိပါရဲ့၊ နှုတ်ကထွက်ပြီးမပြောရင်လည်း ဘာသာစကားမဟုတ်ဘူး၊ စာဆိုတာကတော့ နှုတ်ကထွက်တဲ့ အသံတွေကို ဂီတသင်္ကေတပြုသလို သင်္ကေတပြုထားတာပဲ၊ အဲဒီသင်္ကေတကို အသံထွက်ပြီး ရွတ်လိုက်ရင် စကားသံအဖြစ် ပြန်ရောက်သွားတာပဲ၊ ဒါကြောင့် စာအရေးအသားဟာလည်း စကားပါပဲ …

ကောင်းပြီ၊ အဲဒီလိုဆိုတော့ ကျွန်တော်တို့ ဘာကောက်ချက်ဆွဲနိုင်သလဲဆိုတော့ စကားလုံးတစ်လုံးမှာ အင်္ဂါရပ်နှစ်ခု ပါလာတယ် ဆိုတာကို ကောက်ချက်ဆွဲနိုင်တယ်၊ အနက်ရယ်၊ အသံရယ် …

အနက်ကိစ္စ၊ အသံကိစ္စကိုဆက်ပြီး စဉ်းစားလိုက်ကြဦးစို့၊ အသံကို အဓိကထားပြီး အသုံးချတာ၊ အသံတွေကို လှလာအောင် စီစဉ်တာက ဂီတ၊ မြန်မာ့အသံ စံတော်ချိန်တီးလုံးမှာ ဘာအနက်အဓိပ္ပါယ်မှ မပါဘူး၊ အဲဒါဂီတသက်သက်ပဲ၊ တစ်နည်းအားဖြင့် အသံအလှ ဖန်တီးမှုလို့ ဆိုနိုင်မှာပေါ့ …

mmcybermedia.com

အနက်ကိစ္စကို ကြည့်ကြဦးစို့၊ ခု ကျွန်တော်နဲ့ ကိုဝင်းငြိမ်းနဲ့ စကားပြောနေကြတယ်၊ ကျွန်တော်တို့ ပြောနေကြတာမှာ အသံစဉ်လှအောင်ရယ်လို့ စဉ်းစားမနေကြဘူး၊ အနက်အဓိပ္ပါယ်ကိုသာ ပဓာနထားကြတယ်၊ ဒါဟာ စကားပြေရဲ့ သဘောပဲ ...

ဂီတမှာ အသံအလှကိုသာ ပဓာနထားတယ်၊ အနက်အဓိပ္ပါယ်ရယ်လို့ မရှိဘူးလို့ ကျွန်တော်ပြောခဲ့တယ်နော်၊ အဲဒီ ဂီတသံစဉ်ထဲမှာ စကားလုံးတွေကိုထည့်ပြီး ရွတ်လိုက်ပြန်တော့ သီချင်းရယ်လို့ ဖြစ်လာပြန်တယ်၊ သီချင်းဆိုတဲ့အခါမှာ ကိုဝင်းငြိမ်းလည်း သတိထားမိမှာပေါ့၊ ဂီတသံစဉ်ရဲ့ အလိုကို လိုက်ပြီး စကားလုံးတွေကို ရွတ်ရတယ်၊ သာမန်စကားပြောသလိုရွတ်လို့မရဘူး၊ ဥပမာ ... တစ်မတ်နဲ့ နှစ်ဆယ့်ငါးပြား ဘာမှမထူးဘူး၊ ဆိုတဲ့အထဲက 'ထူး' ဆိုတဲ့ အသံကိုရွတ်တာနဲ့ 'ထူး ... မခြားနား' လို့ သီချင်းကြီးကိုဆိုတဲ့အထဲက 'ထူး' ကို ဆွဲငင်ပုံဟာ မတူတာကိုတွေ့လိမ့်မယ်၊ ကျွန်တော်ပြောချင်တာက 'သီချင်းဆိုတာ ဘာသာစကားနဲ့ ဂီတကို ပေါင်းစပ်ထားတာ၊ ဘာသာစကားမှာရှိတဲ့ စကားလုံးတွေက သူရဲ့ မူလသံတိုသံရှည်ကို ဖောက်ဖျက်ပြီးဂီတသံစဉ်ရဲ့ အလိုကိုလိုက်ပြီး ရွတ်ဆိုရတယ် ...

ကျွန်တော်နားလည်သလောက် ပြောရရင် သီချင်းဟာ ကဗျာရဲ့ ရင်းမြစ်ပဲ၊ သီချင်းထဲမှာ ပိုဒ်ဖြတ်ကလေးတွေ၊ ကာရန်ကလေးတွေကို ထည့်ပြီးသုံးလာတယ်၊ ဂီတသံစဉ်ရဲ့ စည်းဝါးအဖြတ်အတောက် အသက်ရှူချိန် အဆိုင်းအငံ့လေးတွေနဲ့ လိုက်ဖက်အောင် ပိုဒ်ဖြတ်ကလေးတွေကို ထည့်ရတယ်၊ နားဝင်ချိုအောင် ကာရန်ကလေးတွေကိုလည်း ထည့်လာတယ်၊ အဲဒါလေးတွေကို ဂီတသံစဉ်မပါဘဲ ရွတ်ကြည့်လိုက်ပြန်တော့လည်း အတန်အသင့်အားဖြင့် သာမန်စကားပြေထက် အသံလှနေတယ်၊ မြန်မာစာပေသမိုင်းမှာ အစောဆုံးပေါ်ပေါက်ခဲ့တယ်လို့ ယူဆကြတဲ့ 'မြကန်လင်္ကာ' 'ပုပ္ပား နတ်တောင်လင်္ကာ' တွေဟာ သီချင်းတွေပဲလို့ ကျွန်တော်နားလည်တယ်၊ နောက်ပိုင်းမှာလည်း တေးထပ်တို့၊ ရတုတို့ ဆိုတာတွေလည်း ဒါမျိုးပါပဲ ...

အဲဒီမှာတင် ဂီတသံစဉ်ရယ်လို့ ထူးထူးခြားခြားအသံကို မသုံးဘဲ စကားလုံးတွေရဲ့ မူလအသံရင်းကို သုံးခြင်းအားဖြင့် လည်း ရိုးရိုးစကားပြေထက် အသံလှအောင် ဖန်တီးနိုင်တယ်လို့ တွေ့လာကြတယ်၊ ဘယ်လိုလုပ်နိုင်သလဲဆိုတာကို တွက်ကြည့်လိုက်တော့ ကာရန်နဲ့ ပါဒအဖြတ်အတောက်ကို လာတွေ့ကြတာပဲ၊ အဲဒီနှစ်ခုဟာ စကားပြေနဲ့ မတူတဲ့ အချက်တွေပဲ ...

ဒီနေရာမှာ ကာရန်ရဲ့ အလှသဘောကို ပြောဖို့လိုအပ်လာပြီ၊ ဥပမာ ... ကျွန်တော့်နာမည်ဟာ 'အောင်သင်း'၊ ကျွန်တော့် ဇာတိနေရပ်ဟာ 'တောင်တွင်းကြီး' ဆိုတာကို ကိုဝင်းငြိမ်းတို့ အားလုံးသိကြတယ်၊ အောင်သင်းဆိုတဲ့ နာမည်မှာ ဘာမှ ထူးခြားလှပတဲ့ အသံမပါပါဘူး၊ အဲဒီလိုပဲ တောင်တွင်းဆိုတဲ့ အမည်မှာလည်း ထူးထူးခြားခြား လှလှပပ အသံမပါပါဘူး၊ သို့သော်လည်း ကျွန်တော့်နာမည်ကို 'တောင်တွင်းက အောင်သင်း' လို့ ပြောလိုက်ရင် ထူးခြားတဲ့ အသံဖြစ်လာတယ်၊ ကျွန်တော် လူပျိုလူရွယ် ခပ်ငယ်ငယ်က 'ကျွန်တော်ကတော့ တောင်တွင်းက အောင်သင်းဖြစ်ပါတယ်' လို့ ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးလိုက်ရင် သဘောမကျတဲ့လူ မရှိဘူး၊ ချက်ချင်းလည်း မှတ်မိသွားကြလေ့ရှိပါတယ်၊ ကာရန်ဆိုတာဟာ အဲဒီလို စွမ်းရည်သတ္တိရှိပါတယ်၊ တစ်ခုစီမှာ ဘာမှမထူးခြားတဲ့ အသံတွေဖြစ်နေကြသော်လည်း နှစ်ခုပေါင်းလိုက်ရင် တန်ခိုးသစ်ထွက်လာပါတယ်၊ ထုံးဟာ အဖြူရောင်၊ နနွင်းက အဝါရောင်၊ သူတို့နှစ်ခုပေါင်းလိုက်တော့ အနီရောင်ဖြစ်ပြီး အရောင်သစ်တစ်မျိုးပေါ်လာသလိုပေါ့ ကိုဝင်းငြိမ်းရယ် ...

mmcybermedia.com

နောက်တစ်ခု ပါဒအဖြတ်အတောက်ကို ဆက်ကြဦးစို့ရဲ့၊ အဲဒါရဲ့ အခြေခံကတော့ အသက်ရှူချိန် ယူတာပဲလို့ထင်မိ တယ်၊ ကျွန်တော်တို့ကိုယ်တိုင် ငယ်ငယ်ကလေးဘဝ စာဖတ်စာကျက် လုပ်ခဲ့ကြတာကို ပြန်ပြီးစဉ်းစားကြည့်ပေ့ါ၊ မြန်မာပြည်သည် အာရှတိုက်၏တောင်ဘက်တွင် ထိုးထွက်နေသော ကျွန်းဆွယ်ကြီးတစ်ခုတွင် အပါအဝင်ဖြစ်သည် ဆိုတဲ့ စာပိုဒ်ကို အော်ပြီးကျက်ကြရင် ဒီအတိုင်းတောက်လျှောက် ဖတ်ကြတာမှ မဟုတ်ဘဲ၊ 'မြန်မာပြည်သည်' ဆိုပြီး အသက်ရှူလိုက်၊ 'အာရှတိုက်၏' ဆိုပြီး အသက်ရှူလိုက်နဲ့ ဖြတ်တောက်ပြီး ဖတ်သွားကြတာပဲ၊ အော်ဟစ်ပြီးရွတ်ရတဲ့ အခါတိုင်းမှာ ဒီလို အသက်ရှူချိန် အဖြတ်အတောက် လိုအပ်တာချည့်ပဲလို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုတော့ စစ်ရေးပြ အမိန့်ပေးသံတွေ၊ အစည်းအဝေးပွဲကြီးတွေမှာ နိုင်ငံတော်အလံအလေးပြုဖို့ အမိန့်ပေးသံတွေမှာ ဒီလိုပဲ အဖြတ်အတောက်နဲ့ အော်ကြရတာပဲ၊ ကလေးတွေ စာကိုအော်ပြီး ကျက်တာမှာတော့ ဒီနေ့ကလေးတွေလည်း ကျွန်တော်တို့ငယ်ငယ်ကလိုပဲ၊ ဒီတော့ ကဗျာဟာ နှုတ်ကရွတ်ခဲ့ကြရလေတော့ အဖြတ်အတောက်ကို တမင်လှအောင် ဖန်တီးယူလာ ရတယ်လို့ ကျွန်တော်ယူဆမိပါတယ်၊ ဒါဖြင့် အသံထွက်ပြီး မရွတ်ဖတ်တော့ရင်ကောလို့ မေးစရာရှိတယ်၊ အသံထွက်ပြီး မရွတ်စေဦးတော့ စိတ်ထဲမှာအဖြတ် အတောက်နဲ့ အသက်တစ်ရှူစာ နားမှန်းမသိနားပြီး ဖတ်သွားကြတာပဲ ...

အဲ ... ခုနက ကျွန်တော်ပြောခဲ့တာတွေက အသံကို လှအောင်ဖန်တီးမှုရဲ့ သဘောပါပဲ၊ စကားလုံးတစ်လုံးမှာ အသံရယ်၊ အနက်ရယ်လို့ရှိတဲ့ အထဲက အသံရဲ့ အလှကို ရအောင်ကြိုးပမ်းမှုပေ့ါ၊ အနက်ကိုလည်း ဒီလိုပဲ လှအောင်ဖန်တီး ကြပြန်ပါတယ်၊ ဆိုပါစို့ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ပြောလိုက်တယ်၊ 'ငါမင်းကို ချစ်တယ်'၊ နောက်ထပ် 'ငါမင်းကို သိပ်ချစ်တယ်'၊ နောက်တစ်ဆင့် 'ငါ မင်းကို အသက်လောက်ချစ်ပါတယ်'၊ အလင်္ကာဝင်လာပြီ၊ ဒါပေမယ့် အသက်လောက် ချစ်ပါတယ်ဆိုတဲ့ အလင်္ကာက သုံးလွန်းအားကြီးလို့ ဘက်ထရီအားကုန်သွားသလို ခွန်အားမရှိ တော့ဘူး၊ ဒီတော့ လတ်ဆတ်တဲ့ အလင်္ကာကို ရှာကြံပြန်တယ်၊ 'မင်းကသာ ချစ်မယ်ဆိုရင် ဟောဒီ သံသရာကြီးထဲက ဘယ်တော့မှ မလွတ်ဘဲ မျောနေလိုက်ချင်ပါရဲ့၊ နိဗ္ဗာန်ကို လိုက်ခဲ့ပါ ခေါ်ရင်တောင်မှ ဖွတ်ရုန်းပြီး မင်းဆီကိုပြေးလာခဲ့ပါရဲ့' စသည်ဖြင့် ပြောမှာပေ့ါ၊ အဲဒါဟာ အနက်ကို ဆန်းကြယ်ထူးခြားလာအောင် ဖန်တီးခြင်းလို့ ကျွန်တော် နားလည်ပါတယ်...

ဦးပုညက အသံအလှကိုရော အနက်အလှကိုရော ဖန်တီးလိုက်တော့ 'သံသရာ ဝဋ်ထဲက၊ မလွတ်ဘဲနေနေ၊ ဖွတ်ရဲလို့ တပေပေ၊ ရှေ (ရှည်) ပစေခင်ရဲ့၊ နိဗ္ဗာန်မြို့ အမြိုက်ခွင်၊ မလိုက်ချင် ရုန်းကန်လို့ဖွဲ့' ဆိုတာမျိုး ဖြစ်လာတာပေ့ါ..."

ပြန်ပြီးချုပ်လိုက်မယ်ဆိုရင် ကျွန်တော့်အမြင်ကတော့ ကဗျာဆိုတာဟာ စကားလုံးတွေရဲ့ အသံအလှ အနက်အလှ နှစ်ပါးလုံးကို ရအောင်ဖန်တီးထားတဲ့ ဘာသာစကား အလှပစ္စည်းတစ်မျိုးပဲလို့ ပြောချင်ပါတယ် ...

အဲဒါကိုထပ်ပြီး လူတိုင်းကြားဖူးနားဝဖြစ်နေတဲ့ စကားနဲ့ ပြောလိုက်ရင် ကိုဝင်းငြိမ်းရယ်လိမ့်မယ်ထင်ပါတယ်၊ အသံလှဆိုတာ သဒ္ဒါလင်္ကာရ (အသံတန်ဆာ)၊ အနက်အလှဆိုတာက အတ္ထာလင်္ကာရ (အနက်တန်ဆာ) ပါပဲ၊ ဒါကြောင့် အသံတန်ဆာ၊ အနက်တန်ဆာတို့ရဲ့ ပြည့်စုံအောင် စီရင်ထားတဲ့စကားကို ကဗျာလို့ခေါ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်"

**"ဆရာ့ဆိုလိုချက်ကို နားလည်ပါပြီဆရာ၊ ကျေးဇူးတင်ပါတယ်၊ တချို့က ကာရန်မပါရင် ကဗျာမဟုတ်ဘူး၊ ကာရန်ဟာ ကဗျာရဲ့အသက်ပဲလို့တောင် ဆိုကြပါတယ်၊ ကာရန်ဟာကဗျာရဲ့အသက်ပဲလားဆရာ"**

mmcybermedia.com

"ခုနကလည်း ကျွန်တော်ပြောခဲ့ပါပြီ၊ အသံအလှ၊ အနက်အလှ နှစ်မျိုးကိုသုံးနိုင်မှ ကဗျာအဖြစ်ကိုရောက်တာကိုး၊ သို့သော် တစ်ခါတစ်ရံမှာ အနက်အလှစိုးစဉ်းမျှတောင် မပါစေဦးတော့ ကဗျာဖြစ်နေတဲ့ စကားစုကလေးတွေကို တွေ့ရတာ မကြာခဏပါပဲ၊ အဲဒီမှာ ဘာတွေ့သလဲဆိုတော့ အသံအလှ မုချပါနေတာကိုတွေ့ရတယ်၊ ဒါကြောင့် ကဗျာဖြစ်လာဖို့၊ ကဗျာဆိုတဲ့ နယ်ထဲကိုရောက်လာဖို့ အသံအလှက ပိုပြီးအရေးကြီးတယ်လို့ ဆိုနိုင်စရာဖြစ်လာတယ်၊ အဲဒီအသံအလှကို ရှာတာမှာ ကျွန်တော်တို့ မြန်မာဘာသာစကားရဲ့ သဘာဝအရ ကာရန်ကိုအားပြုပြီးရှာကြတယ်၊ ကာရန်မပါရင် အသံအလှကို ရနိုင်ခွင့်အတော်ကြီးကို နည်းသွားတယ်၊ မရနိုင်သလောက်ဘဲလို့တောင် ပြောနိုင်မလားမသိဘူး၊ ဒီတော့ ကာရန်မဲ့နေရင် အသံအလှမပါသလောက်ဖြစ်သွားပြီး အနက်ကဘယ်လောက်ပဲ လှနေစေဦးတော့ တစ်ခြမ်းလိုနေလို့ တစ်ခြမ်းပဲ့ကဗျာ အဆင့်လောက်ပဲ ရောက်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်...

စောစောက ကျွန်တော်ပြောခဲ့တာနဲ့ပဲ ဆက်ပြီးပြောရမှာပါပဲ၊ ကဗျာကို စကားလုံးတွေနဲ့ပဲ ဖွဲ့စည်းတည်ဆောက်ကြ ရပါတယ်၊ စကားလုံးတစ်လုံးမှာ အသံနဲ့ အနက်ရယ်လို့ နှစ်ပိုင်းပါဝင်ကြောင်းကိုလည်း ကျွန်တော်ပြောခဲ့ပါတယ်၊ ဒါကြောင့် 'အသံအလှ' နဲ့ 'အနက်အလှ' နှစ်မျိုးလုံးကို ရအောင်ကြိုးစားပြီး ဖွဲ့စည်းနိုင်မှ ကဗျာတစ်ပုဒ်ရယ်လို့ အသိအမှတ်ပြုကြ တယ်လို့ ကျွန်တော်ဆိုချင်ပါတယ်၊ ဒီတော့ ကာရန်ဆိုတာဟာ အနက်အဓိပ္ပါယ်နဲ့ မဆိုင်ဘူး၊ အသံနဲ့သာလျှင်ဆိုင်ပါတယ်၊ ကာရန်က အသံအလှကိုပေးနိုင်တယ်။ အသံအလှ လုံးဝမပါရင်တော့ ကဗျာရယ်လို့ပြောဖို့ အတော်လေးကို ခက်ပါတယ်၊ ကာရန်ကို မသုံးတော့ရင်ဖြင့် ကာရန်လိုပဲ အသံအလှကိုပေးနိုင်တဲ့ အခြားစွမ်းအင်တစ်ခုခုကို သုံးရပါလိမ့်မယ်၊ ရွတ်ဆိုမှု အဖြတ်အတောက်၊ အရပ်အနား၊ စည်းဝါး စသည်တို့နဲ့ပဲဖြစ်စေ၊ အခြားနည်းလမ်း တစ်ခုခုပဲဖြစ်စေ အသံအလှကို ထည့်ပေးရလိမ့်မယ်၊ ကာရန်ကတော့ အသံအလှကို ပေးစွမ်းနိုင်တာအမှန်ပဲ ...

ကောင်းပြီ၊ ကာရန်ထက်ပိုပြီး၊ သို့မဟုတ် ကာရန်လောက် အသံအလှကို ပေးနိုင်တဲ့အရာ ရှိသေးသလားဆိုတာကို ကြည့်စမ်းလိုက်တော့ ခုထက်ထိမည်မည်ရရ ဘာကိုမှ မတွေ့ကြသေးဘူး၊ ကျွန်တော်ထင်ပါတယ်၊ ဘယ်တော့မှလည်း တွေ့မှာ မဟုတ်ပါဘူး ...

ကဗျာမှ ကာရန်ရဲ့စွမ်းရည်နဲ့ အနက်ရဲ့စွမ်းရည်ကိုယှဉ်ပြီး ကြည့်ကြရအောင်၊ ဘယ်သင်းက အသက်လဲပေါ့၊ ဟုတ်လား၊ ကျွန်တော်သတိပြုမိတာတစ်ခုက ဝန်ကြီးပဒေသရာဇာရဲ့ တျာချင်းတွေ၊ လယ်တီဆရာတော်ဘုရားရဲ့ ဩဝါဒ ကဗျာတွေကို ကျွန်တော်စကားပြေနဲ့ ရေးစမ်းကြည့်ပါတယ်၊ ကောင်းကောင်းရေးလို့ရပါတယ်၊ ကာရန်တော့မပါဘူးပေါ့၊ ဒီတော့ ကဗျာမဟုတ်တော့ဘူး၊ စကားပြေပဲ ဖြစ်သွားတယ်၊ နောက်တစ်ခါ 'တောင်တောရယ်သာ မာလာကင့်ဖူး' စတဲ့ ကဗျာမျိုးလေးတွေမှာ အနက်အားဖြင့် ဘာများထူးခြားလှပသလဲဆိုတာကို ရှာကြည့်တယ်၊ အနက်အလှရယ်လို့ မည်မည်ရရ ဘာမှမတွေ့ဘူး၊ ကာရန်ပါတယ်၊ အဲဒီကာရန်ကိုရဖို့ အဖြတ်အတောက်ကာရန်မိဖို့ အတွက် စကားလုံးအထားအသို ပြင်တန်တာပြင်ပြီး သင့်ရာသင့်ရာ သုံးရတယ်၊ အဲဒီ အသံလှတာလေးကြောင့်ပဲ သူ့ကိုကဗျာလို့ သတ်မှတ်ကြပါတယ်၊ ပြန်ပြီးချုပ်လိုက်ရင် အနက်အလှ မည်မည်ရရမပါစေဦးတော့၊ အသံအလှပါနေပြီဆိုရင် ကဗျာလို့ပြောနိုင်တယ်၊ အနက်အလှပါနေသော်လည်း အသံအလှမပါရင် ကဗျာမခေါ်ကြဘူးဆိုတာ ထင်ရှားလာတယ်၊ ဒါကြောင့် တစ်စုံတစ်ယောက်က 'ကာရန်ဟာကဗျာရဲ့ အသက်ပဲ' လို့ ဆိုလာရင် သူ့ကိုဆန့်ကျင်တိုက်ခိုက်တဲ့ အုပ်စုထဲမှာကျွန်တော် မပါဝံ့ဘူး ကိုဝင်းငြိမ်း"

mmcybermedia.com

**"ကာရန်မဲ့ကဗျာတွေနဲ့ပတ်သက်လို့ရောဆရာဘယ်လိုမြင်ပါသလဲဆရာ"**

"ကိုဝင်းငြိမ်း မေးလို့သာပြောရမှာပဲ၊ ကျွန်တော့အထင်ပြောရရင် ကာရန်မဲ့ကဗျာဟာ ပျောက်သလောက်ဖြစ်သွားပြီလို့ ပြောရမှာပဲ၊ နောက်ပြီး ကျွန်တော်သိရသလောက်မှာ ကာရန်မဲ့ကဗျာကို မဂ္ဂဇင်းအယ်ဒီတာ အတော်များများက ထည့်မပေး ချင်ကြဘူး၊ မယုံကြည်ဘူးဆိုတဲ့သဘော ရောက်နေတာပေါ့၊ ထည့်ပေးတဲ့ အယ်ဒီတာလည်း ရှိချင်ရင်တော့ ရှိပါလိမ့်မယ်၊ ကဗျာရေးသူက စာပေသြဇာကြီးပြီးသားပုဂ္ဂိုလ်၊ သို့မဟုတ် တခြားအကြောင်းတစ်ခုခုကြောင့် ထည့်ပေးတာသာဖြစ်နိုင်တယ် လို့ အောက်မေ့ပါတယ်...

စကားစပ်မိလို့ နောက်ကြောင်းလေးတစ်ခုကို ပြန်ပြောလိုက်ရဦးမယ်၊ ကိုဝင်းငြိမ်း 'ပြည်သူ့ဂျာနယ်' ကို မှတ်မိလိမ့် ဦးမယ်ထင်တယ်"

**"မှတ်မိပါတယ်ဆရာ၊ ကျွန်တော်တို့က ငယ်တော့ ငယ်ပါသေးတယ်၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းထုတ်ခဲ့တာမဟုတ်လား"**

"ဟုတ်ပါ့ဗျာ၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းက ကျွန်တော်ရဲ့မွေးစားဖခင်လို့ဆိုရလောက်အောင် ကျွန်တော့်ကို ညွှန်ပြစောင့်ရှောက်ခံသူ ဖြစ်ပါတယ်၊ ဒီတော့ အယ်ဒီတာသခင်မြသန်းနဲ့လည်း ရင်းနှီးနေတာပေါ့၊ သခင်မြသန်းက တစ်နေ့မှာ ဘာပြောသလဲဆိုတော့ 'ကိုအောင်သင်းရေ၊ ကျုပ်တို့ဆီမှာ ကဗျာတွေကနေ့စဉ်နဲ့အမျှ တဝေါဝေါရောက်နေတာပဲ၊ ကျုပ်တို့ တိုက်မှာလည်း ခင်ဗျားသိတဲ့အတိုင်း ကာရန်ဆိုတာတွေ ဘာတွေကိုနားလည်တဲ့လူက တစ်ယောက်မှမရှိဘူး၊ ဒါပေမယ့် သူတို့ကလည်း ပရိသတ်ပဲဗျ၊ ကဗျာပရိသတ်ကလည်း နည်းတာမဟုတ်ဘူး၊ ဒီတော့ ကဗျာကဏ္ဍက မပါလို့မဖြစ်ဘူး၊ ကဗျာရွေးပြီဆိုရင် ခင်ဗျားတို့ပြောတဲ့ ကာရန်တွေ၊ စည်းကမ်းတွေဆိုတာတွေကို ဘာမှနားမလည်ဘူး၊ ဖဆပလ အစိုးရကို ဆော်ထားပြီဆိုရင် ကောက်ထည့်လိုက်တာပဲ၊ ဒီတော့ ခင်ဗျားတတ်နိုင်ရင် ကဗျာကဏ္ဍပီပီသသ ဖြစ်လာနိုင်ရင်ကောင်းတာ ပေါ့' တဲ့၊ ကျွန်တော်က 'အေးဗျာ အချိန်ရရင် လုပ်ပါ့မယ်လို့' ပြောခဲ့တယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က ပျင်းတာတစ်ကြောင်း၊ သူတို့ရည်ရွယ်ချက်နဲ့ သူတို့လည်းဟန်ကျနေတာတစ်ကြောင်းမို့ အဲဒီကဏ္ဍကိုမကိုင်ဖြစ်ခဲ့ဘူး၊ ကဗျာရေးတဲ့ လူငယ် တွေကလည်း သူတို့အကြိုက်ကို ရိပ်မိနေတော့ ဖဆပလကို အတုံးလိုက်အတစ်လိုက် ဆော်ထည့်ပြီး ရေးပို့ကြတာပဲ၊ သူတို့ကလည်း ထည့်ပေးလိုက်တာပဲ၊ တစ်ခါတစ်ရံ ကျွန်တော်က ကဗျာတစ်ပုဒ်တလေကို အသံထွက်ဖတ်ပြီး ရယ်မိတယ်၊ သခင်မြသန်းကလည်း လိုက်ရယ်ပြီး 'မရယ်နဲ့ဗျ၊ ဒါကြောင့် ခင်ဗျားဝင်ပြီး ကိုင်ပေးစမ်းပါဆိုတော့ဖြင့် ကိုင်မပေးပဲနဲ့' လို့ ပြောတယ်...

ဒီတော့ သခင်မြသန်းကလည်းကာရန်မဲ့တာ၊ မမဲ့တာအရေးမကြီးဘူး၊ ဖဆပလအစိုးရကို ဆော်ခြင်းတည်းဟူသော အတွေးအခေါ်မမဲ့ဖို့သာလျှင် အရေးကြီးတယ်ဆိုတဲ့ သဘောမျိုး သက်ရောက်မသွားပေဘူးလား"

**"ဟုတ်ပါပြီ ဆရာ၊ ဒီတော့ ဆရာဆိုလိုတာက..."**

"နိုင်ငံရေး၊ ဘာသာရေး အစရှိတဲ့ အခြားအခြားသော ရည်ရွယ်ချက်တစ်ခုခုကို လုပ်ဆောင်နေတဲ့ မဂ္ဂဇင်း၊ စာစောင်၊ စာတည်းတွေကတော့ ကာရန်မဲ့တာ မမဲ့တာ အရေးမထားဘဲ သူတို့လိုချင်တဲ့လိုင်းကို ဝင်လာရင် ထည့်ပေးတာရှိနေနိုင်ပါသေးတယ်၊ သခင်မြသန်းကတော့ ပြောပြောင်ရှင်းရှင်းပဲ ကျွန်တော့်ကိုပြောခဲ့တာပါ၊ နောက်ပိုင်းတချို့မဂ္ဂဇင်းတွေမှာ ဗီယက်နမ်ပြည်သူတွေ ထောက်ခံကြ၊ ဟိုချီမင်းက ဘယ်သို့၊ ရဲဘော်ချေဂွေဘားရားက ဘယ့်နှယ်ဆိုတာတွေဟာလည်း စကားလုံးထွားထွား သဘောတရားတွေပြောနေကြလို့သာပါ၊ သေသေချာချာ တွေးကြည့်လိုက်ရင် ပြသည့်ဂျာနယ်၊ ကဗျာ

mmcybermedia.com

ကဏ္ဍရဲ့ ရည်ရွယ်ချက်မျိုးလိုပါပဲ၊ ကာရန်မဲ့တာအရေးမကြီးဘူး၊ ငါတို့ဘက်က လိုက်ပြီး ရေးရင်ထည့်ပေးမယ်ဆိုတဲ့ သဘောပါပဲ၊ ဒီတော့ ဘာဖြစ်လာသလဲဆိုရင် ရိုးသားမှုက ကျဆင်းလာတယ်၊ ဒီထက်ဆိုးတာက ဟိုလိုလို၊ ဒီလိုလို နိုင်ငံရေးသဘော တရားကို စွာကျယ်စွာကျယ် ပြောတတ်တဲ့သူတွေက ကဗျာဆရာပေါက်စလေးတွေရဲ့ အပေါ်မှာ လွှမ်းမိုးလာတယ်၊ အဲဒီအနုပညာသမားလေးဟာလည်း သူတို့ပြောတာကို လိုက်ပြီး ရေးရင်းနဲ့ ကြွေးကြော်သံရေးသူ၊ ဆောင်ပုဒ်ရေးသူလေးတွေရဲ့ ဘဝကိုသက်ဆင်းပြီး စောစောစီးစီး အကင်းကြွေသွားကြရတယ်၊ ဒါမျိုးတွေကိုပြောလွန်းလို့ ကျွန်တော့မှာ လူမုန်းခံရတယ်ဆိုတာ သိပါတယ် ကိုဝင်းငြိမ်းရယ်၊ ဒါပေမယ့် နောက်တက်လာမယ့် လူငယ်လေးတွေ ဒီလိုပါရမီ အကင်းမကြွေစေချင်တာ ကြောင့် ပြောနေရတာပါ၊ ကဲ … ထားလိုက်ပါတော့လေ”

**“ကာရန်မဲ့ ကဗျာပြဿနာငြင်းကြခုံကြတော့လည်းဆရာ ပါသေးတယ်နော်”**

“ဟုတ်ပါတယ်၊ ပါခဲ့ပါသေးတယ်၊ ပထမပိုင်းတုန်းက ကျွန်တော်မပါခဲ့သေးဘူး၊ ကျွန်တော်က စစ်တက္ကသိုလ်မှာပဲ ရှိသေးတယ်၊ ဒါနဲ့ ပတ်သက်တဲ့စာတွေကိုတော့ မပြတ် ဖတ်နေရတာပါပဲ၊ ကာရန်မဲ့သမားတွေဟာ အင်္ဂလိပ်ကဗျာတွေကို ကြည့်ပြီးပြောနေကြ တယ်၊ အင်္ဂလိပ်ဘာသာစကားနဲ့ မြန်မာဘာသာစကားတို့ရဲ့ အခြေခံသဘာဝချင်း မတူ တာကို ထည့်မတွက်ကြဘူးဆိုတာကို သဘောပေါက်နေတယ်၊ ဒါပေမယ့် ရေးတော့မရေး ဖြစ်ပါဘူး …

“ကျွန်တော် ရန်ကုန်တက္ကသိုလ်ကို ၁၉၇၀ ပြည့်နှစ်၊ အောက်တိုဘာလမှာ ပြန် ရောက်လာတယ်၊ မကြာခင်မှာပဲ တက္ကသိုလ်မင်းမော်လည်း အင်္ဂလန်ကပြန်လာတယ်၊ ပြန်ရောက်စမှာ သူ့ပေါင်းဖော်၊ သင်းဖော်တွေကို နှုတ်ဆက်ဖို့ ရှုမဝမဂ္ဂဇင်းတိုက် ကိုသွားတော့ ကျွန်တော့်ကိုအတင်းခေါ်တာနဲ့ လိုက်သွားတယ်၊ ဒါနဲ့ အခုပေဖူးလွှာမဂ္ဂဇင်း မှာ တာဝန်ခံစာတည်းလုပ်နေတဲ့ မောင်မြင့်မြတ်၊ အဲ မောင်မြင့်မြတ်က ရှုမဝမှာစာတည်း၊ သူရယ်၊ တက္ကသိုလ်မင်းမော်ရယ်၊ ကျွန်တော်ရယ်၊ ဗိုလ်ချုပ်ဈေးထဲက လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ထိုင်ကြတယ်၊ အဲဒီ ကာရန်မဲ့ပြဿနာအကြောင်းကို စကားစပ်မိကြတော့ ကျွန်တော်က မြန်မာဘာသာစကားနဲ့ အင်္ဂလိပ်ဘာသာစကားတို့ရဲ့ အခြေခံအသံသဘော ကွာခြားပုံကို ပြောပြတယ်၊ မြန်မာစကားသံရဲ့ သဘောအရ ကာရန်ကိုလွှတ်လိုက်ရင် ကဗျာလို့ခေါ်ဖို့ ခက်တဲ့အကြောင်းကို ပြောပြတယ်၊ ဘာသာဗေဒနဲ့ ဘွဲ့ယူပြီးပြန်လာတဲ့ တက္ကသိုလ်မင်းမော်ကလည်း ထောက်ခံတယ်၊ မောင်မြင့်မြတ်ကလည်း သဘောကျ တယ်၊ ကျွန်တော်က မောင်မြင့်မြတ်ကို အဲဒီတုန်းကမှတွေ့ဖူးတာပါ၊ သို့သော်လည်း သူက စာတည်းတစ်ယောက်ဖြစ်တဲ့အတိုင်း ကျွန်တော့်အယူအဆကို ဆောင်းပါး အရေးခိုင်းပါတယ်၊ ကျွန်တော်ရေးပေးလိုက်တယ်၊ ‘မြန်မာဘာသာစကားနှင့် ကာရန်မဲ့ ကဗျာ’ ဆိုတဲ့ ဆောင်းပါးပေါ့၊ အဲဒီနောက် ကျွန်တော်လည်း စာပေဆောင်းပါးတွေကို ရှုမဝမဂ္ဂဇင်းမှာ ဆက်တိုက်ဆိုရလောက်အောင်ပဲ ရေးနေမိလိုက်သေးတယ်၊ အမှန် အတိုင်းပြောရရင် ကျွန်တော်ဟာ မတော်တဆ စာရေးဆရာဖြစ်လာတယ်လို့တောင် ပြောနိုင်မယ်ထင်တာပဲ၊ မောင်မြင့်မြတ်နဲ့ ရှုမဝမဂ္ဂဇင်းတို့ရဲ့ ကျေးဇူးကြောင့်ပါပဲ …

အဲဒီဆောင်းပါး ပါလာပြီးတဲ့နောက် ကာရန်မဲ့ပြဿနာအတော်လေး တက်လာ ပြန်တယ်၊ ကျွန်တော့်ကိုတော့ အစဉ်အလာသမား၊ ခေတ်ဟောင်းသမား စသည်ဖြင့် တံဆိပ်တပ်ကြတာပေါ့လေ၊ နိုင်ငံရေးခံယူချက်ကင်းမဲ့သူ၊ ပြည်သူကို မျက်ကွယ်ပြုသူ၊ ဒါကြောင့် ပုံသဏ္ဌာန်ကိုသာ ပဓာနဆိုတဲ့ ပြဿနာပေါင်း ထောင်သောင်းဆိုရလောက် အောင် ကျွန်တော် ရင်ဆိုင်တင်ပြခဲ့တယ်၊ ဒါကြောင့် တချို့လူတွေက ကျွန်တော့်ကို ပြဿနာရှာတယ်လို့ ပြောကြတာပါပဲ၊ မအူမလည် ကာတွန်းဆရာတွေကလည်း ဒီလိုပဲ

mmcybermedia.com

ရေးပြီး ကျွန်တော့ကိုတွယ်ကြဖူးတယ်၊ သူတို့ဟာ ကိုယ်သုံးလိုက်တဲ့ စကားလုံး အဓိပ္ပါယ်ကို ကောင်းကောင်းနားလည်ကြတာ မဟုတ်ဘူး၊ ပြဿနာကို ကျွန်တော်ကရှာတာမဟုတ်ဘူး၊ သူ့ဘာသာပေါ်နေပြီးသား၊ အဲဒါကိုရှင်းလင်းသွားအောင် ကျွန်တော်တတ်နိုင်သမျှ ကြိုးပမ်းလိုက်တာပဲ၊ ငြင်းတာခုံတာတော့ရှိမှာပေါ့၊ ခုနက ကိုဝင်းငြိမ်း မေးခဲ့တဲ့ ကာရန်မဲ့ပြဿနာကို ကျွန်တော်ကရှာတာမှ မဟုတ်ဘဲ၊ ဒီပြဿနာက လူသိရှင်ကြား အငြင်းပွါးနေတဲ့ကိစ္စပဲ၊ သူတို့ ငြင်းကြခုံကြတာမှာ ဘာသာစကားရဲ့ အခြေခံသဘာဝကို ထည့်ပြီးစဉ်းစားကြတာ မတွေ့မိလို့ ထောက်ပြလိုက်တာပါပဲ၊ အဲဒီတော့ ထည့်သွင်းစဉ်းစားရမယ့် အချက်တစ်ခုကို တွေ့သွားနိုင်တာပေါ့"

**"ဒါကာရန်မဲ့ကဗျာနဲ့ ပတ်သက်တဲ့ ဆရာ့သဘောထားက..."**

"ဟုတ်ပါတယ်၊ မြန်မာဘာသာစကားရဲ့ သဘာဝအရ မြန်မာစာပေမှာဖြင့် ကာရန်မဲ့ကဗျာဟာ ဘယ်တော့မှမျက်နှာ မပွင့်နိုင်ဘူးလို့ပဲ ယုံကြည့်ပါတယ်၊ ကြိုကြား ရံခါအားဖြင့် အတွေးအခေါ်ကောင်းလို့၊ စကားလုံးလှလို့၊ တင်ပြပုံကောင်းလို့ ကာရန်မဲ့သော်လည်း လူအများ သတိပြုမိလိုက်ကြတဲ့ ကဗျာလေးတွေ တစ်ပုဒ်စ,နှစ်ပုဒ်စ ပေါ်လာလိုက်တာမျိုး ရှိချင်ရှိနိုင်ပါ တယ်၊ သို့သော်လည်း ကာရန်မဲ့နေတာကြောင့်ကိုပဲ လူတွေရဲ့ နှုတ်ဖျားဆီကို ရောက်မလာနိုင်တော့ဘူး၊ ဒါကြောင့် ကြာရှည်မခံနိုင်ဘူး၊ ကြာရှည်မခံနိုင်ရင် ကဗျာဆရာလည်း ကြာရှည်မခံနိုင်ဘူး ...

နောက်ပြီး သတိပြုသင့်တာတစ်ခုက အောင်မြင်ကျော်ကြားပြီး လူကြိုက်များခဲ့တဲ့ ကဗျာဆရာတွေနဲ့ ကဗျာတွေရဲ့ အကြောင်းပဲ၊ ဆရာ့ဆရာကြီးများဖြစ်ကြတဲ့ ဆရာဇော်ဂျီတို့၊ မင်းသုဝဏ်တို့ကို အပထား၊ မကြာသေးမီက မျက်နှာပွင့်ခဲ့တဲ့ မောင်စိန်ဝင်း (ပုတီးကုန်း)ရဲ့ ကဗျာတွေကိုကြည့်လိုက်ရင် အတွေးအမြင်ခံစားမှု လှတာအပြင် အသံကာရန် ချိုပြေနေတာကို လည်း တွေ့ရနိုင်တယ်၊ ဒါတွေဟာ ခိုင်မာတဲ့အထောက်အထားတွေပါပဲ၊ အဲဒီလို လူကြိုက်များတဲ့ ကာရန်မဲ့ကဗျာမျိုး ဘယ်မှာ ထွက်ဖူးသလဲ ကိုဝင်းငြိမ်း၊ ခုတော့ဖြင့် မဂ္ဂဇင်းအယ်ဒီတာတွေကိုယ်တိုင်က ကာရန်မဲ့ကဗျာကို ထောက်ခံစမ်းသပ်ခြင်း မပြုကြ တော့ဘူးလို့ ထင်ပါတယ်၊ အဲဒါမျိုးတွေကို မတွေ့ရတော့ပါဘူး"

**"ဆရာက မောင်စိန်ဝင်း (ပုတီးကုန်း) ကို ပြောလိုက်လို့ သတိရမိပြန်ပါတယ်၊ ရှေ့ပိုင်းမှာလည်း မောင်စိန်ဝင်းနဲ့ ပတ်သက်တဲ့ ပြဿနာလေးတွေကို ဆရာက ရှေ့ကနေပြီး ရင်ဆိုင်ဖြေရှင်း ပေးလိုက်သလို ရှင်းပြခဲ့ပါတယ်၊ ခုလည်း မောင်စိန်ဝင်းကိုပဲ အထောက်အထားပြလိုက်ပြန်ပါတယ်၊တကယ်လို့ တစ်စုံတစ်ယောက်က (ကျွန်တော်က မဟုတ်ဘူးနော် ဆရာ)၊ အဲ... တစ်ယောက်ယောက်က မောင်စိန်ဝင်းကို ဆရာက ကာကွယ်နေပါတယ်၊ ဆရာက ရှေ့နေလိုက်ပေးနေပါတယ် လို့ စွပ်စွဲလာမယ်ဆိုရင် ဆရာ ဘယ်လိုပြောမလဲဆရာ"**

"ဟုတ်ပါတယ်လို့ပဲ ဖြေလိုက်မှာပေါ့ ကိုဝင်းငြိမ်း၊ တစ်ခုတော့ ပြောလိုက်ချင်ပါတယ် ကိုဝင်းငြိမ်း၊ အကာအကွယ်ပေးအပ်တဲ့ လူတစ်ယောက်ကို သတ္တိရှိတဲ့လူတိုင်း၊ စွမ်းအားရှိတဲ့လူတိုင်းက ကာကွယ်ကြရတာဟာ လူ့ကျင့်ဝတ်လို့ ကျွန်တော် ယူဆပါတယ်၊ ကျွန်တော်ဟာ စာပေလောကမှာ လူ့ကျင့်ဝတ်နဲ့ညီအောင် လုပ်ဆောင်လိုက်တာသာလျှင် ဖြစ်ပါတယ်။ ဒါကြောင့် လိပ်ပြာသန့်ရှံသာလျှင် မကဘူး၊ ဂုဏ်ယူမယ်ဆိုရင်လည်း 'လူသူတော်ကောင်း ဟူသမျှက ကန့်ကွက်မယ် မထင်ပါဘူး၊ ကိုဝင်းငြိမ်းပြောလိုက်သလို ရှေ့နေလိုက်ပေးပါတယ်လို့ စွပ်စွဲရင်လည်း ဟုတ်ပါတယ်လို့ပဲ ကျွန်တော်ပြောမှာ ပါပဲ၊ ရှေ့နေဆိုတဲ့ စကားလုံးထက် ဒီခေတ်မှာသုံးတဲ့ အကျိုးဆောင်ဆိုတဲ့ စကားလုံးကိုပိုပြီး

mmcybermedia.com

သုံးလိုက်ချင်ပါသေးတယ်၊ တကယ်အကျိုးဆောင်ပါပဲ၊ ပိုက်ဆံငွေကြေး တစ်ပြားမှမရဘဲနဲ့ အကျိုးဆောင်နေတာပါ ...

နောက်ပြီး အနုပညာလောကမှာ အဲဒီလိုရှေ့နေ၊ အဲ .. အကျိုးဆောင်ဆိုတာမျိုးဟာ အပြင်လူမှုရေးလောကမှာပဲ ရှိဖို့လိုအပ်ပါတယ်၊ စာပေလောကမှာလည်း ညစ်ပတ်စုတ်ပွဲ့တဲ့ စာရေးဆရာတွေ၊ ကိုယ်ကျိုးကိုသာကြည့်သော ညစ်ပတ် စုတ်ပွဲ့တဲ့ ထုတ်ဝေသူတွေ ရှိနေကြတာပဲ၊ သူတို့ဘာသာ ငွေရေးကြေးရေးရှုပ်ထွေးကြလို့ တရားရုံးရောက်ကြတာတွေ၊ ဟိုတိုင်၊ ဒီတိုင် လုပ်ကြတာတွေကို ကိုဝင်းငြိမ်းက ကျွန်တော်တို့ထက်တောင် သိနေမှာပါ၊ အဲဒါတွေကို နိုင်ငံတော်တရား ဥပဒေတို့၊ ဥပဒေကျွမ်းကျင်တဲ့ ရှေ့နေတို့က ဖြေရှင်းဆောင်ရွက်ပေးနိုင်တယ်၊ ဒါထက်သိမ်မွေ့တဲ့ကိစ္စတွေက ရှိနေသေး တယ်၊ ရှေ့နေတွေ၊ ဥပဒေပညာရှင်တွေ မတတ်နိုင်တဲ့ကိစ္စမျိုး၊ အဲဒါက ဘာလဲဆိုရင် ရိုးရိုးသားသား ကြိုးကြိုးစားစားတတ် လာတဲ့ အနုပညာသမားလေးတွေကို အညွန့်ဆိတ်ပစ်ဖို့ ကြိုးစားကြတာမျိုးပဲ၊ ဒါမျိုးတွေဟာ အနုပညာလောကမှာ မကြာခဏ ကြုံကြတတ်တယ်လို့ ထင်မိပါတယ်၊ အနုပညာသမားလေးတစ်ယောက်က နာမည်တက်လာတယ်၊ အရောင်းရ တွင်ကျယ်လာတယ်၊ သူ့ကိုထုတ်ဝေတဲ့ တိုက်ကတော့ ဝမ်းသာမှာပေါ့၊ ဒါပေမယ့် နောက်ထုတ်ဝေသူတစ်ယောက်က သူ့လက်ကိုင် စာရေးဆရာမှိန်သွားမှာကို ကြောက်တယ်၊ ဒါကြောင့် နာမည်ရတဲ့ ကာတွန်းဆရာတချို့က နောက်တက်ပြီးလာမယ့် ကာတွန်း ဆရာလေးတွေကို စုပြီးပိတ်ထားကြသလို ပူးပေါင်းကြပြီး နောက်တက်လာတဲ့ ဝတ္ထုရေးဆရာရဲ့ ဝတ္ထုဟာဖြင့်ဘယ်လိုဟာမျိုး ပါပဲ၊ ဘာကြောင့် မကောင်းပါဘူး စသည်ဖြင့် ခပ်ဖိဖိလေး တွယ်တတ်ကြတယ်၊ ဟိုခများမှာလည်း စိတ်ဓါတ်ကျတာတို့ ခံပြင်းတာတို့ စသည်အားဖြင့် ဖြစ်လာတတ်တာပေါ့၊ သို့ပေမယ့် ပြောသာ ပြောချင်တာ မပြောတတ်ဘူး၊ ဝတ္ထု၊ သို့မဟုတ် ကဗျာရေး တတ်တာကိုး၊ စာပေဝေဖန်ရေး စကားလုံးကြီးတွေ၊ သဘောတရားတွေကိုလည်း ကောင်းကောင်းနားလည်တာမဟုတ်ဘူး၊ ပြောသမျှ ငုံ့ခံနေရတော့မလိုဖြစ်နေပြီ၊ ဒီလိုဖြစ်လာတာဟာ သက်သက်မတရားမှု အမှန်ပဲ၊ သို့သော်လည်း ခင်ဗျား ဘယ်ရုံးကို တိုင်မလဲ ကိုဝင်းငြိမ်း၊ ဘယ်ဥပဒေနဲ့ ကာကွယ်ပေးမလဲ ကိုဝင်းငြိမ်း၊ ဒါမျိုးကို စွမ်းဆောင်နိုင်တဲ့သူက ဝင်ပြီး ကာကွယ်ပေးကြ ရမှာပဲ ...

ခုနက ကိုဝင်းငြိမ်းပြောသလို မောင်စိန်ဝင်းဘက်က ရှေ့နေလိုက်ပါတယ်လို့ ကျွန်တော့်ကိုစွပ်စွဲမယ်ဆိုရင် ကျွန်တော်ဝန်ခံပါတယ်၊ ဂုဏ်ယူပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် မောင်စိန်ဝင်းကို ကာကွယ်ပေးနေတာ မဟုတ် ဘူး၊ 'တရား' ကို ကာကွယ်နေတာ၊ 'တရား' ကို ကာကွယ်တဲ့အခါမှာ မောင်စိန်ဝင်းကို ကာကွယ်ပြီးသား ဖြစ်သွားတာပါပဲ"

**"ဆရာပြောခဲ့တဲ့အထဲမှာပုံသဏ္ဌာန်ပြဿနာဆိုတာပါလာလို့သတိရခိုက် မေးလိုက်ချင်ပါသေးတယ်၊အနုပညာမှာအကြောင်းအရာထက်ပုံသဏ္ဌာန်ကပိုပြီးအရေးကြီးတယ်လို့ဆရာပြောဖူးသလားလို့"**

"ဟုတ်ပါတယ်၊ ပြောခဲ့ဖူးပါတယ်၊ ဆောင်းပါးတွေထဲမှာတော့ အနည်းအကျဉ်းလောက်ပဲ ထည့်ပြီးရေးခဲ့ဖူးပါတယ်၊ ရန်ကုန်စက်မှုတက္ကသိုလ်မှာတော့ 'ပုံသဏ္ဌာန်နှင့် အကြောင်းအရာ' ဆိုတဲ့ ခေါင်းစဉ်နဲ့ အတော်လေးကိုပဲ အချိန်ကြာကြာယူပြီး အကျယ်တဝင့် ဟောပြောခဲ့ဖူးပါတယ်၊ ပုံသဏ္ဌာန်ဆိုတာ ဘာမှအရေးမကြီးဘူး၊ အကြောင်းအရာသာလျှင် အရေးကြီးတယ်၊ ပြည်သူဘက်က ရပ်တည်ဖို့သာလျှင် အရေးကြီးတယ်၊ ပုံသဏ္ဌာန်ဟာ ပဓာနမကျဘူးဆိုတဲ့ စကားမျိုးတွေနဲ့ သူတို့ လိုချင်တဲ့ ဘက်ကို ကဗျာသမား၊ စာသမားလေးတွေရဲ့ အင်အားရောက်လာအောင် စည်းရုံးသိမ်းသွင်းကြတဲ့

လူတွေကြောင့် အနုပညာ သမားပေါက်စလေးတွေ အကြွေစောကုန်မှာစိုးလို့ ပြောခဲ့ရတဲ့ စကားတွေပါပဲ ...”

“အကြောင်းအရာဆိုတာ အနုပညာနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒီအကြောင်းအရာကို ကြားနာသူပရိသတ် လက်ခံနှစ်သက် လာအောင် အနုပညာပုံသဏ္ဌာန်နဲ့ တင်ပြလိုက်ရင် အနုပညာပဲပေါ့၊ သချာပုံသဏ္ဌာန်နဲ့ တင်ပြရင် သချာပဲဖြစ်နေမှာပေါ့၊ အကြောင်းအရာ အားဖြင့် လောကကိုအကျိုးပြုတယ်၊ မပြုဘူးဆိုတာက တစ်ပိုင်း၊ အနုပညာမြောက်တယ် မမြောက်ဘူး ဆိုတာကတစ်ပိုင်း၊ အနုပညာမြောက်တယ် မမြောက်ဘူးဆိုတာကို ပြောတော့မယ်ဆိုရင် အကြောင်းအရာကိုထည့်ပြောနေလို့ ရမှာမဟုတ်ဘူး ကိုဝင်းငြိမ်း ရေ၊ ပြောရဦးမယ်၊ တစ်ခါတစ်ရံမှာ အတော်လေးပြင်းပြင်းထန်ထန် ငြင်းခုံရတဲ့ကိစ္စမျိုး တွေကို ကြုံခဲ့ရပါတယ်၊ သူတို့ပြောကြတဲ့ ဥပမာက ရေသောက်တော့မယ်ဆိုရင် ထည့်ထားတဲ့ခွက်က အရေးကြီးသလား၊ ရေက အရေးကြီးသလားဆိုတဲ့ သဘောမျိုး တွေပေါ့၊ ရုတ်တရက်ကြည့်လိုက်ရင်တော့ ဟုတ်သယောင်ယောင်ပါပဲ၊ ဒါပေမယ့် ရေဟာ အရည်ပဲ၊ အရည်တို့၊ အခဲတို့၊ အငွေ့တို့ဆိုတာတွေ ကိုယ်တိုင်ကလည်း ပုံသဏ္ဌာန်ပဲ ဆိုတာကို မေ့နေကြတယ်၊ သူတို့ကိုယ်တိုင်မှာ တစ်ခုသောပုံသဏ္ဌာန်နဲ့သာလျှင် တည် နိုင်တယ်၊ ပုံသဏ္ဌာန်မရှိဘဲနဲ့ တည်လို့မရနိုင်ဘူး ဆိုတာကို မေ့နေကြတယ်၊ ဘာသာ စကားဆိုတာကိုက အသံတွေနဲ့ပေါ်ပေါက်လာတဲ့ အသံပုံသဏ္ဌာန်တွေပဲ၊ အဲဒီအသံ ပုံသဏ္ဌာန်မမှန်ရင် နားမလည်နိုင်တော့ဘူး၊ ဥပမာဆိုကြပါစို့ ခင်ဗျားနာမည်ကို ‘ကိုဝင်း ငြိမ်း’ လို့ မရွတ်ဘဲနဲ့ ‘ကိုဝင်းညွန့်’ လို့ အသံပုံသဏ္ဌာန်မှားပြီး ရွတ်လိုက် ရင် အဲဒါ ခင်ဗျား မဟုတ်တော့ဘူး၊ တခြားလူတစ်ယောက် ဖြစ်ချင်ဖြစ်သွားနိုင်တယ်၊ အကြောင်းအရာ ပြောင်းသွားတယ်လို့ ဆိုရတော့မှာပေါ့၊ ကုန်ကုန်ပြောလိုက်မယ် ကိုဝင်းငြိမ်းရယ် လူပဲ၊ ခွေးပဲ၊ နွားပဲ၊ မြင်းပဲ ဆိုတာတွေမှာ ခွဲခြားပြီး သိလိုက်ရခြင်း ကိုက ပုံသဏ္ဌာန်ကြောင့် ပဲမဟုတ်လား၊ အသားစားတဲ့ သတ္တဝါနဲ့ အရွက်စားတဲ့ သတ္တဝါတို့ရဲ့ သွားတွေ၊ ပုံသဏ္ဌာန် ကွာတာ ကို ကြည့်လိုက်မယ်ဆိုရင် အကြောင်းအရာနဲ့ ပုံသဏ္ဌာန်ဆိုတာ သီးခြားရပ်တည် နေလို့ ရတာမဟုတ်ဘူးဆိုတာ သိသာနေပါတယ် ...

“အဲဒီ စက်မှုတက္ကသိုလ်က ကျောင်းသားတစ်ယောက်ကိုပဲ ကျွန်တော်ကမေး လိုက်ဖူးပါတယ်၊ အဝိုင်းတို့၊ လေးထောင့် တို့ ဆိုတာတွေဟာ ပုံသဏ္ဌာန်လား၊ အကြောင်း အရာလားဆိုတော့... သူက ပုံသဏ္ဌာန်ပါပဲတဲ့၊ ဒီတော့ ကျွန်တော်က ပုံသဏ္ဌာန်အရေး မကြီးပါဘူးဆိုရင် မော်တော်ကားဘီးတွေကို လေးထောင့်ကြီးတွေလုပ်ပြီး တပ်ကြည့် ပါလားကွ ဆိုတော့ သူလည်း အားရပါးရ ရယ်လိုက်တာ၊ ကဲ ... ကိုဝင်းငြိမ်း စဉ်းစားကြည့် ပေါ့၊ အဲဒီမှာ အဝိုင်းဆိုတာကိုက အကြောင်းအရာ လိမ့်သွားစေနိုင်တဲ့ အကြောင်းအရာ ကြီး ဖြစ်မနေပေဘူးလား၊ ဒါတွေကို ပြောနေရတာကလဲ တမင်ရန်လုပ်ပြီး ပြဿနာရှာ ချင်လို့မဟုတ်ပါဘူး၊ မတောက်တခေါက် နိုင်ငံရေးသဘောတရားဆရာ ယောင်ယောင် တွေကြောင့် အလားအလာကောင်းတဲ့ အနုပညာသမားလေးတွေ အညွန့်ကျိုးသွားမှာ စိုးလို့သာပြောနေရတာပါ၊ အဲဒီလိုဖြစ်တာမျိုးတွေကိုလည်း တွေ့ခဲ့ရဖူးတယ်၊ နာမည်ကို တော့ မပြောတော့ပါဘူး၊ ဝတ္ထုလောကမှာ တော်တော်လေးကို အနုပညာ ထက်ထက် မြက်မြက်ရှိတဲ့လူတစ်ယောက်ဟာ အဲဒီလို မတောက်တခေါက် နိုင်ငံရေးသဘောတရား ဆရာတချို့ရဲ့ ဩဇာအောက်ကို အစင်းသားရောက်သွားလိုက်တာ အနုပညာအပြီးတိုင် ကျဆုံးသွားသလောက် ဖြစ်သွားရတယ်။ ဝတ္ထုရေးဆရာဘဝကနေပြီး ကြွေးကြော်သံ စာတမ်းရေးဆရာ ဖြစ်သွားတယ်၊ ကျွန်တော်က သူ့အနုပညာကို အလွန်နှစ်သက်နေခဲ့ မိသူတစ်ယောက်မို့ ရင်နာလို့မဆုံးအောင် ဖြစ်ခဲ့မိပါတယ်၊ ဒါကြောင့် အမုန်းခံပြီး ပြောခဲ့ တာပါပဲ”

mmcybermedia.com

**"ကောင်းပါပြီဆရာ၊ ကျွန်တော်ဆက်ပြီးမေးချင်တာက အကြောင်းအရာတစ်ခုကို တင်ပြတဲ့အခါမှာ 'ကဗျာပုံသဏ္ဌာန်' နဲ့ 'စကားပြေပုံသဏ္ဌာန်' ဘယ်ပုံသဏ္ဌာန်က ပိုပြီး ထက်မြက်တယ်လို့ယူဆပါသလဲ"**

"ဒါမှာတော့ အကြောင်းအရာပေါ်မှာ မူတည်တယ်လို့ပဲ ဆိုရမှာပါပဲ၊ သတင်းစကားတွေ၊ ရှင်းလင်းတင်ပြချက်တွေ၊ အဆိုအချေပြုချက်တွေမှာဆိုရင် စကားပြေကို သုံးတာက ပိုပြီးကောင်းပါတယ်၊ ဥပမာ … သတင်းစာကို ကဗျာနဲ့ ထုတ်လို့ မဖြစ်နိုင်သလိုပေါ့ ကိုဝင်းငြိမ်းရယ်၊ ကဗျာဆိုတာက ကိုယ်ခံစားမိတဲ့ ဝေဒနာကို သူတစ်ပါးခံစားမိအောင်လုပ်တာ၊ သူက အလှပစ္စည်း၊ ရှေ့ပိုင်းက ကျွန်တော်ပြောခဲ့သလို အနက်တန်ဆာ၊ အသံတန်ဆာကို အသုံးပြုထားတဲ့ အလှမျိုး၊ တကယ် ကောင်းလာပြန်ပြီလားဆိုရင် ခေတ်အဆက်ဆက်ရွတ်လို့မဆုံး၊ ချစ်လို့မဆုံးဖြစ်လာတတ်တယ်၊ ဒါကြောင့် သူ့နေရာနဲ့သူ အလွှန်ကို ထက်မြက်ပါတယ်"

**"ကဗျာနဲ့ ပတ်သက်တာတော့ဖြင့် အတော်လေးပြည့်စုံသွားပြီလို့ ထင်ပါတယ်၊ ဆိုလိုတာက ဆရာ့အယူအဆကိုကျွန်တော်တို့အတော်လေးသိခွင့်ရပြီမို့လို့ ဆိုလိုတာ ပါ၊ ဝေဖန်ရေးနဲ့ ပတ်သက်လို့ မေးချင်ပါသေးတယ်ဆရာ၊ ဝေဖန်ရေး သမား၊ အဲ… စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အားလုံးနဲ့ ပတ်သက်ပြီး ဝေဖန်ရေးသမားတစ်ယောက်ဟာဘယ်လို ခံယူချက်မျိုးထားသင့်ပါသလဲဆရာ"**

"ကျွန်တော်စာရေးဆရာတစ်ယောက်၊ အဲ… ဆိုပါတော့ ဝေဖန်ရေးသမားတစ်ယောက် အမှတ်မထင်ဖြစ်လာခဲ့ပုံကို ရှေ့ပိုင်းမှာ ကျွန်တော်ပြောခဲ့ပြီးပါပြီ၊ ကာရန်မဲ့နဲ့ ပတ်သက်ပြီး ရေးလိုက်မိတာပါ၊ ကျွန်တော် လူစွာ၊ လူတွင်ကျယ် လုပ်ချင်လို့ မဟုတ်ဘူး၊ မြန်မာဘာသာစကားရဲ့ သဘာဝအရ မအောင်မြင်နိုင်ဘူး၊ အားလုံးကချစ်မြတ်နိုးတဲ့ အလှပစ္စည်းဖြစ်မလာနိုင်ဘူး လို့ ယူဆမိတာကြောင့် ရေးခဲ့တာပါ၊ တစ်နည်းအားဖြင့် ကျွန်တော့်စေတနာက လမ်းကြောင်းမှားနေပြီလို့ ထင်တာကြောင့် သတိပေးလိုက်တာပါပဲ၊ အဲဒီအပိုင်းမှာဆိုရင် ကျွန်တော်က စာဖတ်သူတစ်ယောက်အနေနဲ့သာ တင်ပြခဲ့တာပါ၊ ဝေဖန်ရေးသမား အမည်ကိုတောင် မခံဝံ့ခဲ့ပါဘူး၊ ဆရာတက်တိုးကတောင်မှ ဝေဖန်ရေးကိုလုပ်နေတဲ့ နောက်မှတော့ ရဲရဲဝံ့ဝံ့အမည်ခံသင့်တယ်လို့ ဆိုခဲ့ဖူးပါသေးတယ်၊ ဒီတော့ ကျွန်တော့အမြင်ကဖြင့် ဝေဖန်ရေးသမားတစ်ယောက်ဟာ သက်ဆိုင်ရာ စာပေ၊ ဂီတ စသည်တို့ကို ပိုမိုတိုးတက်မြင့်မားလာအောင် အစွမ်းကုန်အကြံပြု တိုက်တွန်းပေးမယ်ဆိုတဲ့ ခံယူချက်မျိုးရှိသင့်တယ်လို့ ယူဆမိပါတယ်၊ ကောင်းတဲ့ဟာကိုလည်း အားပေးခြင်းပြုရမယ်၊ ဥပမာ … ကျွန်တော် သဘင်မဂ္ဂဇင်းမှာရေးခဲ့တဲ့ 'အကြိုက်ဆုံး ဝတ္ထုတို' လိုဟာမျိုးပေါ့၊ အဲဒီလိုပဲ မသင့်လျော်ဘူးလို့ထင်တဲ့ ကိစ္စမျိုးမှာလည်း သတိပေးသင့်တာပဲ၊ ဥပမာ … ဂျူးရဲ့ 'အက်စစ် တစ်ခွက်' ကို တင်ပြခဲ့တာမျိုးပေါ့၊ စကားစပ်မိလို့ ပြောလိုက်ရဦးမယ်၊ ကျွန်တော်ရေးခဲ့သမျှကို ပြန်ပြီးစစ်ဆေးကြည့်လိုက် မယ်ဆိုရင် အပြစ်ပြောတာ အလွန့်အလွန်ကိုနည်းပါတယ်၊ ချီးမွမ်းခဲ့တာသာ များပါတယ်၊ ပဋိပက္ခဖြစ်ခဲ့ရတဲ့ ကိစ္စတွေဟာ သဘောတရား အယူအဆငြင်းခုံကြတာမျိုးတွေသာလျှင် ဖြစ်ပါတယ်၊ ကျွန်တော့စာတွေအားလုံးကို ပြန်ပြီးစစ်ဆေးကြည့် လိုက်မယ်ဆိုရင် စာပေတိုးတက်ဖို့၊ လောကကို အကျိုးပြုတဲ့စာပေထွန်းကားဖို့သာလျှင် စေတနာထားပြီး ရေးခဲ့ပါတယ်လို့ ပြောဝံ့ပါတယ်၊ ခြုံပြီးပြောရရင် အနုပညာတိုးတက်ဖို့၊ လောကကို အကျိုးပြုတဲ့ အနုပညာထွန်းကားဖို့ ကူညီမယ်ဆိုတဲ့ စေတနာမျိုး ထားသင့်ပါတယ်၊ နောက်ပြီး သက်ဆိုင်ရာဝေဖန်ရေးပညာကိုလည်း အစွမ်းကုန် လေ့လာသင့်ပါတယ်၊ နောက်ဆုံးမှာ အရေးကြီးတာက ရိုးသားဖို့ပါပဲ၊ ကိုယ့်စိတ်ထဲမှာ ဘဝင်ကျလောက်အောင် မယုံကြည်သေးရင် ကောင်းတယ်၊ ဆိုးတယ်ဆိုတာကို ရုတ်တရက်မပြောသင့်ဘူးလို့ ထင်ပါတယ်"

mmcybermedia .com

**"ဘက်မလိုက်တဲ့ ဝေဖန်ရေးဆိုတာတကယ်ရှိပါရဲ့လားဆရာ"**

"အဲဒီမေးခွန်းကို မေးလာရင် 'ဘက်' ဆိုတာ ဘာကိုဆိုလိုသလဲ၊ ဘယ်လို 'ဘက်' မျိုးကို ဆိုလိုတာလဲလို့ ပြန်မေးရ တော့မှာပဲ၊ ဒီနေ့စာပေလောကမှာ သုံးနေတဲ့ 'ဘက်' ဆိုတာမျိုးက နိုင်ငံရေးအယူအဆအုပ်စုကို ပြောနေကြတာ၊ သူတို့က အသံကျယ်နေတာ ဆိုတော့ သူတို့ပြောတဲ့ နိုင်ငံရေး 'ဘက်' လိုက်မှုမျိုးမရှိတဲ့ ဝေဖန်ရေးမျိုးဟာလည်း ရှိနိုင်တာပါပဲ၊ ဥပမာ ... ကဗျာတစ်ပုဒ်ရဲ့ အသံဖွဲ့စည်းပုံ၊ စကားသုံးအနှုန်းကောင်းပုံ ဆိုတာမျိုးတွေကို စိစစ်မယ်ဆိုရင် ဒါကို ဘက်လိုက်တယ်လို့ မပြောနိုင်တော့ပါဘူး၊ နောက်တစ်မျိုးက ကိုယ့်လူကရေးရင် ချီးမွမ်း၊ တခြားလူကရေးရင် ရှုတ်ချဆိုတဲ့ ကိစ္စမျိုးလည်း ရှိနိုင်တာပါပဲ၊ ဒါမျိုးကျတော့ ဘက်လိုက်တယ်ဆိုတဲ့ စကားမျိုးတောင် မသုံးသင့်တော့ပါဘူး၊ သမာဓိတရားကင်းမဲ့မှု၊ အဂတိလိုက်စားမှု လို့ ဆိုရမှာပေါ့"

**"ဆရာကိုယ်တိုင်ကောဘက်လိုက်မှုရှိပါသလားဘက်လိုက်မှုကင်းတယ်လို့ ယူဆပါသလား"**

"ဒီကိစ္စက ကျွန်တော်ပြောဖို့ မဟုတ်ပါဘူး၊ ကျွန်တော့်စာတွေက ပြောပါလိမ့်မယ်၊ ကျွန်တော့်စာတွေကို ဖတ်ကြည့်ပြီး ကိုဝင်းငြိမ်းတို့လို ပုဂ္ဂိုလ်တွေနဲ့ စာဖတ်ပရိသတ်က ဆုံးဖြတ်ဖို့ဖြစ်ပါတယ်"

**"ဝေဖန်ရေးသမားတွေဟာသူတို့ကိုဆဖန်ရင် မခံနိုင်ဘူးလို့ဆိုကြပါတယ်၊ဆရာကော"**

"ဒီမယ် ကိုဝင်းငြိမ်း၊ ကိုယ့်ကိုအပြစ်ပြောတာကို ဝမ်းမြောက်ပျော်ရွှင်တဲ့ လူရယ်လို့မရှိနိုင်ဘူး၊ အနည်းနဲ့အများ မခံချင်ဖြစ်ကြတာချည်းပဲ၊ ပုထုဇဉ်မှန်ရင် ဒီအတိုင်းပါပဲ၊ အဲဒီလို အတ္တစိတ်ရိုင်းကို မေးမှိန်အောင်ထားပြီး အကျိုးသင့်၊ အကြောင်းသင့် ဖြစ်အောင် စဉ်းစားပြီး အမှားအမှန် ချင့်ချိန်နိုင်တဲ့သူကိုပဲ လူတော်လို့ခေါ်ကြရတာ မဟုတ်လား၊ အကျိုးအကြောင်းကို ထည့် မတွက်တော့ဘဲနဲ့ ကိုယ့်ကို ဝေဖန်ရင် ရန်သူပဲဆိုတဲ့ ကျားကျားမီးယပ်သမားမျိုးထဲမှာ ကျွန်တော်မပါအောင် အမြဲကြိုးစားတယ်၊ ကျွန်တော့်စာတွေကို ဖတ်ကြည့်လိုက်ရင် သိနိုင်ပါတယ်၊ အကျိုးအကြောင်းမပါဘဲနဲ့ ထင်ရာစွတ်ပြောတဲ့ အစားထဲမှာ ကျွန်တော်မပါချင်ဘူး၊ မခံချင်ဖြစ်စေဦးတော့ အဲဒီအတ္တကို ဖျောက်နိုင်အောင် ကြိုးစားတယ်၊ ပြန်ပြောရင်လည်း ကျိုးသင့်ကြောင်းသင့်သာလျှင် ပြောတယ်၊ တစ်ခုရှိတာက ကျွန်တော့်မကောင်းတဲ့ ဉာဉ်ပဲ၊ တစ်ဖက်က ပြေပြေပြစ်ပြစ်ပြောရင် ပြေပြေပြစ်ပြစ် ပြောတယ်၊ တစ်ဖက်က စူးစူးရှရှ ရင့်ရင့်သီးသီးပြောလာရင် ပြေပြေပြစ်ပြစ် ပြန်ပြောနိုင်ဖို့ မကြိုးစားချင်ဘူး၊ ပြင်းပြင်းထန်ထန်တုံ့ပြန်တတ်တဲ့ အလေ့ရှိတယ်၊ မကောင်းဘူးပေါ့ ကိုဝင်းငြိမ်းရယ်၊ တခြားဝေဖန်ရေးသမားတွေတော့ ဘယ်လိုရယ်မသိဘူး၊ ကျွန်တော်ကတော့ ကိုယ့်ခံစားမှုထက် အကျိုးအကြောင်းကိုသာ ဦးစားပေးပါတယ်"

**"တစ်ဖက်က အကျိုးသင့်အကြောင်းသင့်ဆရာမှားနေကြောင်း ထောက်ပြနိုင်ရင်ကော ဆရာ"**

"အဲဒီလိုဆိုရင် 'ငါညံ့သွားတယ်' လို့ နည်းနည်းတော့ရှက်သွားမယ် ထင်ပါတယ်၊ ဒါပေမယ့် မျက်စိမှိတ်ပြီး ငြင်းရတာ မျိုးကို ပိုပြီးရှက်တတ်တဲ့အတွက်ကြောင့် 'ကျွန်တော်မှားသွားတယ်' လို့ ဝန်ခံလိုက်မှာပါပဲ"

**"ဝတ္ထုတစ်ပုဒ်ကို ဝေဖန်တော့မယ်ဆိုရင် ဆရာဘယ်လို ဆစ်ပိုင်းပြီး ကြည့်ပါသလဲဆရာ"**

mmcybermedia.com

“ရုတ်တရက်ကြည့်လိုက်ရင် လွယ်သလိုလိုနဲ့ အတော်လေးခက်တယ်လို့ ထင်ရပါတယ်၊ ဒါပေမယ့် ခက်သလိုလိုနဲ့ အတော်လေးကို လွယ်တယ်လို့ပဲ ပြောလိုက်ချင်ပါတယ်၊ ဝတ္ထုတစ်ပုဒ်ကို ဖတ်လိုက်ပြီဆိုရင် ဖတ်နေရင်းကိုပဲ ကြိုက်နေတယ်၊ သို့မဟုတ် မကြိုက်ဘူးဆိုတာက အလိုလိုဖြစ်နေတာပါ၊ အရသာတွေ့နေတယ်၊ အရသာမတွေ့ဘူး ဆိုတာမျိုးပေါ့၊ ဘာတွေကို ကြိုက်နေတယ်၊ ဘာတွေကိုမကြိုက်ဘူးဆိုတာကို ပြန်ပြီး စဉ်းစားကြည့်ပေါ့၊ အဲဒါတွေကို ဘာကြောင့်ကြိုက်တာလဲ၊ ဘာကြောင့်မကြိုက်တာလဲ ဆိုတာကို ပြန်ပြီးစဉ်းစားပေါ့၊ အဲဒီလို ဆစ်ပိုင်းလိုက်ရင် ဦးတည်ချက်တို့၊ အရေးအသားတို့၊ တင်ပြပုံတို့ ဆိုတာတွေ အလိုလိုထွက်လာတာပါပဲ၊ တကယ်တော့သိပ်ပြီး မဆန်းလှပါဘူး၊ ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေ ရုပ်ရှင်ကား တစ်ခုအကြောင်း ပြောကြဆိုကြရင် ဘယ်အခန်းလေးက ဘယ်လိုကောင်းတာ၊ ဘယ်အခန်းမှာဖြင့် နည်းနည်းပေါ့ရွှတ်ရွှတ် ဖြစ်သွားတယ် စသည်အားဖြင့် ဝေဖန်ပြီးပြောနေကြတာပါပဲ၊ ဝေဖန်ရေးသမားကတော့ ဒါမျိုးနဲ့ ပတ်သက်ပြီး အာရုံပြုဖန်များ တော့ သူများထက်ပိုပြီးမြင်တတ်တယ်၊ ပိုပြီးပြောတတ်တယ်၊ စိတ်ပညာတို့၊ ဘာသာရေးတို့၊ လူမှုရေး၊ နိုင်ငံရေးတို့ဆိုတဲ့ တခြားနယ်ပယ်သဘောတရားတွေနဲ့ ညှိနှိုင်းပြီးပြောတတ်တယ်၊ ဒါပါပဲ၊ အခြေခံဆစ်ပိုင်းမှုကတော့ ဘာမှ ခဲရာခဲဆစ်ရှိတယ်လို့ မထင်မိပါဘူး”

**“မဂ္ဂဇင်းဆိုတဲ့ဖေါ်ပြာရမှာ ဘယ်လိုစာပေမျိုးတွေအကျုံးဝင်ပါသလဲဆရာ”**

“မဂ္ဂဇင်းဆိုတာကိုက ပေါင်းစုပြီးထည့်ထားတယ်ဆိုတဲ့ သဘောကိုး၊ ဒီတော့ စာပေါင်းစုလို့ပဲ ပြောရမှာပေါ့၊ ဒီတော့ သီးသန့်စာတွေကိုသာ ပေါင်းစုထားတဲ့ မဂ္ဂဇင်းတွေလည်း ရှိသေးတာပဲ၊ ဥပမာ ... ဆေးပညာမဂ္ဂဇင်းတို့၊ သတင်း မဂ္ဂဇင်းတို့၊ စီးပွားရေးမဂ္ဂဇင်းတို့ ဆိုတာမျိုးတွေပေါ့၊ ကျွန်တော်တို့ဆီမှာကတော့ အများကြိုက်မဂ္ဂဇင်းတွေသာလျှင် လွှမ်းမိုးနေတော့ စာပေါင်းစုမှ တကယ့်စာပေါင်းစုကို ဖြစ်နေတာပေါ့”

**“ဒီနေ့ မဂ္ဂဇင်းတွေအပေါ်ဆရာဘယ်လိုမြင်ပါသလဲဆရာ”**

“အများကြိုက်ဖြစ်အောင် အလုအယက်ကြိုးပမ်းနေကြရတယ်လို့ ထင်မိပါတယ်၊ ဒါလည်း သူတို့ကိုအပြစ်တင်ဖို့ အတော်လေးခက်ပါတယ်၊ စက္ကူဈေး၊ ပုံနှိပ်ခ စသည်တို့ရဲ့ ကုန်ကျစရိတ်ကြီးမားမှုကြောင့် စောင်ရေသိပ်နည်းမသွားအောင် အများကြိုက် ရုပ်ရှင်၊ သဘင်၊ ဂီတတွေအပြင် အရုပ်တွေ၊ ဓါတ်ပုံတွေများများပါအောင် လုပ်နေကြရတယ်၊ လုပ်ပြန်တော့လည်း ကုန်ကျစရိတ်က ပိုပြီးတက်လာပြန်ရော၊ အဲဒီလို လုံးလည်ပတ်ချာလိုက်နေတာကြောင့် စာပေသန့်သန့် ကောင်း ကောင်းပေါ်မှာ ရပ်တည်နိုင်တဲ့ မဂ္ဂဇင်းမတွေ့ပါဘူး၊ သတ္တိကောင်းကောင်း၊ ငွေရင်းငွေနှီးတောင့်တောင့်နဲ့ စိတ်ရှည်ရှည်နဲ့ လုပ်ဝံ့တဲ့ လူမျိုးကလည်း မပေါ်သေးဘူး၊ ပေါ်လာရင်တော့ ခပ်မှန်မှန်ခိုင်ခံ့တဲ့ စာပေမဂ္ဂဇင်းပေါ်လာနိုင်မယ်ထင်တာပဲ၊ စာပေ လုပ်သားအဖွဲ့ကြီးက အဲဒါမျိုးလုပ်နိုင်ရင် သိပ်ကောင်းမှာပဲလို့ ထင်မိပါတယ်”

**“မဂ္ဂဇင်း ဝတ္ထုရှည် အစအဆုံးဆိုပြီးစာမျက်နှာ လေးမျက်နှာလောက်ပဲရှိတဲ့ဝတ္ထုတွေကိုတွေ့နေရတယ်၊ဘယ်သူမှာ တာဝန်ရှိပါသလဲ”**

“အတိုအရှည်ပမာဏအားဖြင့်သာမဟုတ်ဘဲ ပုံသဏ္ဌာန်အရကိုပဲ ဝတ္ထုတိုဖြစ်နေတဲ့ ဝတ္ထုတွေကို ဝတ္ထုရှည်ပါပဲဆိုပြီး ထည့်ထားတာကို ကျွန်တော်လည်းသတိပြုမိပါတယ်၊ တွေ့လိုက်တယ်ဆိုရင် လူတိုင်းကရယ်ကြတာပါပဲ၊ စာဖတ်ပရိသတ်ကလည်း ရယ်မောလှောင်ပြောင်ကြတာပါပဲ၊ အားလုံးဝိုင်းဝန်းပြစ်တင်ကြတာကတော့ အယ်ဒီတာကို အပြစ်တင်တာပါပဲ၊ လှည့်စားတယ်ပေါ့၊ အမှန်လည်း သူ့အပြစ်ပါပဲ၊ စာရေးဆရာကတော့

mmcybermedia.com

ပိုက်ဆံနည်းနည်းပါးပါး ပိုရမလားမသိဘူး၊ ဒါပေမယ့် သူ့ကိုလည်း အကြံအဖန်လုပ်တယ်လို့ အပြောခံရတော့ ပိုက်ဆံလေးနည်းနည်းပိုရတာနဲ့ မမျှအောင်သိက္ခာနာသွားတယ်”

**“နိုင်ငံတကာစာပေမှာ စာရေးဆရာနှစ်ယောက်ကရေးတဲ့ဝတ္ထုနှစ်ပုဒ် ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်၊ ဇာတ်အိမ် အားလုံးနီးပါး ထပ်တူထပ်မျှဖြစ်နေတာ တွေ့ဖူးပါသလား၊ ကျွန်တော်တို့မြန်မာစာပေမှာ ဒါမျိုးတွေ တွေ့နေရပါတယ် ဆရာ၊ ဆရာ ဘယ်လိုယူဆပါသလဲ”**

“အဲဒီလိုကိစ္စမျိုးကို နိုင်ငံတကာစာပေမှာရှိတယ်လို့ ကျွန်တော်ဖြင့် မကြားဖူးသေးပါဘူး၊ မြန်မာပြည်မှာ ဒါမျိုးတွေနေရ တယ်ဆိုရင် တစ်ယောက်ယောက်က ခိုးချလို့ဆိုရတော့မှာပါပဲ၊ ဒါမှမဟုတ် တစ်နေရာရာက ဒီဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်ကို စာရေးဆရာနှစ်ယောက်ရကြပြီး ရေးလိုက်ကြလို့လည်း ဖြစ်ချင်ဖြစ်နိုင်တာပါပဲ၊ အရေးအသား အသုံးအနှုန်းပါ ထပ်တူထပ်မျှလောက် ဖြစ်နေမယ်ဆိုရင်တော့ တစ်ယောက်ယောက်က ခိုးချလိုက်တာ အသေအချာပဲလို့ ဆိုရမှာပေါ့”

**“ပုဂ္ဂိုလ်ရေးအားဖြင့် ပုတ်ခတ်ဆဲရေးနေတဲ့ စာမျိုးတွေကို မဂ္ဂဇင်းတွေမှာ တွေ့နေရပါတယ် ဆရာ၊ ဆရာဘယ်လိုယူဆပါသလဲ”**

“သတင်းစာလောကမှာဆိုရင် နိုင်ငံရေးသမားတွေ ဘာတွေကို ပုဂ္ဂိုလ်ရေး ဝေဖန်ထိုးနက်မှုတွေ မကြာခဏတွေ့တတ်ခဲ့ဖူးပါတယ်၊ ကမ္ဘာမှာတော့ ဒါမျိုးတွေကို ခုထက်ထိရှိနေတာပါပဲ၊ စာပေလောကမှာတော့ဖြင့် ဒါမျိုးတွေအလွန်နည်းပါး တယ်လို့ ထင်မိပါတယ်၊ ကျွန်တော်ကတော့ အဲဒါမျိုးကို အလွန်စက်ဆုပ်ပါတယ်၊ ကျွန်တော်ရေးခဲ့သမျှစာတွေမှာ အဲဒါမျိုးမပါအောင် သိပ်သတိထားပါတယ်၊ ကျွန်တော်ပြောတဲ့စကား ရိုင်းသွားရင် သည်းခံပါ၊ အောက်တန်းကျတယ်လို့ပဲ ပြောလိုက်ချင် ပါတယ်၊ ရေးတဲ့လူရော၊ ထည့်ပေးတဲ့ အယ်ဒီတာရော၊ နှစ်ယောက်လုံးအဖို့ မကောင်းဘူးလို့ပြောပါရစေ၊ စာဖတ်တဲ့သူတွေကလည်း ဒါမျိုးကိုနှာခေါင်းရှုံ့ကြတယ်ဆိုတာ သဘောပေါက်ကြဖို့ ကောင်းပါတယ်”

**“လူငယ်စာပေဆိုတာဘာလဲ၊ ပုံပြင်လား”**

“ကျွန်တော်တို့ဆီမှာ လူငယ်စာပေ အလွန့်အလွန်ကိုပဲ နည်းပါတယ်၊ ပုံပြင်ဆိုတာက ကလေးစာပေလို့ ဆိုနိုင်ပါ တယ်၊ လူငယ်စာပေဆိုတာက အသက်အားဖြင့် ရှစ်နှစ်၊ ကိုးနှစ်လောက်ကစပြီး ဆယ့်လေးငါးနှစ် အရွယ်လောက်ထိအောင် အရွယ်တွေဖတ်ဖို့ ရေးထားတာတွေပါပဲ၊ အဓိကဇာတ်ကောင်တွေကလည်း အဲဒီလိုအရွယ်မျိုးတွေချည်းပါပဲ၊ ဖိုမ အချစ်ကိစ္စတွေ မပါဘဲ ကလေးလူငယ်ဘဝ စွန့်စားခန်းဆန်ဆန် ဇာတ်လမ်းတွေ၊ ပျော်စရာကောင်းတဲ့ အတွေ့အကြုံကလေးတွေကို ရေးထားတာပါပဲ၊ ဆရာကြီး မာ့ခ်တွိန်းရေးတဲ့ ကမ္ဘာကျော် ‘တွမ်ဆောယား’ တို့၊ ‘ဟပ်ကယ်လ်ဘာရီဖင်း’ တို့လို ဟာမျိုးပေါ့၊ အဲဒီစာအုပ်တွေကို မြန်မာပြန်ထားတာလည်း ရှိပါတယ်၊ မြန်မာစာပေမှာတော့ ကွယ်လွန်သူ ဆရာကြီး ဇဝနရဲ့ ‘ဆိုးပေ’ ဝတ္ထု တွေက အလွန်ထင်ရှားတဲ့ လူငယ်စာပေတွေလို့ ဆိုနိုင်ပါတယ်၊ ကျွန်တော်တို့ငယ်ငယ်က လစဉ်စောင့်ပြီး ဖတ်ခဲ့ကြပါတယ်၊ အသက်ရှစ်နှစ်, ကိုးနှစ်လောက်ကနေပြီး၊ ဆယ်နှစ်, ဆယ့်သုံးလောက်အထိမှာ များသောအားဖြင့် ဖို, မ အချစ်ကို သိပ်ပြီး စိတ်မဝင်စားကြဘူး၊ ရုပ်ရှင်ကြည့်ရင်တောင်မှ ဇာတ်လိုက်မင်းသားနဲ့ မင်းသမီး ချစ်ခန်းကြိုက်ခန်း သိပ်ပြီးကြာနေရင် စိတ်မရှည်နိုင်ဘူး၊ တိုက်ခန်းခိုက်ခန်းတွေ၊ စွန့်စားခန်းတွေ၊ ရယ်စရာအခန်းတွေကို ပိုပြီးစိတ်ဝင်စားကြတာကို ကိုဝင်းငြိမ်း ကိုယ်တိုင်လည်း ကိုယ့်ငယ်ဘဝကို ပြန်ပြီးစဉ်းစား

mmcybermedia.com

ကြည့်လိုက်ရင် သဘောပေါက်ပါလိမ့်မယ်၊ ဒါပေမယ့် ဒီအရွယ်ဟာ အလွန် အရေးကြီးတဲ့အရွယ် ဖြစ်ပါတယ်၊ အားကျအတုယူတတ်တဲ့ အရွယ်လည်းဖြစ်ပါတယ်၊ ဒါကြောင့် လူငယ်စာပေရေးတဲ့ သူတွေဟာ ကိုယ်ကျင့်တရားတို့၊ စာရိတ္တတို့နဲ့ ပတ်သက်ပြီး မကောင်းတဲ့ဘက်ကို ကလေးတွေ ညွတ်မသွားအောင်လည်း အလွန်သတိပြုကြရပါတယ်၊ တစ်ဖက်ကနေပြီး ကြည့်လိုက်ရင်လည်း ရေးဖို့အလွန်ခက်တဲ့ စာမျိုးထင်မိပါတယ်၊ အကျင့် စာရိတ္တကောင်း တရားဟောသွန်သင်တဲ့ သဘောမျိုး ဇာတ်လမ်းဇာတ်ကွက်ဆင်ပြီး ရေးလိုက်မယ်ဆိုရင်လည်း လုပ်ဇာတ်ကြီး ဖြစ်နေတာကြောင့် လူငယ်တွေက သိပ်ပြီးစိတ်မဝင်စားတော့ဘူး၊ လူငယ်ကြိုက်တဲ့ စာမျိုးမဟုတ်တော့ဘဲ 'လူကြီးကြိုက်လူငယ်စာပေ' ဖြစ်လာတတ်ပါတယ်၊ လူငယ်တို့ရဲ့ဘာဝ ဇရုတ်သုတ်ခ ကြုံကြုံဖန်ဖန် (ဆိုပါစို့) ကမြင်းကြော ထတာလေးတွေ၊ စွန့်စွန့်စားစား အတတ်ဆန်း ကမြင်းကြောထမိလို့ အကျပ်အတည်း ကြုံကြရတာလေးတွေ ရေးတဲ့အခါမှာ လူကြီးတွေရဲ့ ပြောစကား၊ ဆိုစကားကို နားမထောင်ဘူး၊ ကိုယ်ထင်ရာ ကိုယ်စိုင်းခြင်းကို အားကျမသွားအောင် ကလောင်ထိန်းရတာ အတော်လေးကို ခက်မယ့်ကိစ္စပါပဲ၊ ကျွန်တော်အခုမှ ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ ဆရာဇဝနကို အလွန်ပဲချီးကျူးမိပါတယ်၊ သူ့ဇာတ်လိုက်ဆိုးပေဟာ အဲဒီလိုကြုံကြုံဖန်ဖန်ကို ကမြင်းကြောထတဲ့ ကလေးတစ်ယောက်ပဲ၊ ဒါပေမယ့် လူကြီးရဲ့စကားကို နားမထောင်တဲ့ ကလေးမဟုတ်ဘူး၊ စာရိတ္တပျက်နေတဲ့ ကလေးမျိုးမဟုတ်ဘူး၊ အဲဒါမျိုးကို ရေးတတ်ဖို့မလွယ်ဘူး၊ နောက်ပြီး ဆိုးပေဟာ လူကြီးကြိုက်ပုံလောင်းထားတဲ့ 'ကလေးရုပ်' မဟုတ်ဘူး၊ တကယ့် ကလေးအစစ်၊ ကျွန်တော်တို့ ကလေးဘဝက ကလေးမျိုး၊ တစ်ခုထူးတာက သူများထက် နည်းနည်းပိုပြီး ပေါက်ပေါက်ရှာရှာ ကမြင်းကြောထတတ်တဲ့ ကလေးငယ်တစ် ယောက်သာလျှင် ဖြစ်တယ်၊ အဲဒီလို အဆင့်မြင့်မြင့်ကလေးစာပေ၊ လူငယ်စာပေ မထွက်လာတာဟာ မြန်မာစာပေမှာ ကွက် လပ်ကြီးဖြစ်နေသလိုပဲ အောက်မေ့မိပါတယ်"

**"ဒါဖြင့် လူငယ်စာပေဖွံ့ဖြိုးနဲ့ပတ်သက်ပြီးဘာတွေလုပ်သင့်တယ်လို့ဆရာထင်ပါသလဲ"**

"ကမ္ဘာ့လူငယ်စာပေကောင်းကောင်းတွေကို ဘာသာပြန်ပေးနိုင်ကြရင် ကောင်းလိမ့်မယ်ထင်ပါတယ်၊ ဟပ်ကယ်လ် ဘာရီဖင်းကိုတောင် 'အနောက်ကဆိုးပေ' ဆိုတဲ့နာမည်နဲ့ ဘာသာပြန်ခဲ့ဖူးပါသေးတယ်၊ ဘာသာပြန်သူကိုတော့ မေ့နေပြီ၊ ဘာသာပြန်တာလဲ အတော်လေးကို ကောင်းပါတယ်၊ ကွမ်ဆောယားကိုလည်း ဗိုလ်အေးမောင်လား မသိဘူး၊ ဘာသာပြန်ဖူး တယ်၊ ဒီစာအုပ်မျိုးတွေကို ပြန်ပြီးထုတ်ဖို့ကောင်းတယ်၊ အဲဒီလို ဘာသာပြန်ကောင်း လူငယ်စာပေတွေ ခေတ်စားလာရင် မြန်မာစာရေးဆရာတွေလည်း ကိုယ်ပိုင်အားထုတ်ပြီး ရေးကြလိမ့်မယ် ထင်ပါတယ်"

**"ပေဖူးလွှာရဲ့တွေ့ဆုံမေးခြင်းကဏ္ဍကိုဆရာဘယ်လိုမြင်ပါသလဲ"**

"ကောင်းပါတယ်၊ အမှန်အတိုင်းပြောရရင် စောစောပိုင်းက တွေ့ဆုံခန်းတွေကို သိပ်မကြိုက်လှပါဘူး၊ ခင်ဗျားတို့ ကိုယ်တိုင်လည်း မြေစမ်း၊ ခရမ်းပျိုးဆိုတာမျိုး လုပ်ခဲ့ကြရတာဖြစ်မှာမို့ အပြစ်တော့မတင်သာပါဘူး၊ ဘာပဲဖြစ်ဖြစ် တိုးတက် ကောင်းမွန်လာတယ်လို့ မြင်ပါတယ်"

**"ကျွန်တော်နဲ့တွေ့ဆုံခန်းမှာဆရာပြောခဲ့၊ဆိုခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ မကျေနပ်တဲ့သူတွေကတုံ့ပြန်တိုက်ခိုက်ကြမယ်ဆိုရင်ဆရာဘယ်လိုသဘောထားမလဲ"**

mmcybermedia.com

"ဘယ်လိုမှ သဘောမထားပါဘူး၊ တုံ့ပြန်နိုင်ခွင့်ရှိတာပါပဲ၊ အကျိုးအကြောင်းနဲ့ တိုက်ခိုက်လာရင် ကျွန်တော်လည်း အကျိုးသင့်အကြောင်းသင့် တုံ့ပြန်မှာပါပဲ၊ စောစောက ကျွန်တော်ပြောခဲ့သလို ကျွန်တော်မှားနေရင်လည်း သူတို့ပြောလာတဲ့ အမှန်ကို လက်ခံလိုက်ရုံပါပဲ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာမျိုးဆိုရင်တော့ ဘာမှပြန်မပြောဘဲ စိတ်ပျက်လက်ပျက် ထိုင်ပြီးကြည့် နေလိုက်ရုံပါပဲ"

**"အထူးသဖြင့် ကာတွန်းဆရာတွေရဲ့ တုံ့ပြန်မှုမျိုးဆိုရင် ဆရာဘယ်လို သဘောထားမလဲ"**

"ဘယ်လိုမှ သဘောမထားပါဘူး၊ ကာတွန်းဆိုတာမျိုးက အကျိုးအကြောင်း ပြည့်စုံနေအောင် ဆောင်းပါးရေးသလို ရေးလို့ရတာမှ မဟုတ်ဘဲကိုး၊ အများသိ ထင်ရှားပြီးဖြစ်နေတဲ့ ကိစ္စမျိုးကို စပ်ဖျဉ်းဖျဉ်းဖြစ်သွားအောင် သရော်ကြရတာ မဟုတ်လား၊ အဲဒီလိုဖြစ်အောင် မရေးနိုင်ဘဲနဲ့ ကျွန်တော့်ကို သက်သက်ကော်ဆဲတဲ့ 'ကော်ဆဲကာတွန်း' မျိုးကို ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ကာတွန်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောခဲ့တာကလည်း ဝေဖန်ရေးဆိုတာ မရှိအပ်သလိုလို၊ ကိုယ်တိုင် ဝတ္ထု၊ ကဗျာ မရေးတတ်ရင် ဝေဖန်ရေး မလုပ်ရဘူးဆိုတာမျိုးတွေကို ရေးခဲ့လို့သာ သတိပေးလိုက်ရတာပါ၊ နောက် တက်လာမယ့် ကာတွန်းဆရာလေးတွေမှာလည်း သူများမြှောက်ပေးတိုင်းလုပ်ရင် ကိုယ့်အနုပညာကို ထိခိုက်လာတတ်တယ် ဆိုတာမျိုးတွေကို သင်ခန်းစာယူနိုင်ကြအောင်သာ ပြောခဲ့တာပါ၊ ကာတွန်းဆရာတွေက ကျွန်တော့်ကို တိုက်ခိုက်ထိုးနက် လှောင်ပြောင်ခဲ့တာ နှစ်ချီပြီးကြာခဲ့ပါပြီ၊ ကျွန်တော်က ခုမှတစ်ခါတည်း ပြောရပါသေးတယ်၊ သူတို့ကိုလည်း ကျွန်တော် နားလည်နိုင်ပါတယ်၊ တစ်သက်လုံး သူများကိုချည်း လှောင်ပြောင်သရော်လာခဲ့တာ မဟုတ်လား၊ ကိုယ့်အလှည့်က တစ်ခါမှ မကြုံဖူးသေးပဲကိုး၊ ကျွန်တော့်အဖို့မှာတော့ ရိုးနေပြီ၊ မကြုံစဖူးခံလိုက်ရတော့ အတော်လေးကို အောင့်သွားကြမှာပေါ့၊ ဦးဘဂျမ်းရဲ့ ကာတွန်းတစ်ခုလိုပေါ့ဗျာ၊ သူများကိုချည်း ဝေဖန်နေတဲ့လူ သူ့ကိုဝေဖန်လိုက်တော့ ထိုင်ပြီးငိုနေတယ်ဆိုတဲ့ ကာတွန်းလိုပေါ့၊ တစ်ခုပြောလိုက်ရဦးမယ်၊ ဦးဘဂျမ်းရဲ့ ကာတွန်းတွေဟာ ဘယ်တော့မှမရိုးနိုင်ဘူးနော်၊ ကျွန်တော့်ကို ကော်ဆဲတဲ့ ကာတွန်းဆရာ လေးငါးဦးကတော့ ထိုင်ငိုမှာမဟုတ်ဘူး၊ ကာတွန်းဆွဲပြီး ကော်ဆဲကြလိမ့်ဦးမယ်၊ အလွန်လွယ်တဲ့ လုပ်ငန်းမဟုတ်လား"

**"ဆရာက ကာတွန်းဆွဲတာအလွန်လွယ်တယ်လို့ဆိုလိုတာလား"**

"အဲဒီလို မဟုတ်ပါဘူး၊ တကယ်အတွေးကောင်းတဲ့ ကာတွန်းမျိုးကိုရေးတတ်ဖို့ အလွန်ခက်ပါတယ်၊ ဥပမာတစ်ခု ကောက်ကာငင်ကာပြောရမယ်ဆိုရင် မကြာသေးမီက ကံချွန်ရဲ့ ကာတွန်းတစ်ခုကို သတိပြုမိလိုက်တယ်၊ 'မာရသွန်' ဆိုတာ ပတ်လည်ပြေးလမ်းကြီးတစ်ခုမှာ အားကစားသမားတွေ အပြေးပြိုင်နေကြတယ်၊ လူတစ်ယောက်တည်း လူအုပ်ကြီးရှေ့မှာ အပြတ်အသတ်ကျော်နေတယ်၊ ဘေးကလူနှစ်ယောက်က ပြောတဲ့စကားက 'အမှန်က ရှေ့ဆုံးကလူက နောက်ဆုံးကလူဗျ' တဲ့၊ လူအုပ်ကြီးက တစ်ပတ်ပြေးခဲ့ပြီးပြီဆိုတာကို အဟုန်မျဉ်းတွေနဲ့ ပြထားတယ်၊ အဲဒီကာတွန်းမျိုးကျတော့ သိပ်ခက်တယ်၊ တကယ်အတွေးကောင်းတဲ့ လူမျိုးမှ ရေးနိုင်တာပါ၊ ကော်ဆဲတဲ့ ကာတွန်းမျိုးဆိုတာကတော့ ဘာခက်တာမှတ်လို့ ကိုဝင်းငြိမ်း ရယ်၊ ကျွန်တော်ရေးလိုက်ရင် တစ်နေ့ကို နှစ်ဒါဇင် သုံးဒါဇင်လောက်ကို ပေါ့ပေါ့ပါးပါးလေး ပြီးနိုင်ပါတယ်၊ ဥပမာ … လူ လေးငါးယောက်လောက် တန်းစီပြီး မတ်တပ်ရပ်နေ၊ ကာတွန်းဆရာများလို့ စာတန်းထိုးထား၊ အခမ်းအနားမှူးလို လူတစ်ယောက်က လက်ထဲမှာ စာရွက်စာတမ်းလိုဟာမျိုးတွေ ကိုင်ထား၊ သူပြောရမယ့်စကားက 'ဦးဘဂျမ်း၊ ဦးဟိန်စွန်း စသော ကာတွန်းဆရာကြီးများ

mmcybermedia .com

ပျိုးထောင်ခဲ့သည့် ကာတွန်းဂုဏ်ကို ယုတ်ညံ့သွားအောင် လုပ်နိုင်သူအတွက် ‘ကာတွန်းဂုဏ် ယုတ်’ ဘွဲ့ကို ချီးမြှင့်လိုက်ပါသည်ခင်ဗျား၊ ရှီ … ဖြောင်း ဖြောင်း ဖြောင်း ဖြဲ’ ဆိုပြီး ကော်ဆဲလိုက်ရင် ပြီးတာပါပဲ၊ ကိုယ်ပိုင်ဟန် ဆိုပြီး ကာတွန်းကို တုတ်ချောင်းနဲ့ ဝလုံးတပ်လိုက်ရင် လူရုပ်ပေါ့ဗျာ၊ ကော်ဆဲကာတွန်းလောက် လွယ်တာဘယ်မှာရှိသေးလို့လဲ၊ ကျွန်တော်ပြောတာက ကာတွန်းပညာလွယ်တယ်လို့ ပြောတာမဟုတ်ဘူး၊ ဟို ကာတွန်းဆရာတစ်စု ရေးနေတဲ့ ‘ကော်ဆဲ ကာတွန်း’ မျိုးကို ပြောတာပါ၊ အထင်မလွဲပါနဲ့”

**“ကောင်းပါပြီဆရာ၊ ဆရာနဲ့ တွေ့ဆုံဆွေးနွေးတာလည်း အတော်လေးကြာသွားပါပြီ၊ ဆရာ့ အယူအဆတွေကိုလည်း အတော်လေးသိခွင့်ရခဲ့ပါပြီ၊ နယ်ပယ်လည်း အတော်လေးစုံလင်ခဲ့ပါတယ်၊ ခုလို စိတ်ရှည်လက်ရှည် ဆွေးနွေးပေး၊ ဖြေဆိုပေးတဲ့အတွက် ပေဖူးလွှာမဂ္ဂဇင်းစာတည်းအဖွဲ့ကိုယ်စား ကျေးဇူးတင်ကြောင်းပြောပါရစေဆရာ”**

“ကျွန်တော်ကလည်း ပြောချင်ဆိုချင်တာလေးတွေကို အတော်လေးစုံစုံလင်လင် ပြောခွင့်ရတဲ့အတွက် ကိုဝင်းငြိမ်းကို ကျေးဇူးတင်ပါတယ်”

**ဝင်းငြိမ်း**

## အောင်သင်းတွေ့ဆုံခန်းနောက်ဆက်တွဲ

ပေဖူးလွှာမဂ္ဂဇင်းတွင် ဝင်းငြိမ်းနှင့်ကျွန်တော်တို့တွေ့ဆုံခန်းမှာ ၁၉၈၇ခု၊ အောက်တိုဘာလမှ ၁၉၈၈ခု၊ ဖေဖော်ဝါရီ လ အထိ ၅-လ တိုင်တိုင် ကြာမြင့်ခဲ့ပါသည်။ ဝင်းငြိမ်းကလည်း ကျွန်တော်ရေးသားပြောဆိုလေသမျှ နယ်ကုန်အောင် မေးမြန်းခဲ့သည်။ ကျွန်တော်ကလည်း တတ်နိုင်သမျှ ပြည့်စုံအောင်ကြိုးစားဖြေဆိုခဲ့ပါသည်။ နောက်ဆက်တွဲ ပေါ်ပေါက်လိုက်သည့် ပြဿနာများ၊ လှုပ်ရှားမှုများကို စာဖတ်သူလည်း အတန်အသင့်မျှဖြစ်စေ သတိပြုမိလိုက်ကြပါလိမ့်မည်။ အထူးသဖြင့် ကာတွန်းဆရာအချို့၏ တုံ့ပြန်ထိုးနက်မှုကို ပို၍ပင်သတိပြုလိုက်မိကြလိမ့်မယ်ဟု ထင်ပါသည်။

mmcybermedia.com

မဂ္ဂဇင်းစာစောင်များတွင် မပါဝင်သော ထပ်ဆင့်မေးမြန်းမှုများကိုတော့ စာပေဆွေးနွေးပွဲများ၊ လက်ဖက်ရည်ဆိုင် စကားဝိုင်းများတွင် ကြုံရလေ့ရှိပါသည်။ သိကြပြီးဖြစ်သည့်အတိုင်း ကျွန်တော်ကလည်း စာပေဟောပြောပွဲအတွက် အနယ်နယ်အရပ်ရပ်သို့ ရောက်လေ့ရှိရာ ထိုသို့သောမေးမြန်းမှုမျိုးကို ရှောင်ရှား၍ရနိုင်သည်မဟုတ်ပါ။ အထူးသဖြင့် အတန်အသင့် ခမ်းခမ်းနားနားလုပ်သော ရေးသူဖတ်သူဆွေးနွေးပွဲမျိုးဆိုလျှင် ပို၍ပင်မေးကြမြန်းကြပါသည်။ ထိုအခါမျိုးတွင် မိမိမေးလိုရာကို စာရွက်ပေါ်တွင် ရေးသားမေးမြန်းနိုင်သည်ဖြစ်သောကြောင့် ထိုးနက်တိုက်ခိုက်သည့် မေးခွန်းများကို မကြာခဏကြုံရလွန်းလှသည့်အတွက် ကျွန်တော့်အဖို့ရိုးနေပြီဟုပင် ဆိုရလောက်ပါသည်။

တောင်တွင်းကြီးမြို့၌ ၁၉၈၈၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆွေးနွေးရသည်။ ပေဖူးလွှာတွေ့ဆုံခန်း နောက်ဆုံးလ ထွက်ပြီးချိန်၊ ကာတွန်းဆရာအချို့ကလည်း ကျွန်တော့်ကိုမြိုင်မြိုင်ဆိုင်ဆိုင်ကြီး ထိုးနက်နေဆဲကာလ၊ ထို့ကြောင့် ဤအကြောင်း ကိုပဲ မေးကြသည်။

ဘိုကလေးမြို့တွင် ၁၉၈၈၊ မတ်လ ၁၆ ရက်၌ ဆွေးနွေးပွဲပြုလုပ်သည်။ ထိုဆွေးနွေးပွဲတွင်လည်း ကျွန်တော့်တွေ့ဆုံခန်း အကြောင်းကိုသာ ပဓာနထားပြီး အများဆုံး မေးကြသည်။

ထိုအမေးအဖြေများအနက်မှ စာဖတ်သူတို့ စိတ်ဝင်စားကြမည်ထင်သော အကြောင်းအရာများကို ရွေးချယ်၍ 'တွေ့ဆုံခန်း နောက်ဆက်တွဲ' အဖြစ် ဤစာအုပ်တွင် ထည့်သွင်းဖော်ပြလိုက်ပါသည်။

မေးခွန်းစာရွက်များ ကျွန်တော့်တွင်ရှိနေဆဲဖြစ်သောကြောင့် မေးခွန်းများကို အတိအကျဖော်ပြနိုင်ပါသော်လည်း ကျွန်တော်၏ အဖြေများမှာ မှတ်တမ်းမရှိခဲ့သဖြင့် မူလအတိုင်း အတိအကျမဖြစ်နိုင်တော့သည်ကို စာဖတ်သူနားလည်နိုင်ပါ လိမ့်မည်။ အတိအကျကြီးမဟုတ်စေကာမူ အခြေခံသဘောအားဖြင့် အတူတူသာလျှင် ဖြစ်ကြောင်းကိုတော့ ကျွန်တော် တာဝန်ယူနိုင်ပါသည်။

မေးသူတို့၏ အမည်များမှာ အရေးမကြီးလှ၍တစ်ကြောင်း၊ ကာယကံရှင်များကသဘောတူချင်မှ တူကြမည်ဖြစ်၍ တစ်ကြောင်း ချန်ထားခဲ့ပါသည်။

**အောင်သင်း**

mmcybermedia.com

**"ကိုဝင်းငြိမ်း ကင်ပွန်းတပ်လိုက်တဲ့'စာပေလူကြမ်းမင်းသား'ဆိုတဲ့နာမည်ကို ဆရာ့အနေနဲ့ နှစ်နှစ်ခြိုက်ခြိုက်လက်ခံတာလားဒါမှမဟုတ် အကြောင်းအားလျော်စွာ လက်ခံရတာမျိုးလားနှစ်နှစ်ခြိုက်ခြိုက်လက်ခံတာဆိုရင်ဘာကြောင့်လဲဆိုတာသိပါ ရစေ၊ စာပေပြဿနာရှင်တစ်ဦးဖြစ်တဲ့ကျွန်တော့်အနေနဲ့တော့ဆရာ့ကို စာပေမင်းသားအဖြစ်သာ မြင်ချင်ပါတယ်"**

"ကျွန်တော့်အပေါ် ဒီလိုခင်မင်တာသိရလို့ အလွန်ပဲဝမ်းသာကျေးဇူးတင်ပါတယ်၊ ကိုဝင်းငြိမ်းပြောတာလည်း အဲဒီ အချက်ပါပဲ၊ စာဖတ်ပရိသတ်အဖို့မှာ ကျွန်တော်ဟာ မင်းသားဖြစ်သော်လည်း ဝေဖန်ထိုးနက်ခြင်းခံရသူတွေ အဖို့မှာတော့ ကျွန်တော့်ကို လူကြမ်းဖြစ်နေတယ်၊ ဒါကြောင့် ဒီနာမည်ကို နှစ်ခြိုက်သလားလို့မေးရင် ကျွန်တော်လည်း မင်းသားဆိုတာကိုပဲ ကြိုက်တာပေါ့၊ လူကြမ်းကို ဘယ်မှာကြိုက်ပါ့မလဲ၊ သို့ပေမယ့် သူ ပြောတာဟုတ်နေလေတော့ လက်ခံရမှာပါပဲ"

---

**"စာရေးဆရာများနှင့်တွေ့ဆုံမေးခြင်းကဏ္ဍဟာစာပေကြိုးပိုင်းတည်ဆောက် ပေးပြီး စာရေးဆရာကြီးများကိုကလောင်လက်နက်နဲ့တိုက်ခိုက်ခိုင်းတာမျိုးဖြစ်နေ သလားဆရာ၊တချို့မေးခွန်းတွေကတော့စာပေပညာရပြီး တချို့မေးခွန်းတွေဟာတော့ အတို့အထောင်မေးခွန်းမျိုးတွေဖြစ်နေတာ တွေ့ရပါတယ်၊သို့အတွက် ဒီအင်တာဗျူး ကဏ္ဍ ရှိသင့် မရှိသင့် ဆရာ့အနေနှင့်ဘယ်လိုမြင်ပါသလဲ"**

"မေးလိုက်တဲ့ မေးခွန်းထဲမှာကိုပဲ မေးသူကိုယ်တိုင်က ဝန်ခံထားတာ တစ်ဝက်လောက် ပါနေပြီလို့ ဆိုနိုင်ပါတယ်၊ တချို့မေးခွန်းတွေအတွက်ကြောင့် စာပေပညာရတယ်ဆိုတဲ့အချက်ပါပဲ၊ အတို့အထောင်ဆိုတဲ့ စကားလုံးကိုသုံးတာ ဒီနေရာမှာ သိပ်ပြီးမသင့်လျော်ဘူးလို့ ထင်ပါတယ်၊ ဝင်းငြိမ်းမေးလိုက်ကာမှ ပဋိပက္ခပြဿနာ ပေါ်လာတာ မဟုတ်ပါဘူး၊ ပေါ်ပြီးသားပြဿနာကို ပိုပြီးရှင်းရှင်းလင်းလင်းသိရအောင် သူကဖော်ထုတ်ပေးလိုက်ခြင်းသာလျှင် ဖြစ်ပါတယ်၊ ဆိုပါစို့ ကာရန်မဲ့ ကဗျာပြဿနာ မျိုးတွေ၊ ပုံသဏ္ဍာန်ပြဿနာဆိုတာမျိုးတွေဟာ ကိုဝင်းငြိမ်းမမေးမီကတည်းက ကျွန်တော် နဲ့ စာရေး ဆရာတစ်ချို့ ငြင်းခုံနေကြတဲ့ ကိစ္စမျိုးတွေပါ၊ အင်တာဗျူးမေးတဲ့သူဟာ ကိုယ်တွေ့ဆုံမေးမြန်းသူနဲ့ ပတ်သတ်တဲ့ အကြောင်း အရာ ကိစ္စမျိုးတွေကို တတ်နိုင်သမျှ ကျေညက်အောင် လေ့လာထားရပါတယ်၊ သူ့ကိုလေ့လာထားသလို သူနဲ့အတိုက်အခံ ဖြစ်နေသူတွေရဲ့ အယူအဆကိုပါ သိအောင်ကြိုးစားထားရပါတယ်၊ အဲဒီလို ဟိုဘက်က ထောက်၊ ဒီဘက်ကထောက်လုပ်ပြီး တွေ့ဆုံသူဆီမှာ 'အင်တာဗျူးလုပ်နည်း' ဆိုတဲ့ စာအုပ်တစ်အုပ်ရှိပါတယ်၊ အဲဒီအထဲမှာဆိုရင် မခံချင်အောင်ဆွပေးပါ၊ ရေလာမြောင်းပေး နှိုက်ယူပါ၊ ဒေါကန်လာအောင် လုပ်ပေးပါ ဆိုတာမျိုးတွေတောင် ပါ,ပါတယ်၊ မေးမြန်းတဲ့ သူဟာ သူ့ကိုယ်ကျိုးအတွက် လုပ်တာမဟုတ်ဘူး၊ ပရိသတ်အတွက် လုပ်တာပါ၊ ကျွန်တော်နဲ့ တခြားစာရေးဆရာတစ်ယောက် အယူအဆကွဲနေတာကို ကိုဝင်းငြိမ်းက သတိပြုမိတယ်၊ ဒါကြောင့် သူက အဲဒီအချက်ကို ကောက်ပြီးမေးလိုက်တယ်၊ ပထမ တုန်းကတော့ အဲဒီလို ကွဲလွဲနေတာ သိပ်မသိသာဘူး၊ သူမေးလိုက်တော့မှ ပြူးတူးပြဲတဲ ဖြစ်လာအောင် ထင်ရှားလာတယ်၊ ဒါကြောင့် သူ့ကိုအတို့အထောင်လုပ်သူရယ်လို့ ဝိုင်းပြီး ပြောကြပါတယ်၊ စင်စစ် သူမမေးမီကကိုပဲ ရှိနေတဲ့ပြဿနာတွေပါ၊ သူမေးလိုက်လို့ ပေါ် လာတာမဟုတ်ဘူး၊ တွေ့ဆုံမေးမြန်းသူဆိုတာ အဲဒါမျိုးမှာ ကျွမ်းကျင်ရပါတယ်၊ သူကမေး တတ်မှ၊ နှိုက်နှိုက်ချွတ်ချွတ် မေးတတ်မှ ပရိသတ်မှာပိုပြီးအကျိုးရှိပါတယ်၊ ကိုယ်ရေးကိုယ် တာမျိုးတွေ မေးတာကတော့ သိပ်ပြီး အဓိပ္ပါယ်မရှိဘူးပေါ့၊ ဒါတောင်မှ ကျွန်တော်တို့

mmcybermedia.com

စာပေလောကအနေနဲ့သာ ပြောရတာပါ၊ ဟိုရုပ်ရှင်တို့၊ ဇာတ်သဘင်တို့မှာ ကျတော့ ပရိသတ်က အဲဒါမျိုးကိုပဲ စိတ်ဝင်စားချင် ဝင်စားနေကြတာကို၊ ဥပမာ ဇာတ်လိုက်မင်းသား ဘယ်သူဟာ စေ့စပ်ပြီးပြီဆိုတာ ဟုတ်ပါသလားတို့၊ ဇာတ်လိုက်မင်းသမီး ဘယ်သူဟာ မုန့်ဟင်းခါး သိပ်ကြိုက်တယ်ဆိုတာ ဟုတ်ပါသလား ဆိုတာမျိုးတွေပေါ့၊ ဒါက သူတို့လောကနဲ့ သူတို့ပရိသတ် ...

တွေ့ဆုံဆွေးနွေးခန်းကို စာပေကြိုးဝိုင်းကြီးအဖြစ်ပြောတာတော့ဖြင့် မသင့်ပါဘူး၊ ဒီကိစ္စမှာလည်း ကာတွန်းဆရာ အချို့ရဲ့ ပယောဂမကင်းပါဘူး၊ ကာတွန်းဆရာ တစ်ယောက်က အဲဒီသဘောမျိုးသက်ရောက်အောင် လက်ဝှေ့ကြိုးဝိုင်းကြီး သဖွယ်လုပ်ပြီး ရေးလိုက်တယ်၊ သူကတော့ 'ပေဖူးလွှာမဂ္ဂဇင်း' ကို၊ သို့မဟုတ် 'ဝင်းငြိမ်း' ကို လှမ်းပြီး တွယ်လိုက်တဲ့၊ စေတနာနဲ့ ရေးလိုက်တာ ဖြစ်ကောင်းဖြစ်မယ်၊ သို့ပေမယ့် အင်တာဗျူး ဆိုတာရဲ့ သဘောကိုမသိရာရောက်သွားတယ်၊ ပရိသတ်အမြင် မှားအောင် လုပ်လိုက် သလိုဖြစ်သွားတယ် ...

ကျွန်တော်က 'ပေဖူးလွှာ'ကို ဖြစ်စေ၊ 'ဝင်းငြိမ်း' ကိုဖြစ်စေ ကာကွယ်နေတာ မဟုတ်ပါဘူး၊ ကာကွယ်ဖို့တာဝန်လည်း မရှိပါဘူး၊ 'တွေ့ဆုံမေးမြန်းခြင်း' ဆိုတဲ့ ကဏ္ဍ ကိုသာ ကာကွယ်နေတာပါ၊ ဝင်းငြိမ်းမေးတာမြန်းတာတွေကြောင့် ပဋိပက္ခ ဖြစ်လာတယ် လို့ ထင်စရာဖြစ်စေဦးတော့ ဖြစ်လာစေဦးတော့ သူကတော့လုပ်ရမှာပဲ၊ အဲဒါသူ့လုပ်ငန်း ပါပဲ၊ အနောက်နိုင်ငံက မဂ္ဂဇင်းတွေမှာဆိုရင် အထူးသဖြင့်နိုင်ငံရေးခေါင်းဆောင်တွေကို ပဋိပက္ခ၊ အယူအဆတွေနဲ့ချည်းတိုက်ပြီး မေးကြတာပါပဲ၊ ကျွန်တော့်မှာ စာအုပ်တစ်အုပ် ရှိပါတယ်၊ အယူအဆချင်း သိပ်ပြီးမတူတဲ့ စာရေးဆရာ ၉ ယောက်ကို ရန်တိုက်ပြီး မေးထားတာလို့တောင် ဆိုနိုင်ပါတယ်၊ ကျွန်တော်တို့စာဖတ်သူတွေက တစ်ဖက်စကား သာမဟုတ်ဘဲ ဟိုဘက်ဒီဘက် အကျိုး အကြောင်းတွေကို ကြားရတော့ပိုကောင်းတယ်၊ ကိုယ်ကလည်း ကိုယ့်ဉာဏ်နဲ့ကိုယ် သုံးသပ်ကြည့်ပေါ့၊ တွေ့ဆုံမေးမြန်းသူဆို တာက အမှုလိုက်ကောင်းတဲ့ ရှေ့နေသဘောမျိုးဆိုရင် စာဖတ်သူက တရားသူကြီးသဘော မျိုးပါပဲ၊ ဒါကြောင့် ကျွန်တော်က တော့ 'တွေ့ဆုံမေးမြန်းခြင်း' ဆိုတဲ့ကဏ္ဍဟာ ရှိကိုရှိသင့်တယ်လို့ လက်ခံပါတယ်"

---

**"၁၉၈၇ ခု၊ ဒီဇင်ဘာလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွေ့ဆုံခန်းမှာ'ပန်းချီကို ဝေဖန် ရအောင် ကိုယ့်လူက ပန်းချီကျောင်း တက်ပြီး ပန်းချီရုပ်ကို သူများနည်းတူ မလုပ်တတ်လို့ ကာတွန်းဘက်ကိုပြောင်းလာတယ်ဆိုမဟုတ်လား' လို့ ဆိုထားပါတယ်၊ ထိုစကားရပ်ကို ထောက်ရှုခြင်းအားဖြင့် ယနေ့ ကာတွန်းဆရာအချို့ (ပန်းချီကျောင်းဆင်း) ပန်းချီကျောင်း မှာ အများထက် လက်ရာညံ့လို့ လွယ်ကူသော ကာတွန်းလိုင်းကိုပြောင်းရေးနေတယ်လို့ ဆရာအထင်ရှိနေပုံရပါတယ်..**

**"ထို့အတွက် ကာတွန်းသည် ပန်းချီထက် ပညာရပ်ပိုင်းဆိုင်ရာမှာ နိမ့်ကျ သယောင်၊ လွယ်ကူသယောင် ဆိုလိုရာ ရောက်နေပါတယ်၊ ဆရာ့အနေနဲ့ ဒီပညာရပ် နှစ်ခုကို ဘယ်လိုများကွဲပြားစွာနားလည်ထားပါသလဲဆိုတာကိုသိပါရစေ...**

**ပန်းချီပညာနဲ့ ကာတွန်းပညာ ဘယ်ပညာကပိုပြီး တန်ဖိုးရှိတယ်လို့ ဆရာ ယူဆပါသလဲ၊ပန်းချီပညာကပိုပြီးတန်ဖိုး ရှိတယ်လို့ဆရာက ယူဆနေပါသလား"**

"ကာတွန်းဆရာဖြစ်လာရတာ ပန်းချီကောင်းကောင်းမရေးတတ်လို့ ဆိုတာနဲ့ ပတ်သက်ပြီး ပထမဆုံးရှင်းပြချင်ပါတယ်၊ ဒီကိစ္စကို ပြောပြရရင် ကျွန်တော်အတော်လေး ရယ်ချင်မိပါတယ်၊ စာပေဝေဖန်ရေးလုပ်တာကို ကိုယ်တိုင်က ဝတ္ထုမရေးတတ်၊ ကဗျာ

mmcybermedia.com

မရေးတတ်ဘဲ ဝတ္ထုတွေ၊ ကဗျာတွေကို ဝေဖန်ရမလားရယ်လို့ တချို့စာရေးဆရာတွေက စကားတင်း ပြောကြပါတယ်၊ စာနဲ့ပေနဲ့တော့ တိတိကျကျမရေးကြပါဘူး၊ အဲဒါကို သံယောင်လိုက်အဟုတ်ထင်ပြီး ကာတွန်းဆရာတစ်ချို့ကလည်း ဝေဖန်ရေးကို လှောင်လိုက်ကြပါတယ်၊ အဲဒါကြောင့် ကာတွန်းဆရာတွေဟာလည်း ဘာမှမလုပ်တတ်ဘဲနဲ့ ဘေးကထိုင်ပြီးဝေဖန်နေ တာပဲလို့ ပြောရင်မဖြစ်နိုင်ဘူးလားလို့ မေးလိုက်တာပါ၊ အဲဒီမှာ ကျွန်တော်စကားလုံးသုံးတာကအစ သတိထားပြီးသုံးခဲ့ပါ တယ်၊ ပြန်ဖတ်ကြည့်ကြပါ၊ ကျွန်တော်ပြောခဲ့တာက 'ပန်းချီကိုဝေဖန်ရအောင် ကိုယ့်လူကပန်းချီကျောင်းတက်ပြီး ပန်းချီရုပ်ကို သူများနည်းတူ မလုပ်တတ်လို့ ကာတွန်းဘက်ကို လိုင်းပြောင်းလာတယ်ဆို မဟုတ်လား စသည်ဖြင့် ပြန်မေးစရာရှိပါတယ်၊ ဒါပေမယ့် သိနားလည်ကြတဲ့အားလျော်စွာ ဘယ်သူကမှမမေးကြပါဘူး' လို့ ပြောခဲ့ပါတယ်၊ ကျွန်တော်က 'ပြန်မေးစရာရှိပါ တယ်' လို့သာ ပြောတာပါ၊ ဆိုလိုတာက စာပေဝေဖန်ရေးလုပ်တဲ့သူကိုတော့ ဝတ္ထု၊ ကဗျာ မရေးတတ်ဘဲနဲ့ ဝေဖန်ရေးလုပ်ရမလားလို့ ပြောတယ်၊ ကာတွန်းဆရာတွေက ဂီတလောက၊ ဇာတ်သဘင်လောက၊ ပန်းချီလောကကို ဝေဖန်နေတာကျတော့ ဘယ်လိုပြောကြမလဲ ဆိုတာကို ပြန်ပြီးထောက်ပြလိုက်တဲ့ သဘောပါပဲ ...

ပန်းချီပညာက ကာတွန်းပညာထက်ပိုပြီး မြင့်တယ်၊ ဘာညာစသည်ဖြင့် မပြောပါဘူး၊ ဘယ်ဘက်မှာမဆို တကယ် ပေါက်မြောက်အောင်မြင်ဖို့ ဆိုတာကတော့ ခက်တာချည်းပါပဲ

ဘယ်ဟာကပိုပြီး တန်ဖိုးရှိသလဲဆိုတာနဲ့ ပတ်သက်လို့ကတော့ ဘာတန်ဖိုးကို ဆိုလိုတာလဲ၊ ပညာတန်ဖိုးလား၊ ငွေကြေးတန်ဖိုးလားလို့ ပြန်ပြီးမေးရပါလိမ့်မယ်၊ ငွေကြေးတန်ဖိုးအရဆိုရင်တော့ဖြင့် ဒေါ်လာသန်းပေါင်း ဘယ်ရွေ့ဘယ်မျှ တန်ဖိုးရှိတဲ့ ဘယ်ပန်းချီကားကြီးရယ်လို့ ကြားဖူးသော်လည်း ကာတွန်းကားနဲ့ ပတ်သက်လို့တော့ဖြင့် အဲဒါမျိုး မကြားဖူးသေး တာ အမှန်ပါပဲ”

---

**“ဝတ္ထု၊ ကဗျာ၊ ကာတွန်း အင်အားကြီးသုံးခုကိုဝေဖန်နေခြင်းဟာဆရာ နာမည်ကြီးချင်လို့ စစ်မျက်နှာဖွင့်ပြီးတိုက်ခိုက်နေခြင်းဖြစ်ပါသလား..**

**ကာတွန်းဆရာတွေကထိုးနက်နေခြင်းကိုဆရာ့အနေနှင့်ပြန်လည်ထိုးနက်ခြင်း မပြုသည်မှာကြောက်လို့လား၊သို့မဟုတ် ဘာကြောင့်ပါလဲ”**

“ကျွန်တော် ဝေဖန်ရေးကို လုပ်ခဲ့မိပုံအကြောင်းက တက္ကသိုလ်ကျောင်းဆရာဘဝမှာ ကိုယ်သင်ကြားခဲ့ရတဲ့ ဘာသာရပ်ကိုက စာပေဝေဖန်ရေး၊ ဝတ္ထု၊ ကဗျာ ဝေဖန်ရေးတွေကို လုပ်ခဲ့မိရာက အစပြုခဲ့ပါတယ် ဆိုတဲ့အကြောင်းကို ကျွန်တော် ပြောခဲ့ပြီးပါပြီ၊ တွေ့ဆုံခန်းကို ပြန်ပြီးဖတ်ကြည့်ရင် သိပါလိမ့်မယ်၊ နာမည်တော့ ကြီးချင်ကြတဲ့လူ များပါတယ်၊ ကျွန်တော်လည်း နာမည်ကြီးချင်တာပါပဲ၊ ဒါပေမယ့် ဒီပုံမျိုး ကြီးချင်တာ မဟုတ်ဘူးပေါ့၊ ကျွန်တော့်စိတ်ထဲမှာ မနေနိုင်မထိုင်နိုင် ဖြစ်တာ ကြောင့် ဝေဖန်ရေးကို ရေးလိုက်မိတာပါ၊ နာမည်ကြီးချင်လို့ရယ်တော့ မဟုတ်ရိုးအမှန်ပါ ...

ကာတွန်းဆရာတွေ ဝိုင်းဝန်းထိုးနက်တဲ့ကိစ္စကို မတုံ့ပြန်ခဲ့တာက ကြောက်လို့ရယ် မဟုတ်ပါဘူး၊ တုံ့ပြန်စရာ အကြောင်းအချက်ကို ဘာမှမရှိတာကြောင့်ပါပဲ၊ ကျွန်တော့်ကို ကော်ဆဲထားတာတွေချည်းပါပဲ၊ အမြီးတပ်လိုတပ်၊ တိရစ္ဆာန် လုပ်လိုလုပ်၊ အရူးလုပ်လို လုပ် ရေးထားတာတွေကို တွေ့သားပဲ၊ တကယ်ပြောတာပါ၊ ကျွန်တော့်ကိုဖြစ်စေ၊ ကျွန်တော့်အယူ အဆကိုဖြစ်စေ၊ ဘာတစ်ကွက်မှ ထိပါးနိုင်တယ်လို့ မယူဆမိပါဘူး၊ ဒါကြောင့် ဘာမှပြန်ပြီးမရေးတာပါ...

mmcybermedia.com

နောက်တစ်ခုရှိသေးတာက ကာတွန်းဆရာတချို့ ဒီလိုရေးကြတာနဲ့ ပတ်သက်ပြီး စာဖတ်ပရိသတ်တော်တော် များများက ကျွန်တော့်ကိုကြားထဲက အားနာကြပုံရပါတယ်၊ လှမ်းပြီး အားပေးတဲ့စာတွေ အတော်လေးရောက်ပါတယ်၊ တချို့ ပရိသတ်က ရေးလိုက်တဲ့စာတွေဟာ တော်တော့်ကိုပဲအဆင့်မြင့်ပါတယ်၊ လူပရိသတ်ထဲကသာမဟုတ်ဘဲ၊ ရဟန်းတော် တွေထဲကလည်း ပါ,ပါတယ်၊ အဲဒီဝေဖန်သုံးသပ်ထားတဲ့ စာတွေကို ကာတွန်းဆရာတစ်ယောက်ဆီ မိတ္တူပို့လိုက်ပါတယ်လို့ ရေးထားတာမျိုးတွေတောင် ရပါတယ်…

တချို့တလေ စာတွေကိုတော့ ကျေးဇူးတင်ကြောင်း စာပြန်နိုင်ခဲ့ပါသေးတယ်၊ အားလုံးကိုတော့ စာမပြန်နိုင်ခဲ့ပါဘူး၊ အဲဒီပုဂ္ဂိုလ်အားလုံးကိုတော့ တကယ်ကို ကျေးဇူးတင်မိပါတယ်”

……………………

**“ဆရာက ဆရာ့ကို ပုဂ္ဂိုလ်ရေးဆန်ဆန် လှောင်ပြောင်ရှုတ်ချပြီး ရေးလိုက်တဲ့ ကာတွန်းဆရာတချို့ကိုအသရေပျက် မှုနဲ့ တရားစွဲဖို့ပြင်ဆင်နေတယ်လို့ကြားရပါတယ်၊ ဟုတ်ပါသလား၊ ဒီမေးခွန်းကို မေးတာကတခြားကြောင့်မဟုတ်ပါဘူး၊ တရားစွဲမယ်ဆိုရင် ဆရာဟာခံနိုင်ရည်မရှိဘူးရယ်လို့ပြောစရာဖြစ်လာမှာစိုးရိမ်လို့ပါ..”**

“ဒီမေးခွန်းကိုတော့ ဟုတ်လည်းဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူးလို့ ဖြေရတော့မလိုဖြစ်နေတယ်၊ ဖြစ်ပုံက ဒီလိုပါ …

ကာတွန်းဆရာတွေ ကျွန်တော့်ကိုဝိုင်းဝန်းပြီး မတန်တဆရေးလိုက်ကြတာကို မခံချင်ဖြစ်ပြီး ‘ဝမ်းဇော်ဦး (ကူမဲ)’ ဆိုတဲ့ ကာတွန်းဆရာလေးတစ်ယောက်က ကာတွန်းတစ်ခုကိုရေးလိုက်တယ်၊ အဲဒါကိုပေဖူးလွှာမဂ္ဂဇင်းက ကောက်ထည့် လိုက်တယ်၊ ရေးထားတာက (ခင်ဗျားတို့လည်း တွေ့လိုက်ကြပါလိမ့်မယ်) ကာတွန်းရုပ်ကလေး ခုနစ်ရုပ်ကို မျက်မှန်နဲ့လူတစ်ယောက်က ‘ခင်ဗျားတို့က ဘာကြောင့်ဒီလောက်တောင် မခံနိုင်ဖြစ်နေရတာလဲ’ လို့မေးတယ်၊ ကာတွန်းလေး ခုနစ်ရုပ်က ‘မှန်နေလို့၊ မှန်နေလို့’ လို့ ပြန်ဖြေတယ်၊ သဘောကတော့ ကျွန်တော်ပြောတာတွေ မှန်နေလို့ အဲဒီကာတွန်းဆရာတစ်စုက မခံချင်ဖြစ်ကြတယ်ဆိုတဲ့ သဘောပေါ့လေ …

စကားဖြတ်ပြီး ပြောလိုက်ရဦးမယ်၊ အဲဒီကာတွန်းကိုတောင် ကျွန်တော်ကစီစဉ် အကြံပေးပြီး အရေးခိုင်းတာပါလို့ စကားတင်း ပြောကြပါသေးတယ်၊ အဲဒီစကားတင်းက ကျွန်တော့်အဖို့ ဘာမှအရေးမကြီးသော်လည်း ဟိုကာတွန်းဆရာလေး ရဲ့ ပင်ကိုအရည် အသွေးကို ထိပါးရာရောက်တာမို့ ရှင်းပြလိုက်ချင်ပါသေးတယ်…

ကျွန်တော်က ကူမဲမှာ စာပေဟောပြောခဲ့ဖူးပါတယ်၊ ပန်းချီရွှေစိုးဟန်တို့တစ်တွေ လာဖိတ်တာပါပဲ၊ ဒီတုန်းက ဝမ်းဇော်ဦးလည်း အဲဒီဝိုင်းဝန်းလုပ်ကိုင်တဲ့ ဝါသနာရှင်ပေါ့၊ ကျွန်တော်ကတော့ ဘယ်မှာမှတ်မိပါ့မလဲ၊ သူက မခံနိုင်ဖြစ်ပြီး ကာတွန်းရေး၊ ကာတွန်းရုပ်ပိုက်ပြီး မန္တလေးကဆင်းလာတာပါပဲ၊ သူက ကျွန်တော့်အိမ်ကိုမေးစမ်းပြီး ရောက်လာတယ်တဲ့၊ ကျွန်တော်နဲ့တော့ မတွေ့လိုက်ရပါဘူး၊ နောက်တော့ ပေဖူးလွှာထဲမှာ ပါလာတယ်၊ အဲဒီတော့မှ သူ့ကိုတွေ့ရတာ…

သူက အဲဒီကာတွန်းဆရာတွေကို မမြင်ဖူးဘူး၊ ဒီတော့သူတို့ရဲ့ ဇာတ်ကောင် ကာတွန်းရုပ်တွေကို ကူးရေးပြီး သူတို့ကိုယ်စား လုပ်ထားလိုက်တယ်၊ အဲဒါကို သူတို့ရဲ့

mmcybermedia.com

ကာတွန်းရုပ် (မူပိုင်ကာတွန်းရုပ်)ကို အသုံးပြုပါတယ်ဆိုပြီး ရှေ့နေတစ်ယောက်ဆီ ကတစ်ဆင့် နို့တစ်စာရောက်လာတာပါပဲ၊ သူတို့တီထွင်ထားတဲ့ မူပိုင်ကာတွန်းရုပ်ကို အသုံးပြုတဲ့အတွက် မဂ္ဂဇင်း၊ သတင်းစာ စသည်တို့မှ သူတို့ကျေနပ်အောင် တောင်းပန်ပါ၊ မတောင်းပန်ရင် တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ဝမ်းနည်းစွာအကြောင်း ကြားအပ်ပါသည်တဲ့၊ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ကာတွန်းဆရာ ဘယ်သူ ဘယ်ဝါဆိုတာတွေ နဲ့ အကျအနတရားဝင်ပေးလိုက်တဲ့ နို့တစ်စာပါပဲ...

အလားတူပဲ 'ပေဖူးလွှာမဂ္ဂဇင်း'ကိုလည်း နို့တစ်စာပေးလိုက်ပါတယ်၊ ပေဖူးလွှာ ကတော့ သူ့ကိစ္စသူလုပ်မှာပေ့ါ၊ ကျွန်တော်နဲ့ မဆိုင်ဘူးလို့ပဲ သဘောထားလိုက်ပါတယ်၊ ဟိုကာတွန်းဆရာလေး ဝမ်းဇော်ဦးကို နို့တစ်ပေးလိုက်တာကျတော့ ကျွန်တော်အတော် လေးကို ဒေါသဖြစ်သွားတယ်၊ တကတဲဗျာ၊ ကျွန်တော့်ကိုတော့ ဝိုင်းပြီးရေးလိုက်၊ က လော်လိုက်ကြတာ ရစရာကိုမရှိဘူး၊ ကျွန်တော်ကလည်း ဘာမှမပြောခဲ့ပါဘူး၊ သူတို့ ကာတွန်းရုပ်ကလေးကိုယူပြီး လှောင်လိုက်တော့ နာတတ် လိုက်ကြတာ ဆတ်ဆတ်ခါလို့၊ ဟိုကာတွန်းဆရာလေးက ဒီအရုပ်ကလေးတွေကို ယူသုံးပြီး ငွေရေးကြေးရေး လုပ်ကိုင် စားသောက်တယ် ဆိုရင်လည်းထားပါတော့၊ ဒါပေမယ့် သူ့ခမျာထိတ်တော့သွားရှာမှာပေ့ါ၊ ရှေ့နေဌားဟယ်၊ ဘာဟယ်နဲ့ ဇယား ရှုပ်လာတော့မှာကိုး...

ကျွန်တော်က အဲဒါနဲ့ စိတ်တိုပြီး ဒီလောက်တောင်ဖြစ်လှတာ ဝမ်းဇော်ဦးကို တရားစွဲရင် အဲဒီကာတွန်းဆရာတွေကို ကျွန်တော်က 'အသေရေပျက်မှုနဲ့' တရားစွဲမယ် ဆိုပြီး စီစဉ်တာပါပဲ၊ ကျွန်တော်ကိုယ်တိုင်က အထက်တန်းရှေ့နေစာမေးပွဲကို အောင်ပြီး သားဆိုသော်လည်း ဥပဒေတွေကို မေ့ကုန်ပြီ၊ ဒါနဲ့ တပည့်တွေနဲ့ တိုင်ပင်ကြည့်ရသေး တယ်၊ ဩော်ပြောရဦးမယ်၊ တက္ကသိုလ်မှာ ကျွန်တော်ကနစ်စဉ် ဥပဒေတန်းတွေကို မြန်မာစာသင်ပေးခဲ့ရတော့ တပည့်လွှတ်တော်ရှေ့နေတွေကလည်း အတော်များပါတယ်၊ သူတို့ကလည်း 'ချသာချ ဆရာ၊ ဘယ်လိုမှ မလွတ်နိုင်ဘူး၊ လျော်ကြေးတော့ နည်းနည်း လေး မလုပ်နဲ့ နော်၊ ကိုယ့်အဆင့် ကိုယ့်ဂုဏ်နဲ့ ထိုက်ထိုက်တန်တန်တောင်းလိုက် ဆရာရေ' လို့တောင်မှ မြှောက်ပေးလိုက်ကြသေးတယ်၊ ဒီကြားထဲမှာ ကျွန်တော်က နှုတ်ဆော့ပြီးမေးလိုက်မိသေးတယ်၊ 'ဟေ့ ... နေပါဦးကွ၊ ငါ့ဇာတိ တောင်တွင်းကြီးက နေပြီး တရားစွဲရင်လည်း ဖြစ်နိုင်မယ်ထင်တယ်' လို့၊ 'ဖြစ်တယ်ဆရာ၊ ဒီ စာအုပ်စာတမ်း ရောက်တဲ့ နေရာ ဘယ်နေရာကမဆို စွဲလို့ရတယ်၊ ဆရာ့ ဇာတိဒေသဆိုတော့ ဆရာ ဂုဏ်သရေကို ပျက်နွမ်းစေပါတယ်ဆိုရင် ပိုလို့တောင်သဘာဝကျသေးတယ်၊ အဲဒီ ကာတွန်းဆရာတွေပဲ တောင်တွင်းကြီးကို ရုံးချိန်းလာပေစေ့ပေ့ါဆရာ' ဘာညာနဲ့ ဝိုင်းပြီး ပြောပြကြတော့တာပါပဲ ...

နောက်တော့ ဘယ်လိုက ဘယ်လိုပြီးသွားတယ်မပြောတတ်ပါဘူး၊ ဝမ်းဇော်ဦး ကိုလည်း တရားမစွဲဖြစ်ကြပါဘူး၊ ပေဖူးလွှာကိုလည်း တရားမစွဲဖြစ်ကြပါဘူး၊ ဒီတော့ ကျွန်တော်လည်းဘာမှ မလုပ်ပါဘူး၊ ဒါကြောင့် တရားစွဲဖို့ စီစဉ်တာဟာ ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူးလို့ဖြေလိုက်ရတာပါပဲ ..."

.............

**"ဆရာနဲ့ ကာတွန်းဆရာတွေဖြစ်ကြတဲ့ပွဲမှာဘယ်သူက နိုင်တယ်လို့ယူဆပါသလဲ"**

"ကျွန်တော်လည်း မပြောတတ်ပါဘူး၊ နိုင်စေရှုံးစေရယ်လည်း မအောက်မေ့ပါဘူး၊ ကျွန်တော်ထင်ရာမြင်ရာလေးတွေ ကို တင်ပြလိုက်တာပါပဲ၊ ကြားထဲအမြတ်ထွက်သွား တာကတော့ ကာတွန်းဆရာအသစ်ကလေးတွေပါပဲ၊ သူတို့ ရေးချင် တာလေးတွေကို ရေးပြီးမဂ္ဂဇင်းလောကမှာ တိုးဝင်ဖို့ အပေါက်အလမ်းပွင့်သွားပါတယ်၊ ခင်ဗျားတို့တွေ့နေ

mmcybermedia.com

ကြတဲ့အတိုင်း တချို့ကာတွန်းဆရာလေးတွေဟာ အတော်လေး လက်စလက်နရှိတာကို တွေ့လာရပါတယ်၊ ဒါဟာ ကျွန်တော်တို့ စာဖတ်ပရိသတ် အတွက်လည်း အမြတ်ပဲလို့ ဆိုနိုင်လိမ့်မယ် ထင်ပါတယ်”

**အောင်သင်း**

**တွေ့ဆုံခန်း(နောက်ဆက်တွဲ)နှင့် ပတ်သက်၍...**

ဆရာအောင်သင်းသည် မြန်မာပြည်အနယ်နယ်အရပ်ရပ်သို့ စာပေဟောပြောပွဲ အထွက်ရဆုံးသော ဆရာတစ်ဦး ဖြစ်ကြောင်း သိကြပြီးဖြစ်ပါလိမ့်မည်။ စာပေဟောပြောပွဲ တိုင်းတွင် ‘ရေးသူဖတ်သူ’ ဆွေးနွေးပွဲအခန်းကဏ္ဍ ပါဝင်စမြဲဖြစ်ပါ သည်။ ယခုစာမူသည် မတ်လ၊ ၁၉၈၈ခုနှစ်၊ ဘိုကလေးမြို့နယ် စာပေဟောပြောပွဲမှ ‘ရေးသူဖတ်သူဆွေးနွေးပွဲ’ ကို အခြေခံ ပါသည်။

ဤစာမူကို ပြန်လည်တွေ့ရှိပုံကလည်း ထူးဆန်းပါသည်။ တစ်နေ့ ‘သရဖူ’ စာတည်းအဖွဲ့မှ အဖွဲ့ဝင်များ ဆရာအောင်သင်းအိမ်သို့ ရောက်ရှိခဲ့ပါသည်။ စာပေဟောပြောပွဲများအကြောင်း စပ်မိစပ်ရာပြောဆို ဖြစ်ခဲ့ပါသည်။ ထိုအချိန်က ဆရာအောင်သင်း အိမ်သစ်ဆောက်ပြီးခါစ ဖြစ်ပါသည်။ ဆရာအောင်သင်း၏ စာအုပ်စာတမ်းများသည် အပုံလိုက်၊ အစည်းလိုက် ပြန့်ကျဲနေသည်ကို တွေ့ခဲ့ရပါသည်။ စာအုပ်စင်၊ စာအုပ်ဗီရိုများထဲသို့ စနစ်တကျပြန်လည်နေရာ ချထားခြင်းမရှိသေးဟု ဆိုရပါမည်။ ထိုအခိုက် စာတည်းအဖွဲ့ဝင်တစ်ဦးက ဖိုင်တွဲတစ်တွဲထဲမှ စာမူတစ်ပုဒ်ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ပါသည်။ ၎င်းစာမူမှာ ဘိုကလေးမြို့နယ်၊ ရေးသူဖတ်သူများ၏ ဆွေးနွေးချက် မေးမြန်းချက်များကို ဆရာအောင်သင်း ပြန်လည်ဖြေကြား ရေးသားထားသော စာမူ ဖြစ်နေပါသည်။ ဆရာ့အား ထိုစာမူအကြောင်း မေးမြန်းကြည့်ရာ ပေဖူးလွှာမဂ္ဂဇင်းတွင် တွေ့ဆုံမေးခြင်းကဏ္ဍ ပြီးဆုံးချိန်နောက်ပိုင်းတွင် ဆက်လက်ဖော်ပြထည့်သွင်းရန် ရယ်ရွယ်ရင်းရှိကြောင်းကိုပါ ရှင်းပြပြောဆိုပါသည်။ သို့သော် မဖော်ပြဖြစ်ခဲ့ပါ။

သို့နှင့် စာမုဆိုးများပီပီ ဖော်ပြပါစာမူကို ‘သရဖူ’ မဂ္ဂဇင်းတွင် ဆက်လက်ဖော်ပြခွင့် ပြုပါရန် မဆိုင်းမတွ တောင်းခံခဲ့ပါ သည်။ ဆရာကလည်း ကြည်ဖြူစွာခွင့်ပြုခဲ့ပါသည်။ ဆရာအောင်သင်းအား သရဖူစာတည်းအဖွဲ့မှ လေးစားစွာ ဂုဏ်ပြုမှတ် တမ်းတင်ပါသည်။

စာကြွင်း။ ဆရာအောင်သင်း ဟောပြောခဲ့သော၊ ရေးသူဖတ်သူဆွေးနွေးပွဲ ပြုလုပ်ဖြစ်ခဲ့သော မြို့နယ်ပေါင်း မြောက်မြား စွာ ရှိသည့်အနက်၊ ဆရာအောင်သင်း စုဆောင်းထားသော မေးခွန်းများရှိနေပါသေးသည်။ အလျဉ်းသင့်လျှင် သရဖူမဂ္ဂဇင်းတွင် ဆက်လက်ဖြေဆိုရေးသားပေးပါရန်လည်း ဆရာအောင်သင်းအား မေတ္တာရပ်ခံခဲ့ပါသည်။

**(သရဖူစာတည်းအဖွဲ့)**

mmcybermedia.com